www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူ
ဦးမောင်မောင်မြင့်အေး
(မြဲ-၀၄၁၀၀)
လာဘ်မိုးငွေစာပေ
ပုံနှိပ်သူ
ဦးစည်သူကိုကို
(မြဲ-၁၀၉၈၁)
တော်ဝင်ထွန်းပုံနှိပ်တိုက်

BURMESE CLASSIC



| | |
|---|---|
| အုပ်ရေ | ၁၀၀၀အုပ် |
| တန်ဖိုး | ၁၃၀၀ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | ယမုံစိုး |
| ကွန်ပြူတာစာစီ | ဇာနည်ဇော် |
| မျက်နှာဖုံးဖလင် | EAGLE |
| အတွင်းဖလင် | ရာဇာမျိုးဝင်း |
| စာအုပ်ချုပ် | ဇာနည် |

ဖြန့်ချိရေး
**အရှေ့ဘက်ကောင်းကင်စာပေ**
အမှတ်(၂၈၄)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-[illegible]

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ



၁။ သံလက်ဝါး မဖဲဝါ ........................ ၅

၂။ မရဏာ ဆုံမှတ် ........................ ၃၅

၃။ ငနက်ကြီးရဲ့ဆရာ ........................ ၆၃

၄။ ကိုးသချိုင်း ပုဆိန် ........................ ၉၄

၅။ ရေမျောကမ်းတင် ........................ ၁၂၆

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# သံလက်ဝါး မဖဲဝါ

ကျုပ်အနေနဲ့ မဖဲဝါကို ပထမဆုံး စသိခဲ့တာက ခုနစ်တန်း ကျောင်းသားတုန်းက လေဗျာ။ ဟိုကောင်ဘထစ် ဟားတိုက်တော့ တလွဲတချော်တွေဖြစ်လို့ မဖဲဝါကိုခေါ်ပြီး အကူအညီတောင်းရတုန်း ကပေါ့။ မဖဲဝါကို ကျုပ် စပြီးမြင်ဖူးတာဗျ။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယတစ်ကြိမ် မြင်ရတာက ကျုပ်ရှစ်တန်းနှစ်မှာဗျ။ အဲဒါလည်း ဘထစ်ပဲဗျ။ ဒီကောင်ခေါ်လို့ ကျုပ် ပါသွားတာလေ။

ကျုပ် ဒီနေရာမှာ တစ်ခုတော့ ပြောရဦးမယ်။ ကျုပ်သူငယ်ချင်းဘထစ် ဘယ်လောက်စကားထစ်တယ်ဆိုတာကို 'သချိုင်းတစ်ရာမဖဲဝါ' မှာ ကျုပ် ပြောခဲ့ပြီးပြီမို့လား။ ဒီမှာတော့ ဘထစ်ရဲ့ ထစ်တဲ့လေသံနဲ့ ကျုပ်ရေးမပြတော့ဘူး။ ပုံမှန်လေသံနဲ့ပဲ ရေးပြတော့မယ်။ ဒါပေမဲ့ ဘထစ်က(ထစ် ထစ် ထစ် ထစ်)နဲ့ ပြောတယ်ဆိုတာကိုတော့ အားလုံးသိပြီးသားပဲဗျာ။

အဲဒီနေ့က ကျောင်းက မုန့်စားဆင်းတဲ့အချိန်မှာ ဘထစ် ကျုပ်ဆီ ရောက်လာတယ်။

"ဟေ့ကောင် တာတေ၊ မင်း ဒီည ငါတို့သုသာန်ကျောင်းမှာ လာအိပ်ပါလားကွ"

"ဟေ ဘာဖြစ်လို့လဲ ဘထစ်ရ၊ မင်းတို့ကျောင်းမှာ အလှူရှိလို့လား"

"မဟုတ်ဘူးကွ၊ အလှူမဟုတ်ဘူး၊ အရမ်းစိတ်ဝင်စားဖို့ကောင်းတဲ့ကိစ္စကြီးကွ"

ဘထစ်က ဘေးကိုလည်း တစ်ချက်လှည့်ကြည့်လိုက်သေးတယ်ဗျ။ သူများ မကြားအောင် လေသံကလည်း ခပ်တိုးတိုး ပြောတာဗျ။ ကျုပ်လည်း ဘထစ် အမူအယာကိုကြည့်ပြီး နည်းနည်းစိတ်ဝင်စားလာရောဗျို့။

"ဟေ့ကောင် ဘထစ်၊ မင်း ဘာမဟုတ်တာ လုပ်ဦးမလို့တုံး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မလုပ်ပါဘူးကွ၊ လူကြီးတွေ လုပ်ကြမှာပါ"

ကျုပ် အံ့ဩပြီး မေးလိုက်မိတယ်။ ဘထစ်က ကျုပ်ကို မျက်မှောင်ကြီးကျုတ်ပြီး ကြည့်နေတယ်ဗျ။

"ဟော့ကောင် တာတေ၊ မင်း သူများတွေပြောတာဆိုတာ နည်းနည်းမှ မကြားဘူးလား"

"ဟင် မကြားဘူးကွ၊ ဘာကိစ္စကို ပြောတာတုံး"

"အ,ပါ တာတေရာ၊ မြို့ထဲမှာ လူတွေပြောဆိုနေတာ မင်း မကြားဘူးလားကွ"

"ဟေအေး၊ ငါ တကယ်မကြားတာပါ၊ ဘထစ်ရာ"

"ဒီလိုကွ တာတေရ၊ အခု ဒီမြို့က တဖြည်းဖြည်း ချဲ့သွားတော့ သချိုင်းက မြို့လယ်မှာလို ဖြစ်နေတယ်မို့လား"

"အေး ဟုတ်တယ်ကွ"

"အဲဒါ သချိုင်းကြီး ရွှေ့တော့မှာကွ"

"ဟာ ဟုတ်လား၊ ဘယ်ကိုရွှေ့မှာတုံးကွ၊ ဘထစ်ရ"

"မြို့အနောက်ဘက်က ကညင်ပင်ကြီးနှစ်ပင်ရှိတဲ့ ကုန်းကို ကဲ့ကွ၊ အဲဒီမှာ ဇရပ်တောင် ဆောက်ပြီးပြီတဲ့ကွ"

"ဩော် ငါ သိပြီ၊ ကညင်ပင်အမြင့်ကြီးတွေရှိတဲ့ ကုန်းပေါ်၊ တော်တော်ကျယ်တာပဲ ဘထစ်ရ"

"အေး အဲဒါ ဒီညပြောင်းမှာတဲ့ကွ"

"ဟေ ဒီညပြောင်းမှာ၊ ဘယ်လိုတုံး ဘထစ်ရ၊ သချိုင်းပြောင်းတာက ဘာတွေသယ်စရာ ရှိနေလို့တုံး"

ကျုပ်စကားကို ကြားတော့ ဘထစ်က ကျုပ်ကို စိတ်မရှည်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ပုံနဲ့ ကြည့်တယ်ဗျ။

"ဟကောင် တာတေ သင်္ချိုင်းပြောင်းတယ်ဆိုတာ အဲဒီ သင်္ချိုင်းထဲက နာနာဘာဝတွေကို နေရာသစ်ကို အရင်ပြောင်းပေး ရတာကွ၊ အဲဒါပြီးမှ နေရာသစ်မှာ စပြီးသင်္ဂြိုဟ်ရတာ"

"ဩော် ဒီလိုလား၊ အဲဒါ ဒီညပြောင်းမှာလား"

"အေး ဟုတ်တယ်၊ အဲဒါကြောင့် မင်းကို ငါတို့ကျောင်းမှာ လာအိပ်ပြီး ကြည့်ခိုင်းတာကွ၊ ဒါမျိုးဆိုတာ အင်မတန်မှ ကြုံရခဲတာ၊ ကြုံတုန်း လာကြည့်ပါလား"

"အေးကွ ဘထစ်ရ၊ ငါ တော်တော်စိတ်ဝင်စားသွားပြီ၊ ဒီလိုလုပ်မယ်ကွာ၊ ငါကျောင်းဆင်းရင် အိမ်ပြန်မယ်၊ ပြီးရင် ငါ့ဘကြီး ကိုပြောပြီး ငါ စက်ဘီးနဲ့ လာခဲ့မယ်"

"ဟာ တာတေကလည်း မင်းဘကြီးကို သွားပြောလို့က တော့ လွှတ်မလားကွ"

ဘထစ်က ကျုပ်ကို အ,ရန်ကောဆိုတဲ့အကြည့်နဲ့ ကြည့်ပြီး ပြောတယ်ဗျ။

"ဘထစ်ရာ၊ ငါ အဲဒီလောက်တော့ မအပါဘူးကွာ၊ သူငယ် ချင်းတစ်ယောက်အိမ်မှာ သချ်ာသွားတွက်မယ်၊ အဲဒီသူငယ်ချင်း အိမ်မှာပဲ အိပ်မယ်လို့ ပြောရမှာပေါ့ကွ၊ လွှတ်ပါတယ်ကွ၊ ငါ အဆင် ပြေအောင်ပြောပြီး လာခဲ့မယ်ကွာ"

"အေး ဒါဆိုလည်း ပြီးရောကွာ၊ မင်း ဆက်ဆက်လာခဲ့၊ ငါ စောင့်နေမယ်"

"အေး စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းလို့ အိမ်ပြန်ရောက်တော့ ရေမိုးချိုးပြီး ညစာစားတယ်။ ကျုပ်ဘကြီးက လူပျို့ကြီးဆိုပေမယ့် ဟင်းချက်က လွတ်ကောင်းတာဗျ။ အဲဒီညနေက ဘကြီးချက်တဲ့ ဝက်သနီချက်ကလည်း ကောင်းပါ့ဗျာ။ ထမင်းစားရင်းပဲ ဘကြီးကို ကျုပ်ခွင့်တောင်းတယ်။ ဘကြီးကလည်း ကျုပ်ကို သွားဖို့ခွင့်ပြုပါတယ်။

ညမိုးချုပ်စကလေးရောက်တော့ ကျုပ် စက်ဘီးကလေးစီးပြီး ဘထစ်နေတဲ့ သုသာန်ကျောင်းကို ထွက်လာခဲ့တယ်။

*(ဘထစ်အကြောင်းကို သိချင်ရင်တော့ 'သချိုင်းတစ်ရာမဖဲဝါ' မှာ ဖတ်ကြည့်လိုက်ပါ။)*

သုသာန်ကျောင်းကိုရောက်တော့ မိုးတောင်ချုပ်နေပြီဗျ။ ကျောင်းအဝင် နတ်လမ်းဝကနေ ဘထစ်က ကျုပ်လာမယ့်လမ်းကို ထွက်မျှော်နေတာဗျ။

"မင်း လာမှလာပါ့မလားလို့ကွ"

"ဟာ ဘထစ်ကလည်း တာတေပါကွ၊ တာတေဆိုတဲ့ ကောင်က ဒါမျိုးကို ဘယ်မှာလက်လွှတ်ခံပါ့မလဲကွာ"

"အေး လာ၊ မင်းစက်ဘီးကို တွန်းခဲ့၊ ဟိုအုတ်လှေကားဘေးမှာ သော့ခတ်ထားလိုက်"

ကျုပ်ကလည်း ဘထစ်ပြောတဲ့အတိုင်း ဘကြီးဆီက ငှားလာတဲ့ ရက်ပ်လေးစက်ဘီးကလေးကို တွန်းယူလာပြီး ကျောင်းပေါ်တက်တဲ့ အုတ်လှေကားရဲ့ ဘေးဘက်မှာ အသာကပ်ပြီး စက်ဘီးကို သော့ခတ်ထားလိုက်တယ်။ ပြီးတော့ ဘထစ်ထိုင်နေတဲ့ နတ်လမ်းဘေးက အုတ်ထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲကွ ဘထစ်ရဲ့၊ ဘာတွေလုပ်နေကြပြီလဲ"

"မလုပ်ကြသေးဘူးကွ၊ သင်္ချိုင်းဇရပ်ပေါ်မှာတော့ ကန်တော့ပွဲတွေ ပြင်ထားပြီကွ"

"ကန်တော့ပွဲတွေက ဘာအတွက် လုပ်ရတာတုံးကွ"

"ဟာ တာတေကလည်း မြို့တစ်မြို့ရဲ့ အဓိကရ သင်္ချိုင်း တစ်ခု နေရာရွှေ့တာ၊ လွယ်လွယ်လုပ်လို့ ဘယ်ရမှာလဲကွ။ မြို့တော် ရှင်၊ နယ်တော်ရှင်တွေကို ကန်တော့ပွဲပေးပြီး အသိပေးရတာပေါ့။ ပြီးတော့ မဖဲဝါအတွက် ပွဲကိုတော့ ဟိုကြီးပင်ကြီးအောက်မှာ စားပွဲခုံ နဲ့ သေသေချာချာ ပြင်ထားတယ်။ ပြီးတော့ မဖဲဝါကို စားပွဲသောက် ပွဲတွေလည်း ကျကျနန ပေးထားတာကွ။ ငါ စောစောက တစ်ခေါက် သွားကြည့်ပြီးပြီ"

ဘထစ်နဲ့ ကျုပ်နဲ့ အုတ်ခုံကလေးမှာထိုင်ပြီး စကားပြောနေ လိုက်ကြတာ အချိန်တွေ ကုန်မှန်းတောင် မသိလိုက်ဘူး။ ည(၉)နာရီ တောင် ထိုးသွားပြီ။

"ဟော ကားသံတွေကွ၊ လာကြပြီထင်တယ်"

ဘထစ်ပြောလို့ ကျုပ် နားထောင်ကြည့်တယ်။ ဟုတ်တယ် ဗျို့၊ ကားသံတွေ ကြားရတယ်။ ဒီသင်္ချိုင်းဘက်ကို မောင်းလာတဲ့ အသံပဲ။

"ဟော့ကောင် ဘထစ်၊ နွားလှည်းတွေလည်း ပါတယ်ထင် တယ်ကွ၊ ငါ နွားခေါက်သံတွေပါ ကြားနေရတယ်"

ဘထစ်ကလည်း နားကလေးစွင့်ပြီး ခေါင်းညိတ်တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဟုတ်တယ် တာတေရေ့ နွားလှည်းတွေပါ ပါပုံရတယ်ကွ"

ကျုပ်တို့လည်း ထိုင်နေရာက ထလိုက်ပြီး ကျောင်းရှေ့ကို ထွက်လာခဲ့တယ်။ ကျောင်းပေါ်က ဦးပဥ္စင်းတွေရော၊ တခြား ကျောင်းသားတွေပါ ဆင်းလာကြပြီဗျို့။

ကျုပ်နဲ့ ဘထစ်လည်း ကျောင်းထဲကနေ အပြင်ကို ထွက် လာခဲ့တယ်ဗျ။

"ဟဲ့ကောင်လေး ဘချစ်၊ သချိုင်းထဲအထိ သွားမကြည့်နဲ့၊ ခပ်ဝေးဝေးကပဲကြည့်၊ ကြားလား"

ဦးပဥ္စင်းကြီးတစ်ပါးက ဘထစ်ကို လှမ်းပြောလိုက်တယ်။ ဘထစ်ရဲ့ နာမည်ရင်းက ဘချစ်လေဗျာ။ ဒီကောင် စကားထစ်လို့ ကျုပ်တို့က ဘထစ်လို့ ခေါ်ကြတာ။

"တင်ပါ့ဘုရား"

ဘထစ်က ဦးပဥ္စင်းကြီးကို လက်အုပ်ကလေးချီပြီး ပြန် လျှောက်လိုက်တယ်။ ပြီးတော့မှ ကျုပ်ဘက်ကိုလှည့်ပြီး. . .

"လာ တာတေ၊ ငါ ညနေကတည်းက နေရာကောင်းကောင်း ရွေးထားပြီးသားကွ၊ ကြီးပင်ကြီးရဲ့ တောင်ဘက်မှာ လယ်ဝန်မင်း ဦးလွင်ဆိုတဲ့ အဘိုးကြီးရဲ့ အုတ်ဂူကြီးက အကြီးကြီးကွ၊ ဘေးမှာလည်း သစ်ပင်တွေ ပေါက်နေတော့ မှောင်ရိပ်လည်းကျတယ်။ တို့ကို တော်ရုံ လူ မမြင်မှာမဟုတ်ဘူး၊ လာ ဇရပ်အရှေ့ဘက်က ကွေ့သွားမယ်"

"လူကတော့ မမြင်ဘူးပေါ့ ဘထစ်ရဲ့၊ သရဲကတော့ တို့ကို မြင်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ကျောထဲမှာ ကြက်သီးတွေ ဖျန်းခနဲ ထသွားတာနဲ့ ပြောလိုက်တယ်။

"မကြောက်ပါနဲ့ကွာ၊ ငါတစ်ယောက်လုံး ရှိပါတယ်ကွ"

ဘထစ်က ကျုပ်ကို အားပေးလိုက်တယ်ဗျ။

"အောင်မာ၊ မင်းကကော ဘာမို့လို့တုံး"

"ဟာ တာတေ၊ မင်း မေ့သွားပြီလား၊ ငါက မဖဲဝါကြီးနဲ့ သိတယ်လေကွာ"

"အေး ဟုတ်သားပဲ၊ တို့ကို သရဲတွေ တစ်ခုခုလုပ်ရင် မဖဲဝါကြီးက ကြည့်နေမှာ မဟုတ်ပါဘူး"

ဒီတော့မှ ကျုပ် စိတ်ထဲမှာ နည်းနည်းအေးသွားတယ်ဗျ။ ကျုပ်နဲ့ ဘထစ် ဘီစပ်တောကလေးအကွယ်ကနေ ဇရပ်ကိုပတ်ပြီး လာခဲ့တယ်။ မြယာပင်ကလေးတွေ ကျိုးတိုးကျဲတဲ ပေါက်နေတဲ့နား ကိုရောက်တော့ ဘထစ်က ပြောတယ်။

"ဟိုရှေ့က ဂူကိုပြောတာကွ၊ မန်ကျည်းပင်တွေအောက်မှာ တွေ့လား၊ လာ ငါတို့ အဲဒီကိုသွားမယ်"

ဟုတ်တော့ ဟုတ်သားပဲဗျ၊ တော်တော်ကြီးတာ။ ဘထစ်က အရင်ခုန်တက်တယ်။ ကျုပ်က သူ့နောက်က တက်လိုက်တယ်။ ဟုတ်သားဗျ။ သစ်ပင်အုပ်အုပ်ကလေးတွေရဲ့ အရိပ်အောက်မှာ ကျုပ်တို့ကို တော်ရုံလူတော့ မြင်ရမှာ မဟုတ်ဘူးဗျ။ ကောင်းကင်မှာ လကွေးကွေးကလေးပဲ ရှိတာဆိုတော့ သချိုင်းတစ်ခုလုံး မှုန်မှုန် ကလေးပဲဗျ။ ကြီးပင်ကြီးအောက်ကို ဘထစ်က လက်ညှိုးထိုးပြတယ်။ ဟုတ်ပါ့ဗျာ။ စားပွဲကြီးတစ်လုံး ချထားပြီး ကန်တော့ပွဲတစ်လုံးနဲ့ဖြင်



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်ဗျ။ ပြီးတော့ ဇလုံတွေ၊ ပန်းကန်တွေနဲ့ စားပွဲသောက်ပွဲကြီး ခင်းလို့ဗျို့။

"ဒါ မဖဲဝါအတွက်လားကွ"

"အေး ဟုတ်တယ် တာတေ၊ သချိုင်းရွှေ့တဲ့ကိစ္စက သူ မပါလို့ မရဘူးလေကွာ၊ သူ့ရဲ့ တစ္ဆေ၊ သရဲတွေကို သူ အမိန့်ပေးမှ ပြောင်းကြမှာကွ"

"ဟာ ဟုတ်လားကွ ဘထစ်ရ"

"လာပြီကွ တာတေရ၊ ကားတွေ ဝင်လာပြီ၊ တစ်စီး နှစ်စီး၊ သုံးစီး လော်လီကားကြီး သုံးစီးကွ၊ ဟာ နွားလှည်းတွေကတော့ အများကြီးကွ၊ တစ်၊ နှစ်၊ သုံး၊ လေး. . ."

ဘထစ်က လှည်းတွေကို လိုက်ပြီးရေနေတယ်။

"ဟာ ဆယ့်နှစ်စီးကွ တာတေရ"

ဟော ကားပေါ်ကလူတွေ ဆင်းလာပြီဗျို့။ စစ်ဗိုလ်တွေ လည်း ပါတယ်ဗျ။ ဟော ဒီလူစု ဘယ်ကိုသွားမှာပါလိမ့်။ ဟာ မဖဲဝါ ရဲ့ စားပွဲကို သွားတာဗျို့။ ဟော လူစုထဲက လူတစ်ယောက်က ရှေ့ကိုထွက်လာတယ်ဗျ။ အောင်မာ ဒီလူကြီးကို ကြည့်ရတာ သျှောင်ထုံးကြီးနဲ့၊ နှုတ်ခမ်းမွေးကားကြီးနဲ့ဗျ။ ဧကန္တတော့ ဒီလူကြီး က အထက်လမ်းဆရာကြီးတစ်ယောက် ထင်တယ်။

ဘထစ် ရွေးထားတဲ့နေရာက တော်တော်ကို ကောင်းတာ ဗျို့။ ဂူရှေ့မှာ မန်ကျည်းကိုင်းတွေ ညွတ်ကျနေရုံမကဘူး၊ ဘိစပ်ပင် အရှည်ကြီးတွေက ထိုးထိုးထောင်ထောင် ထွက်နေလို့ ဂူကို ကွယ်နေ ဘဗျ။ ကျုပ်တို့ကို မြင်ဖို့မလွယ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နဲ့ ဘထစ်လည်း လရောင်မှုန်ဝါးဝါးလေးအောက်က မြင်ကွင်းကို အားစိုက်ပြီး ကြည့်နေကြတာဗျို့။

"အဟမ်း၊ အဟမ်း"

ဟော ဟိုဆရာကြီး တစ်ခုခုပြောတော့မယ်ဗျို့၊ ချောင်းတွေဘာတွေဟန့်ပြီး လည်ချောင်းရှင်းနေပြီ။

"မဖဲဝါ၊ မဖဲဝါ၊ ကွင်းပိုင်ကြီးရဲ့နှမ မဖဲဝါ၊ သင်္ချိုင်းဇေ ကို အပိုင်စား ရထားပါတဲ့ မဖဲဝါ၊ သင်္ချိုင်းမြေမှာ မှီတွယ်နေထိုင်ကြတဲ့ သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ ဘီလူး၊ မြေဖုတ်တို့ရဲ့ အရှင်မ မဖဲဝါ ရောက်လေရာအရပ်က ဒီသင်္ချိုင်းမြေကို အမြန်ဆုံး ကြွခဲ့ပါ။ မြို့တော်ရှင်၊ နယ်တော်ရှင်တို့ရဲ့ ခွင့်ပြုချက်အရ ကျွန်ုပ် အထက်ဆရာ မောင်မြို့သာမှ ဖိတ်ခေါ်ပါသည်။ အမြန်သာ ကြွခဲ့ပါ၊ သင်္ချိုင်းရှင်မ မဖဲဝါခင်ဗျာ"

သျှောင်တစောင်းနဲ့ အထက်ဆရာ မောင်မြို့သာရဲ့ အသံဝါကြီးနဲ့ ဖိတ်ခေါ်သံက သင်္ချိုင်းမြေတစ်ခုလုံးကို လွှမ်းခြုံနေတော့တာဗျို့။

ဒီဆရာကြီးရဲ့ အသံကြီးကိုက စိတ်ချောက်ခြားစရာဗျာ။ စစ်ပိုလ်ကြီးတွေရော၊ အရပ်သားလူကြီးတွေပါ အသာရပ်ပြီး ငြိမ်နေကြတာဗျ။

ခဏနေတော့ ဘထစ်က ကျုပ်ကို လက်ကုတ်ပြီး ပြောတယ်ဗျ။

"ဟော့ကောင် တာတေ၊ မင်း အနံ့ရလား"

"ဟေ ဘာနံ့လဲကွ ဘထစ်"



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းရွှေရွှေ အနံ့ကြီးလေကွာ"

ဘထစ်က နှာခေါင်းလေး ပွစိပွစိလုပ်ပြီး ကျုပ်ကို ပြောတယ်ဗျ။ ကျုပ်လည်း သူ့လိုပဲ နှာခေါင်းလေး ပွစိပွစိလုပ်ပြီး အနံ့ခံကြည့်လိုက်ပါတယ်။

"ဟာ ဟုတ်တယ်ကွ ဘထစ်၊ စိမ်းရွှေရွှေအနံ့ကြီးကွ"

"အေး အဲဒါ မဖဲဝါ လာခါနီးရင် အနံ့ကြိုပေးလိုက်တာကွ၊ အဲဒီအနံ့ကြီးရရင် သချိုင်းထဲက သရဲတစ္ဆေတွေ တုပ်တုပ်တောင် မလှုပ်ရဲတော့ဘူးကွ တာတေရ"

"ဟင် ဟုတ်လား ဘထစ်၊ မင်း ဘယ်လိုလုပ်ပြီး သိတာတုံး"

"ဒါတွေ မေးမနေနဲ့ တာတေ၊ ငါသိလို့ပြောတာ"

ကျုပ်လည်း ဘထစ်ကို ဘာမှမပြောတော့ဘူးဗျ။

"သချိုင်းရှင် မဖဲဝါ၊ ရောက်လာပြီဆိုရင် မဖဲဝါအတွက် ပေးထားတဲ့ စားပွဲသောက်ပွဲကို သဘောရှိ စားပါ၊ သောက်ပါ မဖဲဝါ"

ဟော အထက်ဆရာကြီးလည်း ကျုပ်တို့ရတဲ့အနံ့ကို ရသွားတယ်ထင်တယ်ဗျ။ မဖဲဝါ ရောက်တော့မှာကို သိသွားပုံပဲ။

"ဟာ မဖဲဝါကြီး ရောက်နေပြီ တာတေ၊ စားပွဲတွေကို စိုက်ကြည့်နေတယ်ကွ"

ကျုပ်ဖြင့် ကြက်သီးတွေ ထလိုက်တာဗျာ။

"ဟော့ကောင် ဘထစ်၊ မင်း မြင်နေရလို့လား"

"ဟုတ်တယ် တာတေ၊ ငါ မြင်ရတယ်၊ ငါက မဖဲဝါတင်မကဘူး၊ တခြားတစ္ဆေ၊ သရဲတွေ အားလုံးကိုပါ မြင်ရတာ"

"ဟော၊ မင်း တကယ်ပြောတာလား၊ မင်း အရင်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ပြောမပြဖူးပါဘူး"

"ဒီအကြောင်းကို ဘယ်သူမှ မပြောရဘူးလို့ ဘဘုန်းက မှာထားလို့ကွ"

"ဘဘုန်းဆိုတာ မင်းရဲ့ ဆရာတော်လား"

"မဟုတ်ဘူး တာတေ၊ ငါ့ရဲ့ ဘဘုန်းက ပျံတော်မူသွားပြီ၊ ဒါကြောင့် ငါ့ကို သူ မပျံခင်မှာ ဒီဆရာတော်ဆီကို ပို့ပေးသွားတာ"

"ဩော် ဒါထက် မင်းက တစ္ဆေ သရဲတွေကို မွေးကတည်းက မြင်ရတာလား"

ကျုပ်က အရမ်းစိတ်ဝင်စားပြီး ဘထစ်ကို မေးလိုက်တယ်။ ဘထစ်က ခေါင်းခါပြတယ်ဗျ။

"ဘယ်ဟုတ်ရမှာလဲ တာတေရာ၊ မွေးကတည်းက မြင်တာ မဟုတ်ဘူး၊ ဘဘုန်းမပျံခင်မှာ ငါ့ကို ဆေးပေါက်ပေးတာကွ၊ အဲဒီမှာ တင် ဆေးအောင်သွားတယ်လို့ ဘဘုန်းက ပြောတာပဲ၊ တဖြည်းဖြည်း နဲ့ နာနာဘာဝကို ငါ မြင်လာရတာ"

"ဆေးပေါက်တယ်ဆိုတာ ဘာလုပ်တာတုံးကွ"

"ဟကောင်ရ၊ လူကြီးတွေ ပေါင်မှာ ထိုးကွင်းထိုးတာ မင်း မြင်ဖူးတယ်မို့လား၊ ကြေးစုတ်နဲ့ ထိုးတာလေ"

"အေး မြင်ဖူးတာပေါ့ကွ"

"အဲဒီလို ကြေးစုတ်နဲ့ ဆေးပေါက်တာကို ပြောတာကွ၊ ဟောဒီမျက်ခွံနဲ့ မျက်ခမ်းလေးတွေမှာ ပေါက်တဲ့ဆေးတွေက စွမ်း သွားတာကွ၊ ဒါကြောင့် ငါ ဒါတွေမြင်ရတာ"

"ဟာ မင်း အဲဒါတွေ မြင်နေရတော့ မကြောက်ဘူးလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"မြင်ခါစတုန်းကတော့ ကြောက်တာပေါ့ကွ၊ နောက်တော့လည်း ရိုးသွားတာပါပဲကွာ"

"ဒီအကြောင်းကို ငါ အခုမှသိတာ၊ မင်းကလည်း အင်မတန်ပါးစပ်လုံတဲ့ကောင်ပဲ"

"အခုတော င် မင်းကို ငါ လုပ်ပေးစရာရှိလို့ ဒီအကြောင်းပြောပြတာကွ"

"ဟေ ငါ့ကို ဘာလုပ်ပေးမှာတုံး"

"မင်း ငါ မြင်သလို မြင်ကြည့်ချင်လား၊ ကြောက်သလား"

"ဟေ အဲဒီလို လုပ်ပေးလို့ရလို့လား ဘထွစ်"

"ငါမေးတာ မင်းဖြေလေ တာတေရာ၊ မင်း ကြည့်ချင်သလား"

"ဟာ ကြည့်ချင်တာပေါ့ကွာ၊ ငါ မကြောက်ပါဘူး၊ ကြည့်ချင်တာပေါ့"

"အေး ကောင်းပြီ၊ မင်းလက်ဖဝါးနဲ့ ငါ့လက်ဖဝါးနဲ့ကပ်ပြီးဆုပ်လိုက်၊ အေး ဟုတ်ပြီ၊ မင်းမျက်စိ ခဏမှိတ်ထား"

ကျုပ်ကလည်း ထူးဆန်းတာမှန်သမျှ သိပ်စမ်းသပ်ချင်တာဆိုတော့ ဘထစ် ခိုင်းတဲ့အတိုင်း လုပ်တာပေါ့ဗျာ။

"ဆေးစောင့်ကြီး၊ ကျုပ် မြင်သလို ကျုပ်သူငယ်ချင်းတာတေက မြင်ချင်လို့တဲ့၊ သူ့ကို ဒီတစ်ည မြင်အောင် ကျုပ်ဆီကဆေးကို ကူးပေးလိုက်ပါဗျာ"

ကျုပ်တစ်ကိုယ်လုံး ပူခနဲ ဖြစ်သွားတယ်ဗျ။ ပြီးတော့မျက်လုံးတွေက လှုပ်ခနဲဖြစ်သွားတယ်။ ကျုပ်နှာခေါင်းထဲမှာ အနံ့



www.burmeseclassic.com

www.burmeseclassic.com



သင်းသင်းကလေး မွှေးသွားတယ်။ ကတိုးနံ့လိုလိုပဲဗျ။

"မွှေးလား တာတေ"

"အေး မွှေးတယ်ကွ"

"ကဲ ဒါဆိုရင် ရပြီ၊ မင်းမျက်စိကို ဖြည်းဖြည်းဖွင့်၊ မင်း မကြောက်နဲ့နော်၊ ငါလက်ကိုလည်းဆုပ်ထား၊ မဖြုတ်လိုက်နဲ့"

"အေးပါကွ၊ ငါ မကြောက်ပါဘူး ဘထစ်ရ"

ကျုပ်က မျက်စိကို ဖြည်းဖြည်းဖွင့်လိုက်တယ်။

"ကြည့် ကြည့်၊ ဟိုလူကြီးတွေဘက်ကို လှမ်းကြည့်"

ဘထစ်ပြောတဲ့အတိုင်း ကျုပ်ကြည့်တယ်။

"ဟာ ဘထစ်၊ ဟိုမှာစားသောက်နေတာ မဖဲဝါကြီးလားကွ"

"အေးလေ၊ အဲဒါ မဖဲဝါကြီးပေါ့ကွ၊ မင်း ကြောက်လား"

"ဟာ မကြောက်ပါဘူးကွ"

မဖဲဝါက အရပ်အရှည်ကြီးဗျ။ ကျုပ်စိတ်ထင် ဆယ်ပေ လောက်ရှိမယ် ထင်တာပဲဗျာ။ ဆံပင်က ဖားလျားကြီး ချထားတယ် ဗျ။ ရှေးခေတ်က အဝတ်အစားမျိုး ဝတ်ထားတာဗျို့။ ခါးတောင် အကျီဗျ။ ထမီက ထိုင်မသိမ်းထမီ။ မျက်ငုံးနီနီကြီးတွေနဲ့ လူတွေကို လိုက်ကြည့်ရင်း ထမင်းတွေ ဟင်းတွေကို စားနေတာဗျို့။

အထက်ဆရာကြီး ဦးမြို့သာကလည်း အကင်းတော့ ပါး သားဗျ။ မဖဲဝါကို သူ မမြင်ရပေမယ့် ထမင်းတွေ ဟင်းတွေ လျော့ သွားတာကို သတိထားမိပြီး သူ့ဘေးက စစ်ဗိုလ်ကြီးကို လက်တို့ပြီး အချက်ပေးနေတယ်ဗျ။

ဟော စစ်ဗိုလ်ကြီးကလည်း စာရွက်တစ်ရွက်ကို ကမျာ



www.burmeseclassic.com

www.burmeseclassic.com



ကယာဖြန့်ပြီး အသံကျယ်ကျယ်နဲ့ ဖတ်တယ်ဗျို့။ မဖဲဝါကြီးကတော့ စားရင်းသောက်ရင်း နားထောင်နေသဗျ။

"သချိုင်းစောင့် မဖဲဝါ သိစေရန်၊ နိုင်ငံတော်ရဲ့ လေထု၊ ရေထု၊ မြေထု အားလုံးကို ပိုင်ဆိုင်တဲ့ အစိုးရမင်းကနေ ဒီအမိန့်ပြန်တမ်းကို ထုတ်လိုက်တယ်။

ဒီသချိုင်းမြေဟာ တဖြည်းဖြည်း ကျယ်ပြန့်လာတဲ့မြို့ရဲ့ အလယ်မှာ ရောက်နေတာကြောင့် သချိုင်းမြေ ရှိသင့်တဲ့ မြို့စွန်ရွာစွန်သို့ ပြောင်းရွှေ့ရမှာ ဖြစ်တယ်။ ဒါကြောင့် ဒီသချိုင်းမြေမှာ မှီတင်းနေထိုင်ကြတဲ့ သရဲ၊ တစ္ဆေ၊ ပြိတ္တာ၊ မြေဖုတ်၊ ဘီလူးမှစပြီး နာနာဘာဝအားလုံး အခုချက်ချင်း သချိုင်းမြေအသစ်နေရာကို ပြောင်းနေထိုင်ကြစေ၊ အစိုးရမင်းရဲ့ တစ်ချက်လွှတ် အမိန့်တော်။ နာနာဘာဝအားလုံး တစ်ကောင်မကျန် ပြောင်းရွှေ့စေဖို့ သချိုင်းစောင့် မဖဲဝါက တာဝန်ယူရမယ်။ အမိန့်တော်"

စစ်ဗိုလ်ကြီးရဲ့ အောင်မြင်တဲ့အသံနဲ့ အမိန့်ပြန်တမ်းကို ဖတ်လိုက်ပြီးတော့ အထက်ဆရာ ဦးမြို့သာက ပြောပြန်တယ်ဗျ။

"သချိုင်းရှင်မ မဖဲဝါ၊ ကျုပ်တို့ကို အကူအညီပေးဖို့ မေတ္တာရပ်ပါတယ်။ စားပါ၊ သောက်ပါ မဖဲဝါ၊ အားလုံးရပါ့ရ စားပါဗျာ။ ကဲ ဗိုလ်ကြီးတို့ ကားတွေ ခေါင်းလှည့်ထားကြ၊ နွားလှည်းတွေရောပေါ့"

ဆရာဦးမြို့သာက သတိပေးလိုက်တော့ စစ်ဗိုလ်တစ်ယောက်နဲ့ အရပ်ဝတ်လူကြီးသုံးလေးယောက် ကားတွေနဲ့ နွားလှည်းတွေကို ခေါင်းလှည့်ဖို့ ပြောကြဆိုကြ၊ ကားစက်နှိုးကြနဲ့ သချိုင်းထဲမှာ ဆူညံညံတွေ ဖြစ်လာရောဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ဟော မဖဲဝါကြီးက စားသောက်ပြီး ရေသောက်တယ်။ ပြီးတော့ လက်တွေဘာတွေ ဆေးလို့ဗျ။ ဟာ စားပွဲပေါ်မှာ ထွန်းထားတဲ့ ဖယောင်းတိုင်က မီးတောက်တွေ အမြင့်ကြီး ထတောက်ပြီဗျို့။ မဖဲဝါက ဆံပင်ဖားလျားကြီးနဲ့ ခေါင်းကိုမော့ပြီး ဘာတွေ ပြောနေတယ် မသိဘူးဗျ။

ဆရာဦးမြို့သာကတော့ တော်တော်ကို အကင်းပါးတဲ့သူဗျ။ အခြေအနေကို သူ အကဲခတ်တယ်။ ဖယောင်းတိုင် မီးတောက်ကြီးတွေ အမြင့်ကြီး ထတောက်တာ တွေ့ကတည်းက သူ့လူတွေကို ခေါ်ပြီး အုတ်ဇရပ်ကလေးဘက်ကို ထွက်သွားရောဗျို့။

အို အို ထွက်လာလိုက်ကြတာ။ နည်းနည်းနောနောမှ မဟုတ်တာဘဲ။ ဒီသချိုင်းမှာ တစ္ဆေ သရဲတွေ ဒီလောက်များလိမ့်မယ်လို့ ကျုပ် တစ်ခါမှ တွေးမကြည့်မိပါဘူးဗျာ။

"ဟော့ကောင် တာတေ တွေ့လား၊ အများကြီးပဲကွ"

"အေးလေ၊ ငါ အဲဒါကို အံ့သြနေတာကွ၊ ဟာ ဟိုကောင်က ခေါင်းကြီး အကြီးကြီးပါလားကွ၊ ဟာ ဟိုတစ်ကောင်က နားရွက်ကြီး အကြီးကြီးပဲ ဘထစ်ရေ"

"အေး ဟုတ်တယ်၊ မင်း ကြည့်နေ၊ ကြည့်နေ၊ လျှာကြီး အရှည်ကြီးနဲ့ ပါးစပ်ပြဲပြဲကောင်ကြီးတစ်ကောင် ရှိတယ်ကွ၊ လာလိမ့်မယ်"

"ဟင် ဟုတ်လား ဘထစ်၊ မင်းတွေ့ဖူးတာပေါ့ ဟုတ်လား"

"အေး ငါ အဲဒီကောင်ကြီးကို ခဏ ခဏ တွေ့ဖူးတယ်ကွ၊ သူ့လျှာက အရှည်ကြီးဆိုတော့ လိပ်တောင်ထားရတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဖြင့် ကြွက်သီးတွေ ထလိုက်တာဗျာ။ တဖြန်းဖြန်း ဖြစ်နေတာပဲ။

"အားလုံးဆိုရင် နှစ်ရာလောက်ရှိမယ် ထင်တယ်ကွ ဘထစ်ရ"

"ငါ့စိတ်ထင်တော့ မကဘူး ထင်တယ်ကွ၊ ကျော်လိမ့်မယ် ထင်တယ်၊ ဟာ ကြည့်စမ်း တာတော့၊ မဖဲဝါကြီး ဒေါသဖြစ်နေတဲ့ ပုံကွ၊ ဘာကို မကျေနပ်တယ် မသိဘူး"

သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာတွေ နှစ်ရာကျော်လောက် မဖဲဝါကြီးရှေ့က ကွက်မှာ အားလုံးငုတ်တုတ်ကလေးတွေ ထိုင်နေကြတယ်ဗျ။ မျက်လုံးနီနီကြီးတွေနဲ့ ဟိုကြည့် သည်ကြည့် လိုက်ကြည့်နေတယ်ဗျ။ မဖဲဝါကြီးက တစ်ကောင်ချင်း လိုက်ကြည့်တယ်။

"ဝူး၊ ဝူး၊ အီး"

ဟာ၊ မဖဲဝါ အော်လိုက်တဲ့ အသံကြီးက တကယ်ကိုကြောက်စရာကြီးဗျာ။ ဟိုအကောင်တွေ ငြိမ်ကျသွားရောဗျို့။ တစ်ကောင်မှ ကို မလှုပ်ရဲတော့ဘူး။ မဖဲဝါက သူ့ခေါင်းကြီးကို တအားခါရမ်းလိုက်တယ်ဗျ။ ဆံပင်ဖားလျားကြီးက ဘေးကို ဝေ့ခနဲ ဝိုက်ခနဲ လွင့်သွားတာပေါ့ဗျာ။

"အီး၊ ဝူး"

ခေါင်းကြီးအပေါ်ကိုမော့ပြီး အော်လိုက်တာ ကျုပ်ဖြင့် နားကွဲမတတ်ပါပဲဗျာ။ ဘထစ်ကို ကြည့်လိုက်တော့ အေးအေးဆေးဆေးပဲဗျ။ မဖဲဝါကို ကြည့်နေတယ်။

ဟာ၊ အကောင်ကြီးတွေဗျို့။ နည်းတာကြီးတွေ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကရောက်လာတယ် မသိဘူးဗျာ။ ဘွားခနဲ ပေါ်လာတာ။ လေးယောက်ဗျ။ လက်ထဲမှာ တင်းပုတ်ကြီးတွေကိုင်တဲ့သူက ကိုင်ပြီး ဆူးလိပ်ကြီးတွေ ကိုင်တဲ့သူက ကိုင်ထားတယ်။

"ဝူး၊ အီး၊ အီး"

မဖဲဝါက ဘာပြောလိုက်သလဲတော့ မသိဘူးဗျ။ ဟိုကောင်ကြီးလေးကောင် သချိုင်းထဲကို ဝင်သွားတော့တာပဲ။ ခဏနေတော့-

"အား အား"

"အီး၊ အီး၊ ဝူး၊ ဝူး"

ဆိုတဲ့ အော်သံကြီးတွေ သချိုင်းကြီးထဲက ဆက်လာတော့တာပဲဗျာ။ မဖဲဝါက ခါးကြီးထောက်ပြီး အသံတွေကို နားထောင်နေတယ်ဗျ။

ဟော လာပြီဗျို့။ လာပြီ။ လက်စသတ်တော့ သချိုင်းပြောင်းတာကို မကျေနပ်တဲ့ ကောင်တွေက ထွက်မလာဘဲ ပေနေတာကိုးဗျ။

"ဘုန်း"

"အီး"

ဟာ၊ ခုနရောက်လာတဲ့ တင်းပုတ်နဲ့ကောင်ကြီးတစ်ကောင်က ခေါ်ထုတ်လာတာဗျို့။

"ဟာ ဘထစ်၊ ဒါ မင်းပြောတဲ့ လျှာလိပ်ကောင်ကြီး မဟုတ်လားကွ"

"အေး ဟုတ်တယ်ကွ တာတေ၊ ဟောဒီကောင် ရှေ့ဆော်ကြီး ဖြည်ချလိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်သားပဲကွ၊ လျှာကြီးက မြေကြီးနားတောင် ရောက်တာပဲ၊ ကြောက်စရာကြီးပါလားကွာ"

ခေါ်သွားပြီဗျို့။ တင်းပုတ်နဲ့ကောင်က တင်းပုတ်နဲ့ တဘုန်းဘုန်းထုပြီး မဖဲဝါကြီးရှေ့ကို ခေါ်သွားတယ်ဗျ။ မဖဲဝါကြီးက လျှာလိပ်ကြီးကို မျက်လုံးနီနီကြီးတွေနဲ့ စိုက်ကြည့်နေတယ်။ ဟော မဖဲဝါရဲ့ လက်ကြီးတစ်ဖက်အပေါ်ကို မြောက်တက်သွားပြီဗျို့။ ဟာ ရိုက်ပြီ။

"ဘုန်း"

"အား"

လျှာလိပ်ကြီးရဲ့ ကျောကုန်းကို 'ဘုန်း'ခနဲမြည်အောင် ရိုက်ချလိုက်တာဗျာ။ မဖဲဝါရှေ့မှာ ဒူးမထောက်ဘဲ တောင့်တောင့်ကြီး လုပ်နေတဲ့ လျှာလိပ်ကြီးတော့ 'အား'ခနဲအော်ပြီး ဒူးကြီးထောက်ကျ သွားပြီဗျို့။

"ပြင်းလိုက်တဲ့ ရိုက်ချက်ကွာ၊ သံလက်ဝါးကြီးနဲ့ ရိုက်လိုက် သလားလို့တောင် ထင်ရတယ် ဘထစ်ရာ"

"ဟုတ်ပါ့ကွာ၊ လျှာလိပ်ကြီးဆိုတာ တစ်ချက်တည်း ဒူးတုပ် ကျသွားတာပဲ၊ ဟာ ဟိုမှာ ဟိုမှာ နောက်တစ်ကောင် ခေါ်လာပြန် ပြီဟေ့"

ဘထစ်ပြောတော့မှ ကျုပ် ကပျာကယာ လှမ်းကြည့်မိ တယ်ဗျ။ ဟာ တစ်ကိုယ်လုံး မည်းနက်နေတဲ့ အကောင်ကြီးဗျို့။ အရပ်ကြီးကလည်း အမြင့်ကြီးဗျ။

မဖဲဝါရှေ့ကိုရောက်တာတောင် ဒီမည်းနေတဲ့ကောင်က



www.burmeseclassic.com

www.burmeseclassic.com



ဒူးမထောက်သေးဘူးဗျ။ မဖဲဝါကို စူးစူးကြီး ကြည့်နေတယ်ဗျို့။

"အား အူး ဝူး"

ဟော ဒီကောင်ကြီးက ဒူးမထောက်တဲ့အပြင် မဖဲဝါကို တောင် ခံအော်လိုက်သေးတယ်ဗျ။

"ဘုန်း"

"အီး၊ အား"

ဟာ မြန်လိုက်တဲ့ ရိုက်ချက်။ တကယ့်သံလက်ဝါးကြီးပါပဲ ဗျာ။ မည်းမည်းနက်နက်ကောင်ကြီးတော့ မဖဲဝါကြီးရှေ့မှာ ဒူးကြီး ထောက်လျက်ကြီး ငြိမ်သွားပြီဗျို့။ မဖဲဝါက ခါးကြီးထောက်ပြီး သချိုင်းထဲကို လှမ်းကြည့်နေတယ်ဗျ။

"ဟော လာပြန်ပြီဟေ့၊ ဒီတစ်ခါတော့ ဆံပင်အရှည်ကြီးနဲ့ ကွ တာတေရ၊ ဘာကောင်လဲတော့ မသိဘူးကွ၊ ဟာ ဒီကောင်ကြီးကို ငါ မြင်ဖူးတယ်ကွ၊ နားရွက်အကြီးကြီးနဲ့ကွ"

"ဟာ ဟုတ်သားပဲကွ၊ ဆံပင်ရှည်ကြီးအောက်မှာ နားရွက် ကြီးကွ၊ ဟာ ကြာဖက်ကြီးတစ်ရွက်လောက် ရှိတာကွ၊ ဟာ မျက်လုံး ကြီးတွေကလည်း ပြူးကျယ်နေတာပဲဟေ့၊ ကြောက်စရာကြီးပါလား ဘထစ်ရာ"

"အေး ဟုတ်တယ်၊ ဒီကောင်ကြီးက တော်တော်ကို ကြမ်း တမ်းတဲ့ပုံကွ။ ဒီသချိုင်းထဲမှာ ငါ သူ့ကို အကြောက်ဆုံးပဲ"

"ဒါဆို မင်း ဒီသရဲတွေကို အရင်ကတည်းက တွေ့ဖူးနေ တာပေါ့ ဘထစ် ဟုတ်လား"

"ဩော် တွေ့ပါတယ်ဆို တာတေရာ၊ အခု မင်းအိုတောင်



www.burmeseclassic.com

www.burmeseclassic.com



အမြင်ကူးပေးထားလို့ မင်းပါ မြင်နေရတာမို့လား"

"အေး ဒါပေမဲ့ မင်း ငါ့ကို ကိုင်ထားတဲ့လက် လွှတ်လိုက်တာနဲ့ ငါ့အမြင်တွေက ပျောက်သွားမှာကွ၊ မင်းကတော့ ဒါတွေကို အမြဲဆက်ပြီး မြင်နေရမှာပေါ့ ဟုတ်လား ဘထစ်"

"ဟုတ်တယ် တာတေ၊ ဒါပေမဲ့ ဒီအကြောင်းကို မင်း ဘယ်သူ့ကိုမှ ပြန်မပြောနဲ့နော်"

"ဟာ ဒါတော့ စိတ်ချပါ ဘထစ်ရာ၊ ငါ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူး"

"အေး၊ ငါ မင်းကို ယုံပါတယ်ကွာ၊ ဟော ဟိုမှာကြည့် တာတေ၊ နွားကားကြီးက မဖဲဝါကို ခါးကြီးထောက်ပြီး အာခံနေတာကွ တွေ့လား၊ မဖဲဝါ တော်တော်ဒေါသဖြစ်နေပြီကွ"

"ဟာ ဆော်ပြီပေါ့"

ကျုပ်နဲ့ ဘထစ် ကြည့်နေတုန်းမှာပဲ မဖဲဝါက နွားကားကြီးရဲ့နွားရွက်တစ်ဖက်ကို ဆတ်ခနဲဆွဲပြီး နွားကားကြီးရဲ့ကျောကို သူ့ရဲ့ သံလိုမာကျောတဲ့ လက်ဝါးကြီးနဲ့ လွှဲရိုက်လိုက်တာဗျို့။

"ဘုန်း"

တစ်ချက်။

"ဘုန်း"

နောက်တစ်ချက်။

"ဘုန်း"

နောက်တစ်ချက်။

သုံးချက်တောင် ဆက်တိုက်ရိုက်တာဗျို့။ သွားပြီ မဖဲဝါရဲ့


www.burmeseclassic.com

www.burmeseclassic.com



သံလက်ဝါးရိုက်ချက်ကို နားကားကြီး မခံနိုင်တော့ဘူးဗျ။ ဒူးကြီးထောက်ပြီး ခေါင်းကြီး ငိုက်စိုက်ကျသွားပြီ။

"နောက်တစ်ကောင် ကျန်ဦးမယ်ထင်တယ် တာတေရ၊ ဟော ဟုတ်တာပေါ့ကွာ၊ ကြည့်စမ်း၊ ကြည့်စမ်း၊ တင်းပုတ်နဲ့ကောင်ကြီးကို ခံရိုက်နေတာဟော့။ ဒီကောင်က လက်ဝါးကြီး အကြီးကြီးပဲကွ၊ ဟာ ကြည့်စမ်း တာတေ၊ ဒီကောင်က နဖူးကြီးမောက်ပြီး မျက်လုံးက အလယ်မှာ တစ်လုံးတည်း ပါတာပဲကွ"

"ဟာ ဟုတ်သားပဲ ဘထစ်ရ၊ ဒါ ဘာသရဲလဲကွ"

"ဒါ သရဲမဟုတ်ဘူး တာတေ၊ ဒါ ဘီလူးကွ"

"ဟေ ဘီလူး ဟုတ်လား ဘထစ်၊ ဒီမှာ ဘီလူးလည်း ရှိတာပဲလား"

"အေး တချို့သချိုင်းတွေမှာ ဘီလူးရှိတယ်ကွ၊ သချိုင်းတိုင်းမှာတော့ မရှိဘူး။ ဒါ ရှားရှားပါးပါး တွေ့ရတဲ့ ဘီလူးပဲ"

ကျုပ်လည်း ဘထစ်ပြောတဲ့ ဘီလူးကို သေသေချာချာ ကြည့်နေမိတယ်။ သူ့ကို ခေါ်လာတဲ့ တင်းပုတ်နဲ့ အကောင်အကြီးကြီး သရဲကြီးကို ဒီဘီလူးက သူ့လက်ဝါးကြီးနဲ့ လှည့်လှည့်ရိုက်နေတာဗျ။

"ဘုန်း"

သရဲကြီးက တင်းပုတ်နဲ့ထုတယ်။

"ဘမ်း"

ဘီလူးက သူ့လက်ဝါးကြီးနဲ့ တင်းပုတ်သရဲကို လှည့်ရိုက်တယ်။ တစ်ယောက်တစ်ချက် တွယ်ကြရင်းနဲ့ ဘီလူး ဖဝါးရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြီဗျို့။ ဟာ ရိုက်ပြီဗျို့။ မဖဲဝါကို ဘီလူးက လှမ်းပြီး ရိုက်လိုက်တာဗျ။

"ဝှီး"

လျှင်လိုက်တဲ့ မဖဲဝါဗျာ။ အသွားလေး နောက်ကို တိမ်းပေးလိုက်တာ။ လေကိုရိုက်မိတဲ့အသံပဲ ကြားလိုက်ရတယ်။ ထပ်ရိုက်ပြန်ပြီဗျို့။

"ဝှီး"

မဖဲဝါ ရှောင်တယ်။ ထပ်ရိုက်တယ်။ ဒီတစ်ခါ မဖဲဝါကြီးက မရှောင်တော့ဘဲ သူ့ရဲ့ သံမဏိလို မာကျောတဲ့ လက်ဝါးကြီးကိုဖြန့်ပြီး ပေးလိုက်တယ်။

"ဟာ"

လက်ဝါးနှစ်ခု ရိုက်မိတဲ့နေရာက မီးတွေတောင် ထတောက်သွားတယ်ဗျို့။

"ဟင်"

မျက်စိတစ်လုံးနဲ့ ဘီလူး ဘာဖြစ်တာလဲဆိုတာ ကျုပ်တော့ မသိတော့ဘူးဗျို့။ ခေတ်လိုက်သလို ကျင်စက်နဲ့ တို့လိုက်သလို တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ပြီး အော်တော့တာပဲဗျို့။

"အား၊ ဝူး၊ အား၊ အီး"

ဆိုတဲ့ အသံကြီးက သချိုင်းထဲမှာ လွှမ်းသွားတော့တာပေါ့ဗျာ။ ကျုပ်ဖြင့် ကြက်သီးတွေ ထလိုက်တာ မပြောပါနဲ့တော့ဗျာ။ ဘာထစ်လည်း ငြိမ်ပြီးတော့ကို ကြည့်နေတာဗျို့။ ဘီလူး ဒူးထောက်ကျသွားပြီဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ မဖဲ့ဝါက တင်းပုတ်နဲ့ကောင်ကြီးတွေကို လက်ပြလိုက်တယ်။ တင်းပုတ်သရဲကြီး လေးကောင်ဂ၊ သရဲတွေ၊ တစ္ဆေတွေကို ထခိုင်းပြီး ခေါ်သွားတယ်။ ကားပေါ်ကို တန်းစီတက်ခိုင်းတယ်။ ကောင်းကောင်းမတက်တဲ့ကောင်ဆိုရင် တင်းပုတ်စာ ကျွေးသဗျ။

ကားကြီးတွေဆိုတာ ငြိမ့်ခနဲ ငြိမ့်ခနဲကို နေတာဗျို့။ အထက်ဆရာ ဦးမြို့သာကလည်း အကင်းပါးပြီးသားပဲဗျာ။ ကားတွေ ငြိမ့်ခနဲ ငြိမ့်ခနဲ ဖြစ်ကတည်းက ကားတွေကို အဆင်သင့်စက်နှိုးခိုင်းထားတာဗျ။

တင်းပုတ်သရဲကြီးတွေက ကားတွေပြည့်သွားတော့ ကျန်တဲ့သရဲတွေ၊ သရဲမတွေ၊ ကလေးသရဲကလေးတွေကို နွားလှည်းတွေပေါ် တက်ခိုင်းတယ်ဗျ။ လှည်းဆွဲတဲ့ နွားတွေဆိုတော့ နှာတွေတဖူးဖူး မှုတ်တော့တာပဲဗျာ။ ထမ်းပိုးကနေ ရုန်းတဲ့နွားကရုန်းနဲ့ ရုန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်ရောဗျို့။

ဟာ ဆရာဦးမြို့သာက အခြေအနေကို ချက်ချင်းသိသွားပြီဗျ။ ရုန်းနေတဲ့ နွားတွေကို လက်နဲ့ လိုက်ပွတ်ပေးပြီးတော့ ပါးစပ်ကလည်း တတွတ်တွတ် ရွတ်ဖတ်ပေးနေတယ်ဗျ။ ပြီးတော့ သူ့လွယ်အိတ်ထဲက အဆင်သင့်ယူလာတဲ့ စံပယ်ပန်းကုံးလေးတွေကို နွားတွေရဲ့ လည်ပင်းမှာ ချိတ်ပေးလိုက်တယ်။ ဟုတ်တော့ ဟုတ်သားဗျို့။ နွားတွေ တဖြည်းဖြည်း ငြိမ်ကျသွားပြီဗျ။

မဖဲ့ဝါက သူ့ရှေ့မှာ ဒူးထောက်နေတဲ့ အကောင်ကြီးလေးကောင်ကို လက်ပြပြီး ထခိုင်းလိုက်တယ်။ တင်းပုတ်သရဲကြီး



www.burmeseclassic.com

www.burmeseclassic.com



လေးကောင်က ဘေးကရံလိုက်ပြီး ခေါ်သွားတယ်။ မဖဲဝါက နောက်က ကပ်လိုက်သွားတယ်။

ဒီတုန်းမှာပဲ မဖဲဝါက သူ့ကို ကျွေးမွေးထားတဲ့ စားပွဲပေါ်က လင်ဗန်းတစ်ချပ်ကို ကောက်ကိုင်လိုက်ပြီး စားပွဲပေါ်ကို ကိုင်ပေါက်လိုက်တယ်ဗျ။

"ချွမ်"

ဆိုတဲ့ အသံကြီးက တိတ်နေတဲ့ သချိုင်းကြီးထဲမှာ ထွက်လာရောဗျို့။ အချိန်က သန်းခေါင်လောက်တော့ ရောက်ပြီထင်တယ်။

အကင်းပါးလိုက်တဲ့ ဆရာဦးမြို့သာဗျာ။ 'ချွမ်' ဆိုတဲ့ အသံကြီးလည်းကြားရော ရှေ့ဆုံးက ကားကို မောင်းခိုင်းလိုက်ရောဗျို့။ လူကြီးတွေက သူတို့စီးတဲ့ကားက သပ်သပ်ပါလာတာဆိုလို့ သူတို့ကားပေါ်ကိုတက်ပြီး ရှေ့ဆုံးက ထွက်သွားတယ်။ လော်ရီကားကြီးသုံးစီးက အဲဒီနောက်က။ ပြီးတော့မှ နွားလှည်းတွေပေါ့ဗျာ။ နွားလှည်းတွေရဲ့နောက်ကမှ မဖဲဝါရယ်၊ တင်းပုတ်သရဲကြီးတွေရယ်၊ သရဲဆိုးကြီးလေးကောင်ရယ် လိုက်သွားတယ်။

သူတို့ သွားရမယ့်လမ်းက မြို့ထဲကို ဖြတ်ရမှာဗျ။ တခြားလမ်းရှိတာ မဟုတ်ဘူး။ ဒါကြောင့် မဖဲဝါကိုယ်တိုင် လိုက်ရတာထင်တယ်။

"ဟော့ကောင် တာတေ၊ လာ ငါတို့ လိုက်ကြည့်မယ်၊ ဘာတွေထပ်ဖြစ်ဦးမလဲ သိရတာပေါ့ကွ"

"အေး သွားမယ်လေကွာ"

ပြောပြောဆိုဆိုပဲ ကျုပ်နဲ့ ဘထစ် ဂူပေါ်ကနေ ခုန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြတယ်။ ပြီးတော့ မဖဲဝါတို့နောက် ခပ်လှမ်းလှမ်းကနေ ကျုပ်တို့နှစ်ယောက် လိုက်ခဲ့ကြတယ်။

သချိုင်းကထွက်ပြီး မြို့ထဲကို ချိုးခါနီးမှာ မဖဲဝါကြီးက နောက်ကို လှည့်ကြည့်တယ်ဗျ။ ကျုပ်ဖြင့် ကြောက်လိုက်တာဗျာ။ ကြက်သီးတွေ တဖျန်းဖျန်းထကိုသွားတာဗျို့။ ဘထစ်ကို ကြည့်လိုက်တော့ ခပ်တည်တည်ပဲဗျ။

မဖဲဝါကြီးက ဘထစ်ကို ကောင်းကောင်းမှတ်မိတယ်လို့ ကျုပ်ထင်တယ်။ ရှေ့ကိုပြန်လှည့်ပြီး ဆက်လျှောက်သွားတယ်။ ကျုပ်တို့လည်း နောက်က ဆက်လိုက်ခဲ့တယ်။

ဩော် ပြောရဦးမယ်ဗျ။ ကျုပ်တို့ဂူပေါ်က ခုန်ချကာနီးမှာ ဘထစ်က ကျုပ်ကို ပြောတယ်ဗျ။

"ဟေ့ကောင် တာတေ၊ လက်ပြုတ်မသွားစေနဲ့၊ ပြိုင်တူ ခုန်ချမယ်၊ ဒီလက်ပြုတ်သွားရင် မင်း ဘာမှမြင်ရမှာ မဟုတ်ဘူး"

"အေးပါကွ"

လို့ ကျုပ်က ပြန်ပြောပြီး သူ့လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရတာပေါ့ဗျာ။ အခုထိ လက်တွဲမပြုတ်အောင် ဆုပ်ထားရတာ။ မဟုတ်ရင် ကျုပ် ဘယ်မြင်ရတော့မှာလဲ။

ဘထစ်နဲ့ ကျုပ်နဲ့ တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ပြီး ဆက်လျှောက်ခဲ့ကြတယ်။

"ဝူး ဝူး၊ ဝု ဝု"

မြို့ထဲက ခွေးတွေဆိုတာ အူလိုက်တာ မပြောပါနဲ့တော့ဗျာ။ ဒါပေမဲ့ ကားတန်းကြီး ဖြတ်သွားတဲ့နေရာက ခွေးတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



အူဖို့နေနေသာသာ အိမ်အောက်တွေ ဝင်ပြေးပြီး 'အီ၊ အီ၊ အီ၊ အီ' နဲ့ ကြောက်ပြီး အော်နေကြတာဗျို့။

"တွေ့လား တာတေ၊ ခွေးတွေ တအားကြောက်နေတာ၊ ခွေးတွေက သရဲကို မြင်ရတယ်ကွ၊ ဒါကြောင့် ဒီကောင်တွေ ကြောက်နေတာ"

"ဘုန်း"

ဟာ ကျုပ်တို့နှစ်ယောက် စကားပြောနေတုန်း ရှေ့ကသွားနေတဲ့ သရဲကြီးလေးကောင်ထဲက မျက်လုံးတစ်လုံးနဲ့ ဘီလူးဆိုတဲ့ကောင် ဘာလုပ်လိုက်လို့လဲတော့ မသိဘူးဗျ၊ မဖဲဝါကြီးက သူ့ရဲ့ သံလက်ဝါးကြီးနဲ့ ရိုက်ထည့်လိုက်တာ တွေ့လိုက်ရတယ်ဗျို့။

ကားကြီးတွေကလည်း သိပ်အမြန်မမောင်းဘူးဗျ။ နွားသည်းတွေကိုစောင့်ပြီး ခပ်မှန်မှန်လောက်ပဲ မောင်းကြတာ။

"ဟာ တာတေ ဟိုမှာကြည့်စမ်း သစ်ပင်ပေါ်က သရဲတွေရော၊ သရဲမတွေရော၊ သစ်ပင်ပေါ်က ပြေးဆင်းလာကြတာတွေ့သား"

"အေးကွ၊ ဘာထစ်ရဲ ဒီကောင်တွေ ရန်မူချင်လို့လား မသိဘူးကွ"

"ဒီလိုတော့ ဟုတ်မယ် မထင်ပါဘူးကွာ"

ဟော သရဲတွေက မြေပြင်မှာ ဒူးတုပ်ပြီး ခေါင်းတွေငုံ့ထားကြတယ်ဗျို့။ သြော် လက်စသတ်တော့ မဖဲဝါကို အရိုအသေပေးကြတာကိုး။

"ဟော့ကောင် ဘာထစ် ငါတို့ ဆက်လိုက်လို့ ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ဘာဖြစ်လို့တုံး တာတေ"

"မြေပြင်မှာ ဒူးထောက်နေတဲ့ သရဲတွေရှေ့က ငါတို့ဖြတ်လျှောက်ရင် တစ်ခုခု လုပ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲကွ"

"ဟာ မလုပ်ပါဘူးကွ၊ လူကို သူတို့ ဘာမှမလုပ်ပါဘူးကွ၊ လုပ်လည်း မဖဲဝါကြီး ရှိနေတာပဲကွာ"

"ဟိုမှာကြည့် တာတေ၊ ဟိုသရဲကြီးတစ်ကောင်က ဒူးမထောက်ဘဲ ခါးထောက်ပြီး ကြည့်နေတာပါလားကွ"

"ဘုန်း"

"အင့်"

မြန်လိုက်တဲ့ မဖဲဝါကြီးဗျာ။ လှစ်ခနဲဆိုပြီး အနားကိုရောက်သွားတာဗျို့။ ခါးကြီးထောက်ရပ်နေတဲ့ သရဲကြီးကို ဖြတ်ရိုက်ချလိုက်တော့ သူ့ရဲ့ သံလက်ဝါးရိုက်ချက်ကြီးကို ဘယ်သူမှ မခံနိုင်ပါဘူးဗျာ။

သရဲကောင်ကြီး ဒူးထောက်ပြီး မြေပေါ်ကို ပြုတ်ကျသွားတယ်ဗျို့။ ခေါင်းကြီးပါ ငိုက်စိုက်ကျသွားတာဗျ။

တဖြည်းဖြည်းနဲ့ မြို့ပြင်ကို ပြန်ထွက်လာပြီဗျ။ မြို့ထဲကို ဖြတ်ထွက်လာပြီပေါ့ဗျာ။

"ဟာ တာတေ ဟိုးရှေ့မှာ ကြည့်စမ်း၊ အကောင်ကြီးအကြီးကြီးပဲကွ၊ ခါတ်တိုင်ထက်တောင် မြင့်မယ်ထင်တယ်၊ လမ်းကိုပိတ်ရပ်နေတာကွ၊ တားနေတာထင်တယ်။ ဒါ သူနေတဲ့ နယ်ထင်တယ်"

"ဟာ ဟုတ်ပါရဲ့ကွာ၊ ဟော မဖဲဝါကြီး လေဒဲကို မြောက်



www.burmeseclassic.com

www.burmeseclassic.com



တက်ပြီး ပျံထွက်သွားပြီဟေ့။ ဟာ ဟိုကောင်ကြီးက မဖဲဝါကြီးကို ခံတွယ်နေပါလားကွ၊ မဖဲဝါတောင် မနည်းရှောင်ပေးနေရတယ်ဟေ့"

"ဟာ တင်းပုတ်နဲ့ ကောင်ကြီးတစ်ကောင် လိုက်သွားပြီကွ၊ ဟ သူ့လက်ထဲက တင်းပုတ်က ဆူးချွန်ကြီးတွေ ထွက်လာတယ်ဟေ့၊ ဟာ ဝင်ရိုက်ပြီဟေ့၊ မျက်နှာကို ခုန်ခုန်ရိုက်တာကွ၊ ဟာ ဟိုကောင်ကြီး နောက်ဆုတ် နောက်ဆုတ်နဲ့ ဆုတ်သွားပြီ။ ဟာ မဖဲဝါက သူ့ကိုယ်သူ အကြီးကြီးဖြစ်အောင် လုပ်နိုင်တာပဲကွ။ ကြည့်စမ်း၊ ကြည့်စမ်း၊ ဟိုသရဲကြီးထက် နှစ်ဆလောက်ကို ကြီးသွားတာကွ၊ ဟာ ရိုက်ပြီဟေ့"

"ဘုန်း၊ ဘုန်း၊ ဘုန်း"

သွက်လိုက်တဲ့ ရိုက်ချက်ကွာ၊ သုံးချက်ရိုက်လိုက်တာ။ တစ်ချက်တည်းလားတောင် ထင်လိုက်ရတာဗျ။ သွားပြီ၊ အကောင်ကြီး ဒူးတုပ်ကျသွားပြီဗျို့။

"ဖုန်း၊ ဖုန်း၊ ဖုန်း"

တင်းပုတ်သရဲကြီးက အဆက်မပြတ်လို ရိုက်တော့တာဗျို့။

သရဲကြီး ဒူးထောက်ကျနေရာကနေ ကုန်းထပြီး မှောင်မည်းနေတဲ့ လယ်ကွင်းကြီးတွေဘက်ကို ထွက်ပြေးသွားတော့တာပဲဗျာ။

ဟော မဖဲဝါကြီးနဲ့ တင်းပုတ်သရဲကြီး ကျုပ်တို့ရှေ့ကို ပြန်ရောက်နေပြီဗျ။ ပုံမှန်အရွယ်တွေ ပြန်ဖြစ်သွားပြီလေ။ ကားတန်းကြီးနဲ့ လှည်းတန်းကြီးကတော့ ဘာမှမသိတော့ မောင်းမြဲမောင်းနေကြတာပေါ့ဗျာ။

သချိုင်းကြီးတစ်ခုပြောင်းရင် မဖဲဝါကြီးမှာ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်များတယ်ဆိုတာကို မျက်မြင်ကိုယ်တွေ့ သိလိုက်ကြတာက တော့ ဘထစ်နဲ့ ကျုပ်နဲ့ပဲ ရှိတာပေါ့ဗျာ။ တခြားဘယ်သူမှ မသိကြ ပါဘူး။ အဲ အခုတော့ ခင်ဗျားလည်း သိသွားပြီပေါ့ဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# မရဏ ဆိုမှတ်

ခေါက်ပြီးတော့ အမြင်ဖွင့်ပေးလို့ရတယ် ဆိုတာကို ဘထစ်ရော၊ ဂျပ်ရော သိသွားကြတာပေါ့ဗျာ။ ဒါပေမဲ့ ဘထစ်က ပြောတယ်ဗျ။

“ဟေ့ကောင် တာတေ၊ ဒါလူတိုင်းကို လုပ်ပေးလို့ မရဘူး၊ မင်းက နဂိုဓာတ်ခံကောင်းလို့ ရတာ”

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် နားမလည်ဘူးဗျ။ ဘထစ်ပြောတဲ့ နဂိုဓာတ်ခံဆိုတာ ဘာကိုပြောမှန်း ကျုပ် မသိဘူး။ ဒါပေမဲ့ မေးလည်း မမေးတတ်ဘူးဗျ။ ဒီအတိုင်းပဲ ငြိမ်နေရတာပေါ့ဗျာ။

ကျုပ် မှတ်မိသေးရောဗျာ။ အဲဒီလက သီတင်းကျွတ်လဗျ။ ကျုပ်တို့တွေ ပထမအစမ်းစာမေးပွဲ ဖြေနေကြတာ။ ပထဝီဖြေတဲ့နေ့ ထင်တယ်ဗျ။ စာမေးပွဲဖြေပြီးလို့ အခန်းထဲကနေ ထွက်လာတော့ ဘထစ်က ကျောင်းဝိုင်းထဲက မန်ကျည်းပင်ကြီးအောက်မှာရပ်ပြီး ကျုပ်ကို စောင့်နေတယ်ဗျ။

"တာတေ လာဦးကွ၊ မင်းကို ငါပြောစရာရှိလို့"

ကျုပ်က ဘထစ်ဆီကို လျှောက်သွားရင်း လှမ်းပြောလိုက်တယ်။

"အေး ပြော၊ ဘာတွေ ပေါက်ပေါက်ရှာရှာ လုပ်ဦးမလို့လဲကွ ဘထစ်ရ"

ဒီကောင် ကျုပ်ပြောတော့ ရယ်တယ်ဗျ။

"ဟာ ဘာမှ ပေါက်ပေါက်ရှာရှာ မလုပ်ပါဘူးကွာ၊ ငါ သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ ရွာပြန်မလို့ကွ"

"ဟေ ရွာ ဟုတ်လား ဘထစ်၊ မင်းမှာ ရွာရှိလို့လား"

"ဟေ့ကောင် တာတေ၊ ဘထစ်က တောထဲမှာ အလေ့ကျ ပေါက်တဲ့ သစ်ပင်မဟုတ်ဘူးကွ"

"ဟာ ဘထစ်ကလည်း ငါက အဲဒီလိုပြောတာ မဟုတ်ပါဘူးကွာ၊ မင်းက မင်းငယ်ငယ်ကတည်းက မိဘတွေ တိမ်းပါးကုန်လို့ မင်းရဲ့ ဘဘုန်းကြီးက မွေးစားတာဆို။ ဆွေမျိုးသားချင်း ဆိုတာ





လည်း မင်းမှာ လုံးဝမရှိဘူးလို့ မင်းပဲ ငါ့ကို ပြောခဲ့တာလေ။ ဒါကြောင့် ငါက ပြောတာကွ"

"အေး ဟုတ်တယ်၊ မင်းပြောတာ မှန်တယ် တာတေ၊ ငါ အခုသွားမှာက ဘဘုန်းရဲ့ကျောင်းကို သွားမှာ။ အဲဒီရွာမှာ ငါ ကြီးလာခဲ့ရတာ။ ဘဘုန်း မရှိပေမဲ့ တစ်ရွာလုံးက ငါ့ကို ခင်ကြတာကွ၊ ပြီးတော့ သီတင်းကျွတ်လပြည့်မှာ ရွာဘုရားပွဲရှိတယ်။ လေးကျွန်းမာရ်အောင်ဘုရားပွဲကွ၊ အားကြီးစည်တာ။ ပျော်စရာအားကြီးကောင်းတာကွ။ ဒီအချိန်ဆိုရင် ယင်းချောင်းကြီးက ရေကျသွားလို့ သောင်တွေပေါ်နေပြီ။ အဲဒီမှာ ကြက်သွန်ခင်းတွေ စိုက်ဖို့ နေရာတွေ မှတ်နေကြပြီပေါ့ကွာ"

"ဇာတ်ပွဲတွေရောပါလား ဘထစ်"

"ဟကောင်ရ ပါတာပေါ့ဟ၊ လေးကျွန်းမာရ်အောင်ဘုရားပွဲက နယ်နယ်ရရမှ မဟုတ်တာ။ မြို့ပေါ်တွေရော၊ အနီးအနားက ရွာဆယ်ရွာလောက်ကရော လာကြတာကွ"

"ဟာ ဒါဆို တော်တော်ကို ပျော်ဖို့ကောင်းမှာပဲနော်"

"အေး အဲဒါ မင်းကို ငါက ခေါ်သွားချင်တာ၊ ရွာမှာ နှစ်ညလောက်အိပ်ပြီး ပြန်ခဲ့မှာပေါ့ကွ၊ ကျောင်းမဖွင့်ခင် မင်းရွာကို ပြန်လို့မီပါသေးတယ်ကွာ၊ ဘယ်လိုလဲ လိုက်မလား"

"အင်း အဆင်တော့ပြေသားကွ၊ အဘရော အမေပါ ရောက်နေကြတယ်ကွ၊ ဘကြီးကို ကန်တော့ဖို့ လာကြတာ၊ ငါပြော ရင် ရမှာပါ"

"ဟာ ဒါဆိုလည်း ပြောကွာ တာတေရာ၊ တို့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း မင်းမှာ လုံးဝမရှိဘူးလို့ မင်းပဲ ငါ့ကို ပြောခဲ့တာလေ။ ဒါကြောင့် ငါက ပြောတာကွ"

"အေး ဟုတ်တယ်၊ မင်းပြောတာ မှန်တယ် တာတေ၊ ငါ အခုသွားမှာက ဘဘုန်းရဲ့ကျောင်းကို သွားမှာ။ အဲဒီရွာမှာ ငါ ကြီးလာခဲ့ရတာ။ ဘဘုန်း မရှိပေမဲ့ တစ်ရွာလုံးက ငါ့ကို ခင်ကြတာ ကွ၊ ပြီးတော့ သီတင်းကျွတ်လပြည့်မှာ ရွာဘုရားပွဲရှိတယ်။ လေးကျွန်း မာရ်အောင်ဘုရားပွဲကွ၊ အားကြီးစည်တာ။ ပျော်စရာအားကြီး ကောင်းတာကွ။ ဒီအချိန်ဆိုရင် ယင်းချောင်းကြီးက ရေကျသွားလို့ သောင်တွေပေါ်နေပြီ။ အဲဒီမှာ ကြက်သွန်ခင်းတွေ စိုက်ဖို့ နေရာ တွေ မှတ်နေကြပြီပေါ့ကွာ"

"ဇာတ်ပွဲတွေရောပါလား ဘထစ်"

"ဟကောင်ရ ပါတာပေါ့ဟ၊ လေးကျွန်းမာရ်အောင်ဘုရား ပွဲက နယ်နယ်ရရမှ မဟုတ်တာ။ မြို့ပေါ်တွေရော၊ အနီးအနားက ရွာဆယ်ရွာလောက်ကရော လာကြတာကွ"

"ဟာ ဒါဆို တော်တော်ကို ပျော်ဖို့ကောင်းမှာပဲနော်"

"အေး အဲဒါ မင်းကို ငါက ခေါ်သွားချင်တာ၊ ရွာမှာ နှစ်ညလောက်အိပ်ပြီး ပြန်ခဲ့မှာပေါ့ကွ၊ ကျောင်းမဖွင့်ခင် မင်းရွာကို ပြန်လို့မီပါသေးတယ်ကွာ၊ ဘယ်လိုလဲ လိုက်မလား"

"အင်း အဆင်တော့ပြေသားကွ၊ အဘရော အမေပါ ရောက်နေကြတယ်ကွ၊ ဘကြီးကို ကန်တော့ဖို့ လာကြတာ၊ ငါပြော ရင် ရမှာပါ"

"ဟာ ဒါဆိုလည်း ပြောကွာ တာတေရာ၊ တို့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ဘုရားပွဲမှာ ပျော်ကြတာပေါ့"

ဘထစ်က တော်တော်ဝမ်းသာသွားတဲ့ပုံပဲဗျ။ ကျုပ်အိမ် ပြန်ရောက်တော့ အဘနဲ့ အမေကို ပြန်ပြောပြရတာပေါ့ဗျာ။ အဘ က ကျုပ်ကိုမေးတယ်။

"နို့ သူ့ရွာက ဘာတဲ့တုံး တာတေရဲ့"

"ကွေ့ကြီးလို့ ပြောတယ် အဘ"

ကွမ်းကြီးဝံ့ပြီး နားထောင်နေတဲ့ ဘကြီးက ခေါင်းကြီးညိတ် ပြီး ဝင်ပြောတယ်ဗျ။

"အင်း အင်း မြောက်ဘက်က ရွာတွေပေါ့ကွာ၊ ကညင် ကိုးပင် စင်ကိုးစင်တို့၊ ခရေပင်ဖောက်ထိုးတို့၊ ကွေ့ကြီးတို့၊ စုန်းကွင်း တို့ဆိုတာ မြို့မြောက်ဘက်က ရွာတွေကွ၊ နို့ သွားရင် မင်းတို့ ဘယ်လို သွားရမှာတုံးကွ၊ တာတေရ"

"ဟိုကောင်ဘထစ် ပြောတာတော့ ဒီမြို့ကနေ ဒေါ့ဂျစ်ကား ကြီးစီးသွားရင် ဘုရားအိုရွာကို ရောက်မယ်တဲ့၊ အဲဒီကမှ လှည်းခေါ် ပြီး ဆက်သွားရမှာလို့ ပြောတယ် ဘကြီးရ"

"အေး ဟုတ်တာပေါ့၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ငါ အဲဒီဘက်ကို တစ်ခေါက်ရောက်ဖူးတယ်။ အဲဒီဘက်က ရွာတွေလည်း သူနေရာနဲ့သူတော့ စည်သားဟ"

ဟုတ်တော့ ဟုတ်တယ်ဗျ။ အဘတို့ အမေတို့က ဘယ်မှ သိပ်ရောက်ဖူးကြတာ မဟုတ်ဘူးဗျ။ ရွာနီးချုပ်စပ်ရယ်၊ ဒီမြို့ရယ်ပဲ သူတို့ သွားလာနေတာ။

"အေး အေး မင်းလိုက်ချင်ရင် လိုက်သွားပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဆိုတာ သွားတတ် လာတတ်လည်း ရှိဦးမှကွ၊ ဗဟုသုတ လည်းများမှ ကောင်းတာ၊ ကဲ ကဲ မင်းသူငယ်ချင်း ဘယ်သူ"

"ဘထစ်လေ အဘရဲ့"

"ဟဲ့ နင့်သူငယ်ချင်းနာမည်ကလည်း အဆန်းပါလား"

လို့ အမေက ဝင်ပြောတယ်။ ဒီတော့မှ ကျုပ်လည်း သတိရ သွားပြီး. . .

"ဟာ မဟုတ်ဘူး အမေရဲ့၊ ဒီကောင့်နာမည်က ဘထစ် မဟုတ်ဘူးဗျ၊ ဘချစ်တဲ့။ ဒါပေမဲ့ ဒီကောင်က စကားပြောရင် အား ကြီးထစ်တာဗျ၊ ဒါကြောင့် ကျုပ်တို့သူငယ်ချင်းတွေက သူ့ကို ဘထစ် လို့ ပြောင်ခေါ်ရာနေ နာမည်တွင်သွားတာ"

အဲဒီညက အဘရယ်၊ အမေရယ်၊ ကျုပ်ရယ် ဘကြီးကို သီတင်းကျွတ် ကန်တော့ကြတယ်။ ပြီးတော့ ဘထစ်နဲ့ လိုက်သွားဖို့ လမ်းစရိတ်နဲ့ ဘုရားပွဲမှာ သုံးစွဲဖို့ ပိုက်ဆံပေးတယ်။ ဘကြီးကလည်း ကျုပ်ကို မုန့်ဖိုးပေးသေးတယ်လေ။ စာမေးပွဲပြီးတော့ ကျုပ် ဘထစ် နဲ့ လိုက်ခဲ့တာပေါ့ဗျာ။

ဒေါ်ဂျစ်ကားအစုတ်ကြီးက တစ်လမ်းလုံး မောင်းလိုက် ထိုး ရပ်သွားလိုက်၊ နည်းနည်းပါးပါး ပြင်ပေးလိုက် ပြန်မောင်းလိုက်နဲ့ ဆွမ်းစားချိန်ရောက်တော့ ဘုရားအိုဆိုတဲ့ရွာကို ကျုပ်တို့ ရောက်ခဲ့ ရောဗျို့။ အဲဒီက အကြော်တဲကလေးတစ်တဲကိုဝင်ပြီး ဘထစ်နဲ့ ကျုပ်နဲ့ အကြော်စားတယ်။ စားသောက်ပြီး တအောင့်ကြာတော့ နွားလှည်းလာတယ်။ ဘထစ်က လှမ်းသမားကို ကွေ့ကြီးသွားမယ့်လို့ ပြောတယ်။ လှည်းသမားက ပြောတယ်။

www.burmeseclassic.com



"ကျုပ်လှည်းက ကွေ့ကြီးတော့ မရောက်ဘူး၊ စုန်းကွင်းအထိပဲရောက်မှာ၊ မင်းတို့ဟိုဘက်ကို လမ်းလျှောက်ရမှာပဲ၊ ဘာဝေးတာမှတ်လို့၊ တစ်တိုင် တစ်တိုင်သာသာ ရှိတာပါ"

"အင်း ဟုတ်ပြီ၊ ကျုပ်တို့နှစ်ယောက် စုန်းကွင်းအထိ လိုက်မယ်"

ဘထစ်နဲ့ ကျုပ်နဲ့ လှည်းပေါ်တက်ပြီး လိုက်ခဲ့ကြတယ်။ တစ်လမ်းလုံး ဘထစ်နဲ့ လှည်းသမားက စကားဖောင်ဖွဲ့လာကြတာဗျို့။ ဘုံရားအိုက ထွက်လာပြီး ပွေးကုန်းရောက်တော့ ကညင်ကိုးပင်ကိုသွားမယ့် အဘိုးကြီးနှစ်ယောက် ပါလာတယ်ဗျ။ အဲဒီမှာတင် အဲဒီအဘိုးကြီးနှစ်ယောက်နဲ့ လှည်းသမားနဲ့ စကားဖောင်ဖွဲ့ကြရောဗျို့။ သူတို့ပြောတာက နှမ်းအကြောင်း၊ ပဲအကြောင်း မဟုတ်ဘူးဗျ။ စုန်းအကြောင်း ပြောကြတာ။

"ပြောရဦးမယ် ဘိုးကျင်ရေ"

လှည်းသမားနဲ့ ဒီအဘိုးကြီးနှစ်ယောက်က နဂိုတည်းက ရင်းနှီးကြတာဗျ။

"ဟေ ဘာတုံး ငမောင်ရ"

"ကျုပ်လည်း လှည်းသမားဘဝနဲ့ ဒီနေရာမှာ မောင်းလာတာ ကြာပေါ့ ဘိုးကျင်ရေ၊ တစ်ခါ တစ်ခါတော့လည်း အထူးအဆန်းတွေ ကြုံရသားဗျ"

အဘိုးကြီးနှစ်ယောက်က ကျုပ်တို့နဲ့ မျက်နှာချင်းဆိုင် ထိုင်နေတာဗျ။ လှည်းလမ်းဘေးက မြေပဲခင်းတွေကို ငေးကြည့်ရင်း ပြောနေကြတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာများတွေ့လို့တုံး"

"မနေ့ကလေဗျာ၊ ဘုရားအိုက ဘိုးစံဝနဲ့ သူ့မိန်းမ အရိုးမယ်မြလေ၊ သူတို့ အရိုးတစ်ယောက် တော်တော်မမာနေလို့ သတင်းမေးဖို့ဆိုပြီး စုန်းကွင်းကို လိုက်ပို့ခိုင်းလို့ ကျုပ် လိုက်ပို့ရပါရောလား။ ပြန်တော့ မိုးချုပ်သွားရော ဘိုးကျင်ရဲ့။ လကလည်း မိုက်နေတော့ ကျုပ်က လှည်းကို ခပ်သုတ်သုတ် မောင်းလာတာဗျ။

စုန်းကွင်းကျော်လာပြီး ပဲခင်းနှစ်ခင်းလောက်ကျော်တော့ ခြံထဲက မီးလုံးကြီးတစ်လုံး တက်လာတာဗျ။ ကျုပ်ဖြင့် လန့်လိုက်တာဗျာ။ နွားတွေလည်း လန့်ပြီး ရှေ့ဆက်မသွားတော့လို့ ကျုပ်မှာ မနည်းကို မောင်းခဲ့ရတာ"

"နို့ အဲဒီမီးလုံးကြီးက ဘယ်ရောက်သွားတုံး"

ဘိုးကျင်ဆိုတဲ့ အဘိုးကြီးက မေးတယ်ဗျ။ ကျုပ်နဲ့ ဘထစ်ကတော့ သူတို့ပြောနေတာကို ငြိမ်ပြီးနားထောင်နေကြတာပေါ့ဗျာ။

"လူနှစ်ရပ်လောက်အမြင့်မှာ ဝဲနေတာဗျ။ ခြုံပုတ်ကြီးတွေပေါ်မှာ ဝဲပြီးပျံနေတာဗျို့၊ ဒါနဲ့ ကျုပ်လည်း နွားတွေကို နှင်တံနဲ့ တို့ပြီး ခပ်သုတ်သုတ် မောင်းခဲ့ရောဗျို့"

"အဲဒါ ဘာလို့ထင်တုံး ငမောင်"

ဘိုးကျင်က မေးတော့ လှည်းသမား ကိုမောင်က လက်ထဲက နှင်တံကို ဘေးချပြီး ကြိုးကို လှည်းကြွန်တိုင်မှာ ချိတ်လိုက်တယ်။ ပြီးတော့မှ ခေါင်းမှာ ပေါင်းထားတဲ့ ပုဆိုးကိုဖြည်ပြီး ခေါင်းပေါင်းကို အကျအနပြန်ပေါင်းလိုက်တယ်။ ကြိုးနဲ့ နှင်တံကို ပြန်ကိုင်ပြီးတော့ ဘိုးကျင်ကို တစ်ချက်လှည့်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မသိဘူးဗျ ဘိုးကျင်ရဲ့"

"အဲဒါ ချေးစားစုန်းပေါ့ကွ ငမောင်ရ"

"ဟ ဟုတ်လား၊ ကျုပ်က ကြားဖူးရုံသာရှိတာ၊ ဒီလို တစ်ခါမှ မြင်ဖူးတာ မဟုတ်ဘူး ဘိုးကျင်ရ"

ကျုပ်နဲ့ ဘထစ်လည်း တော်တော်ကို စိတ်ဝင်စားသွားကြတာဗျို့။

"ဟိုတုန်းကတော့ စုန်းကွင်းဘက်မှာ ဒါတွေ တော်တော်ပေါတာကွ၊ ခုတော့ မရှိတော့ပါဘူး၊ ဒီစုန်းက ဘယ်ကဟာလည်းမှ မသိတာ"

ဘိုးကျင်နဲ့ အတူထိုင်နေတဲ့ အဘိုးကြီးက ဝင်ပြောတာဗျ။

"ဟုတ်တယ် ကိုပေါ်လာရဲ့၊ ဒီခေတ်ထဲမှာ မရှိသလောက်ဖြစ်နေပါပြီ။ ဒီချေးစားစုန်းက ဘယ်ကပေါ်လာတာလဲ မသိဘူး"

"ချေးစားစုန်းဆိုတာ သေချာလို့လား ဘကျင်ရဲ့"

လှည်းသမား ကိုမောင်ကမေးတော့ ဘိုးကျင်က စိတ်မရှည်သလိုဖြစ်သွားပြီး. . .

"သေချာတာပေါ့ ငမောင်ရ၊ ဟောဒီ ကိုပေါ်လာတို့ ငါတို့ ငယ်ငယ်တုန်းကဆိုရင် ဒီတစ်ကြောမှာ စုန်းတွေ သိပ်ပေါတာကွ၊ နို့ နေပါဦးကွ၊ အဲဒီမီးလုံးကြီး ဘယ်ရောက်သွားလဲ၊ မင်းတွေ့ခဲ့သေးလား"

"ကျုပ် လှည့်ကြည့်တော့ ထန်းပင်နှစ်ပင်နားက မြို့ပုတ်ကြီးတွေထဲ ဝင်သွားပြီး ပျောက်သွားတာပဲဗျ"

"အေး အဲဒါ ချေးစားစုန်း အစစ်ပေါ့ကွ၊ အဲဒီမြို့ပုတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လူတွေ စွန့်ထားတဲ့ မစင်တွေကို လိုက်စားတာကွ"

"ဩော် ဒါကြောင့် ခြံပုတ်တွေပေါ်မှာ ဝဲနေတာကိုး"

"ဟုတ်ပ့ါဗျာ၊ အဲဒါတွေကို လိုက်ရှာနေတာပေါ့၊ အချိန်တန်ရင် ဒီစုန်းတွေက မစားဘဲကို မနေနိုင်တာတဲ့ကွ"

"ဖြစ်မှ ဖြစ်ရလေဗျာ"

လှည်းသမား ကိုမောင်ကပြောရင်း ကျုပ်နဲ့ ဘထစ်ကို လှည့်ကြည့်ပြီး ရယ်ပြတယ်ဗျ။ ကျုပ်တို့လည်း ရယ်မိတာပေါ့ဗျာ။

"စုန်းဆိုလို့ ပြောရဦးမယ် ကိုကျင်ရေ"

ကိုပေါ်လာ ဆိုတဲ့ အဘိုးကြီး ပြောလိုက်တယ်။

"အင်း ပြောစမ်းပါဦး၊ ကိုပေါ်လာရဲ့"

"အင်း ကျုပ်တို့က ငယ်ငယ်ရှိပါသေးရော၊ ကျုပ်တို့ရွာမှာ ကိုပန်းမောင် ဆိုတဲ့လူနဲ့ သူ့မယား မဆော့ ဆိုတာ ရှိသဗျ။ မဆော့က ကျုပ်တို့ရွာသူ မဟုတ်ဘူးဗျ။ တခြားက မိန်းမ၊ ကိုပန်းမောင်နဲ့ အကြောင်းပါမှ ကျုပ်တို့ရွာကို ရောက်လာတာ။ အဲဒီမဆော့က ချေးစားစုန်းမဗျ"

"အို ဖြစ်မှဖြစ်ရလေဗျာ၊ ဒါကို သူ့ယောကျ်ားက သိသလား"

"ဘယ်သိမလဲ ကိုကျင်ရာ၊ သိမှတော့ ဘယ်သူက ချေးစားစုန်းမကြီးကို ယူမှာတုံးဗျ"

"ဩော် ဒီလူလည်း သနားစရာပါလား ကိုပေါ်လာရ"

"ဟုတ်ပ့ါဗျာ၊ လူကလည်း လူရိုးကြီးဗျ၊ ရိုးလွန်းတော့အဆိုသလိုပေါ့ဗျာ၊ ဘာမှကို မသိဘူးဗျ။ ဒီတုန်းက ကျုပ်တို့ရွာအိမ်သာတွေ ဘာတွေ ထားကြတာမှ မဟုတ်တာ၊ ရွာပြင်ထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြုံပုတ်တွေထဲပဲ ရှင်းလိုက်ကြတာ မဟုတ်လား။ ဒီစုန်းမက ဟန်ကို ကျနေတာပေါ့ဗျာ။ ညညဆို မီးလုံးကြီး သူတို့အိမ်က ပျံထွက်လာပြီး အဲဒီခြုံပုတ်တွေထဲမှာ ဝင်သွားလိုက်၊ ပျံထွက်လာလိုက် လုပ်နေတာ ရွာသားတွေက တွေ့ကြရောဗျို့။ ဒီတော့ ကိုပန်းမောင်ကို လူကြီးတွေက တိုးတိုးတိတ်တိတ် ခေါ်ပြောကြတာပေါ့။ အဲဒီကိုပန်းမောင်ဆိုတဲ့လူရိုးကြီးက ဒါကိုသိတော့ ငိုလိုက်တာတဲ့ဗျာ"

"ဩော် ဩော် ဒီတော့မှ သူသိတာကိုးဗျ၊ သားသမီးတွေဘာတွေ ရနေပြီလားဗျ"

"ဟာ မရဘူးဗျ၊ သားသမီးတော့ ကိုပန်းမောင်တို့မှာ မရှိဘူး"

"ဒါနဲ့ ရွာထဲကလူတွေ အကြံပေးတဲ့အတိုင်း ကိုပန်းမောင်က စောင့်ဖမ်းတာပေါ့ဗျာ။ သူအိပ်ချင်ယောင်ဆောင်နေတာတဲ့ဗျ။ သန်းခေါင်လောက်ရောက်တော့ ဒီမိန်းမက ကိုပန်းမောင် အိပ်မအိပ်ကို သေသေချာချာ အကဲခတ်တယ်ဆိုပဲ။ ပြီးတော့မှ သူ့လင်အိပ်မောကျနေပြီထင်ပြီး သူ့လည်ပင်းကို သူ့လက်နဲ့ ရစ်လိုက်တာ ခေါင်းကြီးပြုတ်ထွက်သွားပြီး မီးလုံးကြီးလို အရောင်တွေတောက်လာတယ်ဆိုပဲ။ အဲဒီမီးလုံးကြီးက အိမ်ထဲမှာ ပတ်ပျံနေသေးတာတဲ့ဗျို့။ ကိုပန်းမောင် တကယ်အိပ်လား၊ မအိပ်လားဆိုတာ စစ်နေတာတဲ့။ ဟိုလူကလည်း ငြိမ်ပြီးအိပ်ချင်ယောင်ဆောင်နေတော့ စိတ်ချပြီး စုန်းမက အိမ်ထဲက ထွက်သွားရောတဲ့ဗျို့"

"သူ့မိန်းမစုန်းဆို သူကိုယ်တိုင် သိသွားတာပေါ့ ဘိုးခေါ် လာရာ"



www.burmeseclassic.com

www.burmeseclassic.com



လှည်းသမား ကိုမောင်က ဝင်ပြောတယ်ဗျ။

"အေးပေါ့၊ ဒီမှာတင် ရွာထဲကလူတွေ မှာထားတဲ့အတိုင်း ခေါင်းလျှော်ဖို့ လုပ်ထားတဲ့ တရော်ရည်နဲ့ ခေါင်းပြတ် လည်ငုတ်ကြီးကို ခပ်ရွဲရွဲပွတ်ထားလိုက်သတဲ့ကွ၊ တစ်နာရီ နှစ်နာရီလောက်ကြာတော့ မီးလုံးကြီး ပျံလာပြီး အိမ်ထဲကို ဝင်လာတယ်။ သူ့ခေါင်းကို လည်ပင်းမှာ ပြန်တပ်တော့ ကိုပန်းမောင် သုတ်ထားတဲ့ တရော်တွေနဲ့ ချောနေတော့တာပေါ့ကွာ။ တပ်လို့ကို မရဘဲ ချောထွက်နေတော့မှ ကိုပန်းမောင်က အိပ်ရာကထပြီး လက်ပူးလက်ကြပ် ဖမ်းတော့တာပေါ့"

"အင်း ဒီတော့ သူ့မယားက သူ့ကို ဘာပြောတုံးဗျ၊ ကိုပေါ်သာရဲ့"

"ငိုယိုပြီး သူ့ကို ခွင့်လွှတ်ဖို့ပြောသတဲ့၊ ကိုပန်းမောင်က ဒီအတိုင်းတော့ ဘယ်လိုမှမဖြစ်တဲ့အကြောင်းနဲ့ ဒီပညာကို စွန့်ချင်ရင်စွန့်၊ ဒါမှမဟုတ် သူနဲ့ ကွဲချင်ကွဲဖို့ပြောတော့ ဒီပညာကို စွန့်ပါ့မယ်လို့ ပြောသတဲ့။ ဒါနဲ့ ကိုပန်းမောင်က တရော်တွေကို ရေနဲ့ ဆေးပေးလိုက်တော့မှ သူ့ခေါင်းက ပြန်တပ်လို့ ရသွားတယ်ဆိုပဲ။

"ဒါနဲ့ ချေးစားစုန်းမက သူ့ပညာတွေကို စွန့်လိုက်ရောလား"

"ဟား ဟား ဟား ဘယ်စွန့်မှာတုံးဗျာ၊ ဟိုနေ့ စွန့်မယ်၊ ဒီနေ့ စွန့်မယ်နဲ့ လုပ်နေပြီး တစ်ရက်တော့ ကိုပန်းမောင်အလစ်မှာ ရွာကနေ အပြီးထွက်သွားရောဗျို့။ ကိုပန်းမောင်လည်း စိတ်မကောင်းဖြစ်တာပေါ့ဗျာ။ ဒါပေမဲ့ သူ့လမ်းကို သူရွေးတာပဲဆိုပြီး နေလိုက်တော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း လူ့လောကကြီးကလည်း တယ်ပြီးရှုပ်ထွေးတာကိုး ကိုပေါ်လာရယ်"

"ဟုတ်ပါ့ ကိုကျော်ရယ်၊ အင်း ပြောလက်စနဲ့ ပြောရဦးမယ်ဗျ၊ ဒီကလေးတွေလည်း ဗဟုသုတ ရတာပေါ့လေ"

"ဟာ ပြောပါ ဘိုးပေါ်လာရဲ့၊ ကျုပ်ကလည်း ဒါမျိုးများ နားထောင်ရရင် အားကြီးစိတ်ဝင်စားတာဗျ"

လှည်းသမား ကိုမောင်ကလည်း တော်တော်ကို စိတ်ဝင်စားတာဗျ။

"အေး အေး ဒီလိုကွ၊ ငါ ငယ်ငယ်က ချင်းတွင်းဘက်မှာ နေခဲ့တာ၊ သစ်လုပ်ငန်းမှာ လုပ်ခဲ့တာကွ။ အဲဒီဘက်တွေမှာ တော တွေကလည်း အားကြီးနက်တော့ သားရဲတိရစ္ဆာန် လွှတ်ပေါတာ ပေါ့၊ ကျားတွေလည်း ရှိသကွ၊ အဲဒီအထဲမှာ လူကျားတွေလည်း ရှိတယ်"

"ဗျာ လူကျားဟုတ်လား၊ ဘိုးပေါ်လာ"

လှည်းသမားက တအံ့တဩ မေးတယ်ဗျ။ ဦးပေါ်လာ ဆိုတဲ့ အဘိုးကြီးက ခေါင်းလေးညိတ်ပြီး. . .

"လူကျားဆိုတာ သမန်းကျားကို ပြောတာပေါ့ကွ၊ လူကနေ ကျားဘဝကို ပြောင်းသွားတာလေ"

"ဟင် အဲဒါ တကယ်ရှိလို့လား ဘိုးရဲ့"

ဘထစ်ဆိုတဲ့ကောင်က အဘိုးကြီး ဦးပေါ်လာကို အ,ထစ် အ,ထစ်နဲ့ မေးတယ်ဗျ။ ကျုပ်ကတော့ ငြိမ်ပြီးတော့ပဲ နားထောင်နေ တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ တကယ်ရှိတာ ကလေးရဲ့၊ ငါကိုယ်တွေ့ပါကွာ၊ မယုံမရှိပါနဲ့"

"အို ကျုပ်က ပုံပြင်တွေလို့ ထင်နေခဲ့တာ"

"ဘယ်ပုံပြင်ဟုတ်မလဲကွာ၊ တကယ်ရှိတာပါ၊ ရုပ်ပြောင်းရုပ်လွဲ ဆေးထိုးရတာကွ၊ ထိုးတိုင်း စွမ်းတာတော့ မဟုတ်ဘူးကွ၊ လူတစ်ရာထိုးမှ တစ်ယောက် စွမ်းချင်မှ စွမ်းတာ၊ စွမ်းသွားတဲ့ လူတွေလည်း တကယ်ရှိတာ။ အဲဒါကို သမန်းဆေးလို့ခေါ်တယ်၊ ရှေးဟောင်းမှော်ဆေးတစ်မျိုးပါကွာ"

"ဘိုးတွေ့ခဲ့ပုံကို ပြောပါဦးဗျ"

ဘထစ်က တော်တော်ကို သိချင်နေတဲ့ပုံပြပြီး အတင်းမေးနေတော့တာပဲ။

"ချင်းတွင်းက ရွာလေးတစ်ရွာမှာ စံမောင်ဆိုတဲ့ကောင်တစ်ယောက် ရှိတယ်ကွ၊ ဒီကောင်က သမန်းဆေးထိုးတာ စွမ်းသွားတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ စံမောင် ကျားဖြစ်သွားတာကို တွေ့ဖူးတဲ့ လူကတော့ တစ်ယောက်မှ မရှိပါဘူးကွာ။ ငါလည်း မတွေ့ဖူးပါဘူး။ အေး တစ်နေ့တော့ ဒီကောင်က သစ်လုပ်ငန်းထဲ ဝင်လာတယ်၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ ငါ့အဖွဲ့မှာ ပါလာတယ်၊ ကျွန်းပင်ကြီးတွေ သင်းသတ်ရတဲ့အခါဆိုရင် တောကြီးထဲမှာ လနဲ့ချီပြီး အလုပ်လုပ်ကြရတာကွ၊ တစ်ခါတော့ အစားအသောက်ကလည်း ပြတ်လပ်လာတဲ့အချိန် စံမောင်က ငါ့အနားကပ်လာပြီး ပြောတယ်"

"ဆရာရေ အဖွဲ့မှာ အစားအသောက်က ပြတ်နေပြီ၊ ကျုပ် အမဲလေး ဘာလေး ထွက်ရှာဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ၊ မင်းက အမဲပစ်တတ်လို့လားကွ"

"ဟာ အမဲမပစ်ပါဘူးဗျ၊ ကျုပ်က သမန်းဆေးအောင်ထား တာဆိုတော့ ကျားဘဝပြောင်းပြီး အမဲကောင် လိုက်ရှာမှာပေါ့ဗျ"

"ဟေ ဟုတ်လား စံမောင်၊ မင်း တကယ်အောင်ထားတာ လား"

"မယုံရင် ဆရာ လိုက်ခဲ့လေ၊ တခြားသူတွေကိုတော့ ပြန် မပြောနဲ့"

လို့ ပြောတာနဲ့ ကျုပ်လည်း သူ့နောက်ကို တိတ်တိတ်လိုက် သွားရောဗျို့။ တောနက်ထဲရောက်တော့ ကျုပ်ကို ဒီကောင်က ခပ်ဝေးဝေးမှာ နေခိုင်းတယ်ဗျ။ ပြီးတော့မှ ခြုံပုတ်ကလေးအကွယ် မှာ သူ့အဝတ်အစားတွေကို ချွတ်ချလိုက်တာ။ နောက်တော့ မတ် တတ်ရပ်လျက်ကနေ လက်အုပ်ချီတာ တွေ့ရတယ်၊ ပြီးတော့ ပါးစပ် က ပွစိ ပွစိလုပ်ပြီး ရွတ်ဖတ်နေတော့တာပဲဗျ။ ကျုပ်လည်း နည်း နည်းကြောက်လာတာနဲ့ သစ်ပင်ကြီးတစ်ပင်ပေါ်ကို ဖက်တက်ပြီး နေလိုက်တယ်။ ရှိတွေဘာတွေခိုးလည်းပြီးရော ဒီကောင် မြေကြီးမှာ လက်ထောက်ပြီး နောက်ကျွမ်းပစ်လိုက်တာ၊ ဟာဗျာ ဘာပြော ကောင်းမလဲ တကယ့်ကျားကြီး ဖြစ်သွားရောဗျို့။

'ဝေါင်း ဝေါင်း' နဲ့ နှစ်ချက်လောက် ဟိန်းလိုက်သေးတာ။ ပြီးတော့ တောထဲကို ပြေးဝင်သွားရောဗျို့"

"ဟာ တကယ်ပေါ့ ဘိုး ဟုတ်လား"

ဘထစ်က မေးပြန်ရောဗျို့။

"သြော် တကယ်ကို ကျားဖြစ်သွားတာပါကွာ၊ ဒီလည်း



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်အောက်ကို ပြန်မဆင်းရဲတော့ဘဲ အပေါ်ထပ်တက်ရတော့တာပေါ့။ ဒီကောင် တော်တော်နဲ့ကို ပြန်မလာတာကွ၊ တစ်နာရီလောက်ကြာတော့မှ 'ဟင်း ဟင်း ဟင်း' ဆိုပြီး မာန်ဖီတဲ့အသံကြီးကြားလို့ သစ်ပင်အောက်ကို ငုံ့ကြည့်လိုက်တော့မှ နည်းတဲ့ကျားကြီးမှ မဟုတ်တာ၊ ကိုးတောင်ကျားကြီးကွ။ ပါးစပ်မှာ ဆတ်ကြီးတစ်ကောင်ကိုက်ပြီး ဆွဲလာတာဟေ့။ ငါ့စိတ်ထဲမှာ ဒါ စံမောင်ကျားမှ ဟုတ်ရဲ့လား၊ တခြားကျားများလားလို့ တွေးမိပြီး သစ်ပင်ပေါ် နောက်တစ်ဆင့် ထပ်တက်မိပြန်ရောပေါ့။ အဲဒီကျားက ဆတ်သေကြီးကို ငါတက်နေတဲ့ သစ်ပင်အောက်မှာ ထားခဲ့ပြီး ဆက်သွားတယ်။ စောစောက ခြုံပုတ်ကလေးဘက်ကို သွားတာ။ အဲဒီခြုံနားမှာ ပျောက်သွားတယ်။ ခဏနေတော့ ခြုံထဲကနေ စံမောင် ထွက်လာတယ်။ သူ့အင်္ကျီ၊ ပုဆိုးတွေ ပြန်ဝတ်ထားတယ်။ ဒီတော့မှ ငါလည်း သစ်ပင်ပေါ်က ဆင်းခဲ့ရတာပေါ့လေ။ သစ်ပင်အောက်ကို ရောက်တော့ စံမောင်က ငါ့ကို ပြုံးပြုံးကြီးကြည့်ပြီး. . .

"ကဲ ဘယ့်နှယ်လဲ ဆရာ၊ သမန်းကျား ဆိုတာကို ဆရာ သုံသွားပြီလား၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ မပြောနဲ့ ဆရာ၊ တစ်ရွာလုံးက ကျုပ် ဆေးအောင်တာကို သိကြတယ်။ ဒါပေမဲ့ ကျုပ် ကျားဘဝပြောင်းတာကိုတော့ သူတို့ တစ်ခါမှ မတွေ့ဖူးကြဘူး။ ဒါကြောင့် ဒါတွေဟာ ပုံပြင်ပါလို့ ထင်နေကြတာ၊ ကျုပ်ကလည်း မဟုတ်ဘူးလို့ပဲ အမြဲငြင်းထားတာ"

"အေးပါကွာ၊ ငါ ပါးစပ်လုံပါတယ် စိတ်ချပါ၊ ကဲ ဒီဆတ်ကြီးကို ဒီအတိုင်း သယ်သွားလို့ ကောင်းပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဆရာရဲ့၊ ဆရာနဲ့ ကျုပ်နဲ့ တောထဲမှာ အမဲ ထောင်ထားတယ်လို့ ကျုပ်က ပြောထားတာ၊ မားရာလေး ဘာလေး နည်းနည်းပေးပြီး ယူသွားကြတာပေါ့။

စံမောင်က အဲဒီလိုပြောပြီး ဆတ်ကြီးကို မားချက် နည်း နည်းပေးလိုက်တယ်။ ပြီးတော့ သူနဲ့ ငါနဲ့ ဆတ်သေကြီးကို ရှေ့ နောက်ထမ်းပြီး စခန်းကို သယ်ခဲ့ကြတာပေါ့ကွာ။ တောထဲမှာ ဟင်း စားငတ်တိုင်း စံမောင်နဲ့ ငါနဲ့ ဒီအလုပ်ကို လုပ်နေကြတာကွ"

"နောက်တော့ အဲဒီလူ ဘာဖြစ်သွားလဲ ဘိုးပေါ်လာရဲ့"

လှည်းသမားက မေးပြန်ရောဗျို့။ ဘိုးပေါ်လာက ခေါင်း လေးညိတ်လိုက်ပြီးတော့. . .

"အေးကွ၊ နောက်တစ်နှစ်လောက်ကြာတော့ စံမောင်တို့ ရွာကလူတွေ ပြောတယ်။ ပြာသိုလကြီးတဲ့၊ တအားအေးတဲ့ညမှာ သူတို့ရွာနားမှာ ကျားဟိန်းသံတွေ ကြားရတယ်တဲ့။ အဲဒီအသံတွေ ကြားတော့ စံမောင်က ရွာထဲမှာ ဂဏှာမငြိမ်ကို ဖြစ်လာတာတဲ့ဟေ့။ နောက်ဆုံးတော့ သူတို့ရွာသားတွေ ဝိုင်းချုပ်နှောင်ထားတဲ့ကြားကပဲ အဝတ်အစားတွေ အတင်းချွတ်ပစ်ပြီး နောက်ကျွမ်းပစ်လိုက်တာ ကျားကြီးဖြစ်သွားရောတဲ့။ ရွာသားတွေလည်း အိမ်ပေါ်တွေ တက် ပြေးကြရတော့တာပေါ့။ အဲဒါ စံမောင်ကျားက အသံအကျယ်ကြီးနဲ့ ဟိန်းသတဲ့။ ရွာအပြင်က ကျားတွေက ဟိန်းလိုက်၊ ရွာထဲက ကျားက ဟိန်းလိုက်နဲ့ နောက်ဆုံးတော့ ရွာစည်းရိုးကို ခုန်ကျော်ပြီး ထွက်သွား ရောတဲ့ဟေ့။ အဲဒီညကတည်းက စံမောင် ရွာကို ပြန်မလာတော့ တာ ဒီနေ့အထိဆိုပဲ။ ငါလည်း သစ်တောက ထွက်လာပြီးတဲ့နောက်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဘက်ကို ပြန်မရောက်တော့ စံမောင်သတင်းကို သိပ်မကြားတော့ဘူး။ မနှစ်က ရန်ကုန်ကို ရွှေတိဂုံဘုရားကြီးဖူးဖို့ သွားတော့မှ သစ်တောက လုပ်ဖော်ကိုင်ဖက်တစ်ယောက် ပြောပြလို့ စံမောင် ရွာပြန်မလာတော့ဘူးဆိုတာ သိလာရတာ"

"အို ဖြစ်မှဖြစ်ရလေဗျာ"

ဘိုးကျင်က စုတ်ကလေး တသပ်သပ်လုပ်ပြီး ပြောတယ်ဗျ။

"ဒီလူ တစ်ခါတည်း ကျားဖြစ်သွားတယ်ထင်တယ်ဗျ၊ ဘိုးကျင်ရ"

လှည်းသမားကလည်း သူ့ထင်ကြေးကို ပေးရာယ်ဗျ။

"အင်း ဖြစ်နိုင်တာပေါ့ ငမောင်ရာ၊ လူစိတ်ကို ပြန်မလည်တော့တာဖြစ်မှာပေါ့။ အရိုင်းစိတ်ကြီးနဲ့ပဲ တောထဲတောင်ထဲမှာ လျှောက်သွားရင်း ဘဝဆုံးသွားသလားမှ မသိတာ"

ဘိုးကျင်ကလည်း သူ့အထင်ကို ပြောတယ်။ ဒီလိုနဲ့ စကားတပြောပြောနဲ့ လှည်းမောင်းလာလိုက်တာ နာရီပြန် နှစ်ချက်လောက်မှာ ကညင်ကိုးပင်ကို ရောက်တယ်။ အဘိုးကြီးနှစ်ယောက် လှည်းသမားကို ပိုက်ဆံပေးကြတယ်။ ပြီးတော့မှ လှည်းပေါ်က ဆင်းသွားတယ်။ ကျုပ်တို့နှစ်ယောက်ကိုတောင် သေသေချာချာ နှုတ်ဆက်သွားသေးတယ်။

"ဒါ ကညင်ကိုးပင်၊ စင်ကိုးစင်လေကွာ၊ ဒါလည်း အဓိကရ နေရာတစ်ခုပဲကွ၊ ဒီအကြောင်းကိုတော့ နောက်တစ်ခါကြုံမှ ပြောပြတော့မယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အဘိုးတို့"

လို့ ကျုပ်တာ နှုတ်ဆက်လိုက်ရတယ်။ ဒါမျိုးကျတော့ ဘာထစ်က ထစ်နေလို့ စကားက ထွက်မလာဘူးလေဗျာ။ ကျုပ်လည်း ဒီတော့မှ ကညင်ပင်ကြီးတွေကို မော့ကြည့်မိတယ်။ ဟုတ်တယ်ဗျို့။ ကညင်ပင်ကြီးတွေက အမြင့်ကြီးတွေဗျ။ အပင်တစ်ပင်မှာ နတ်ကွန်းလိုစင်ကလေးတစ်စင်စီ ရှိတယ်။ ကညင်ပင်ကြီးတွေက အားလုံး ကိုးပင်ဆိုတော့ စင်တွေကလည်း ကိုးစင်ပေါ့ဗျာ။ ကညင်ပိုးပင် စင်ကိုးစင်တဲ့။ ကျုပ်စိတ်ထဲက ရွတ်ကြည့်လိုက်မိတယ်။ နောက်တစ်ခါ တွေ့မှ ဒီအကြောင်း ပြောပြဦးမယ်ဆိုပဲ။

ဒီကညင်ပင်ကြီးကိုးပင်မှာ ဘာအကြောင်းတွေများ ရှိနေလို့လဲ။ စင်ကိုးစင်ကို ဆောက်ပေးထားရတာကော ဘာကြောင့်များလဲ။

"ဒီကညင်ပင်ကြီးတွေရဲ့အောက်မှာ သိုက်ကြီးရှိတယ်လို့ ပြောကြတာကွ၊ ကညင်ကိုးပင်သိုက်ပေါ့။ အဲဒီသိုက်စောင့်တွေက မောင်နှမကိုးယောက်ရှိတယ်၊ သူတို့ကို ကညင်ပင်မောင်နှမတွေလို့ ခေါ်ကြတယ်။ ဒီနားကရွာတွေမှာ ဘုရားပွဲတို့ ကထိန်တို့ရှိလို့ ပွဲလမ်းသဘင်ရှိရင် သူတို့မောင်နှမတွေ လူစုခွဲပြီး သွားကြတယ်"

"ဟင် ဟုတ်လားဗျ၊ ဦးမောင်ရဲ့"

လှည်းဆရာရဲ့ နာမည်ကို ကျုပ်တို့ သိသွားပြီဆိုတော့ ပူကို ရင်းရင်းနှီးနှီးပဲ နာမည်ခေါ်ပြီး ပြောလိုက်တာပေါ့ဗျ။

"ဒီအနီးအနားရွာတွေက သူတို့ကို မတွေ့ဘူးလဲ၊ လူမရှိပလောက်ပဲကွ၊ လူတွေကိုလည်း အနှောက်အယှက်ဘာယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူး။ အေး သူတို့နေရာမှာ မဟုတ်တာ သွားလုပ်ရင်လည်း ဘယ်တော့မှ အရှင်မထားဘူးကွ၊ အသေလုပ်လိုက်တာချည်းပဲ"

"ဟင် သတ်ပစ်တယ် ဟုတ်လား ဗျ ဦးမောင်"

လှည်းက ကညင်ပင်ကြီးတွေနဲ့ တော်တော်ကို ဝေးလာပြီဗျ။ ဒါကြောင့်လည်း ကျုပ်က မေးဝံ့တာပေါ့။

"နေဦးဗျ၊ ကျုပ်တို့က အခု ကွေ့ကြီးက လေးကျွန်းမာရ်အောင်ဘုရားပွဲကို သွားကြမှာ၊ အဲဒီကိုရော ဒီကညင်ပင်မောင်နှမတွေ လာတတ်သလားဗျ"

"ဟာ အဲဒီဘုရားပွဲက ဒီအနီးအနားမှာ အစည်ကားဆုံးလေကွာ၊ ဒီမောင်နှမတွေက အဲဒီဘုရားပွဲကို အမိကသွားကြတာပေါ့ကွ"

"ဟင် ဟုတ်လား၊ ဒါဆိုရင် ကျုပ်တို့နဲ့များ တွေ့နေဦးမလား မသိဘူးနော်"

ကျုပ်စကားကိုကြားတော့ ဘထစ်က ကျုပ်ကို တစ်ချက်လှည့်ကြည့်တယ်။ ပြီးတော့ အ,ထစ် အ,ထစ်နဲ့ ပြောတယ်ဗျ။

'မင်း ကံကောင်းရင်တော့ တွေ့ရမှာပေါ့ကွာ' တဲ့။ အင်းလေ တွေ့တော့ တွေ့ဖူးချင်သားဗျ။ ကညင်ပင်မောင်နှမကိုးယောက်တဲ့၊ စိတ်ဝင်စားစရာတော့ တော်တော်ကောင်းတာပဲ။

ညနေ လေးနာရီလောက်မှာ စုန်းကွင်းကို လှည်းရောက်တယ်။ ကျုပ်တို့နှစ်ယောက် စုန်းကွင်းကနေ ကွေ့ကြီးကို ကုန်းကြောင်းလျှောက်ခဲ့ကြတယ်။ မြေပဲခင်းတွေကိုဖြတ်ပြီး ကျုပ်တို့နှစ်ယောက် ခပ်သုတ်သုတ် လျှောက်ခဲ့ကြတာ ငါးနာရီလိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကွေ့ကြီးကိုရောက်ပြီ။ ဘထစ်ကို မွေးစားခဲ့တဲ့ ဘဘုန်းရဲ့ကျောင်းက ရွာတောင်ဘက်မှာဗျ။ ဘုရားပွဲက ရွာရှေ့ပိုင်းမှာ။ ကျုပ်တို့ ဘုန်းကြီးကျောင်းရောက်တော့ လက်ရှိကျောင်းထိုင်ဆရာတော်က ဘထစ်ကို ဝမ်းသာအားရ ဆီးကြိုတယ်။ ဘထစ်ပြောတာ ဟုတ်တယ်ဗျ။ ကျုပ်တို့ရွာထဲကို ဖြတ်လျှောက်လာတော့ ဒီကောင့်ကို တွေ့တဲ့လူတိုင်းက နှုတ်ဆက်တာဗျ။

"ဟော့ကောင် ဘထစ်၊ တစ်ရွာလုံး မင်းအသိတွေချည်းပါလားကွ"

"ငါ ဆွမ်းခံလိုက်ခဲ့ရတဲ့ အိမ်ချည်းပဲလေကွာ၊ ငါ့ကို မသိဘဲ ဘယ်နေပါ့မလဲ၊ ဟဲ ဟဲ ဟဲ"

ကျောင်းက ကိုရင်တွေ ဦးပဥ္စင်းတွေကလည်း ဘထစ်ကို တော်တော်ခင်ကြတာဗျ။

ကျုပ်တို့နှစ်ယောက် ဆရာတော်ကို ဦးချကြတယ်။ ပြီးတော့ ဘထစ်က ကျုပ်နာမည်ကို ပြောပြတယ်။ ဆရာတော်ကလည်း ကျုပ်ကို ခင်သွားပုံပဲဗျ။

"ကဲ ဘထစ်ရော မင်းသူငယ်ချင်း မောင်တာတေရော ဒီကျောင်းမှာ လွတ်လွတ်လပ်လပ်သာနေကြ၊ ညရောက်တော့ ဘုရားပွဲမှာ လျှောက်လည်ကြ၊ ဒီညတော့ ပန်တျာကြည်လင်ဇာတ် ကမှကွ၊ ဒီညဆိုရင် ဘုရားပွဲက ငါးညမြောက်ပဲ။ လာလိုက်တဲ့လူတွေဆိုတာ မနည်းပါဘူးကွာ၊ ညရောက်တော့ တွေ့ကြမှာပါ"

"တင်ပါ့ဘုရား၊ တပည့်တော်တို့ပွဲတော့ မကြည့်ပါဘူး ဘုရား၊ လျှောက်ပြီးကြည့်ရုံပဲ ကြည့်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး မင်းတို့သဘောပဲ၊ ဟော့ ကျော်မောင်နဲ့ ကျော်အောင် ခဏလာကြဦး"

ဘုန်းကြီး ခေါ်လိုက်တော့ ကျောင်းသားကလေးနှစ်ယောက် ရောက်လာတယ်ဗျ။ ဆရာတော်ရှေ့မှာ ဒူးကလေးတွေတုပ်ပြီး ထိုင်နေကြတယ်။

"ကဲ ကျော်အောင်နဲ့ ကျော်မောင် ဒီက မင်းတို့အစ်ကိုကြီး ဘချစ်နဲ့ သူ့သူငယ်ချင်း ကိုကြီးတာတေတို့ ညစာစားဖို့ စီစဉ်လိုက်ကြကွယ်"

"တင်ပါ့ဘုရား၊ ကိုကြီးအုန်းညွန့်တို့ စီစဉ်နေပါပြီဘုရား"

"ဟော အုန်းညွန့် ဟုတ်လား၊ အုန်းညွန့်က သူ့ရွာပြန်မလို့ဆို"

"တင်ပါ မပြန်ဖြစ်သေးဘူးဘုရား၊ မနက်ဖြန်မှပဲ ပြန်တော့မယ် ပြောတယ်ဘုရား"

"ဩော် အေး အေး မင်းတို့နှစ်ယောက်က ဒီအစ်ကိုတွေ လိုတာ လုပ်ပေးကြကွဲ့၊ ကဲ ဘချစ်တို့ ရေမိုးချိုးချင်ရင် ရေတွင်းမှာ ချိုးကြလေကွယ်၊ ဘချစ်က ဒါ မင်းကျောင်းပဲဟာ၊ မောင်တာတေ ကို လိုတာလုပ်ပေးလိုက်ပေတော့"

"တင်ပါ့ဘုရား၊ ဒါဆိုရင် ဘပည့်တော်တို့ သွားလိုက်ပါဦး မယ်ဘုရား"

"ကဲ မင်းတို့ အဝတ်အစားအိတ်တွေကို ဟိုမြောက်ဘက် အခန်းထဲ ယူသွားကြ၊ အဲဒီအခန်းမှာ ကုတင်အလွတ်နှစ်လုံးရှိတယ်၊ အဲဒီမှာ ဒီည အိပ်ပေတော့ ဟုတ်လား ဘချစ်"

"တင်ပါ့ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နဲ့ ဘထစ် မြောက်ဘက်ခန်းကို လာခဲ့တယ်။ ရေတွင်းမှာ ရေတစ်ဝချိုးပြီး ညစာ စားကြတယ်။ ကျောင်းသားတွေရောကိုရင်တွေတပါ ညှော်ဝတ်တော်တော်ကောင်းကြပါတယ်။ ကျုပ်ဖြင့် အားနတောင်နာလာတယ်ဗျ။

ကျုပ်တို့ စားသောက်ပြီးတော့ မိုးချုပ်နေပြီ။ ည(၇)နာရီ ထိုးတော့ ဘထစ်နဲ့ ကျုပ် ဘုရားမွဲဈေးကို ထွက်လာခဲ့တယ်။ ဝလေးကျွန်းမှာရှိအောင်ဘုရားက ယင်းချောင်းနံဘေးက တောင်ကုန်းမြင့်မြင့်ကလေးပေါ်မှာဗျ။ မီးကို ထိန်နေတာပါပဲဗျာ။ ဘုရားကတော့ ရှေးဘုရားဗျ၊ ဘုရားတော်လည်း အတော်မြင့်သားပဲ။ ကျုပ်တို့ ဘုရားပေါ်တက်ခဲ့တယ်။ တရုတ်စက္ကူပင်တွေ စိုက်ထားတဲ့ ဘုရားတောင်ပေါ်ကနေ ယင်းချောင်းနံဘေးက ပွဲဈေးတန်းကလေးကို ငုံ့ကြည့်ရတာ တော်တော်ကို ပျော်စရာကောင်းတာပဲဗျာ။ ယင်းချောင်းကတော့ ရေကျချိန်ဆိုတော့ ရေတိမ်တိမ်ပဲ ရှိတာပါ။ ပန်တျာကြည်လင်ရဲ့ ဇာတ်ရုံကတော့ ကွင်းကြီးထဲမှာဗျ။ ရဟတ်ကြီးတစ်ခု လည်းပါတော့ လူကို တရုန်းရုန်းဖြစ်နေတာပါဗျာ။ ယင်းချောင်းနံဘေးက သောင်ပြင်မှာက ဆိုင်တန်းကြီးပေါ့ဗျာ။ လူကို ကြိတ်ကြိတ်တိုးနေတာပါပဲ။ ဘထစ်နဲ့ ကျုပ်က ကြံရည် တစ်ယောက်တစ်ခွက် သောက်တယ်။ ပြီးတော့ ဇာတ်ရုံဘက်ကို သွားတယ်။ ဟိုလျှောက် ဒီလျှောက်ပေါ့ဗျာ။ လူကတော့ တော်တော်ကို စည်တာဗျ။ အဲဒီမှာ ကျုပ်က လူတွေမျက်နှာကို လိုက်ကြည့်ပြီး အကဲခတ်နေတာကို ဘထစ်က တွေ့တော့ ပြုံးပြုံးကြီးလုပ်ပြီး. . .

"ဟော့ကောင် တာတေ မင်း ဘယ်သူ့ကို လိုက်ရှာနေတာတုံး"

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးတယ်။ ကျုပ်ကလည်း ခပ်ပြုံးပြုံးလုပ်ပြီး. . .

"ကညင်ကိုးပင်လေကွာ"

လို့ပြောတော့ ဘထစ်က ရယ်လိုက်တာဗျာ။

"မင်းကွာ၊ လူတွေ ဒီလောက်များနေတာ ဘယ်သူက လူ၊ ဘယ်သူက ဥစ္စာစောင့်ဆိုတာ သိနိုင်မှာလဲကွာ"

"အေးကွ၊ ဒါတော့ ဟုတ်တာပဲ"

လို့ ကျုပ်ကပြန်ပြောပြီး ယင်းချောင်းနံဘေးက ပွဲဈေးတန်းဘက်ကို ဆင်းလာခဲ့တယ်။ စည်လိုက်တဲ့လူဗျာ။ အထည်တွေ ဝယ်ကြ၊ ဘာတွေဝယ်၊ ဒန်အိုးဒန်ခွက်တွေ၊ ကြွေပန်းကန်တွေ ဝယ်ကြ၊ ကလေးကစားစရာတွေ ဝယ်ကြ၊ စာအုပ်တွေ၊ စောင်၊ ခြင်ထောင်တွေ ဝယ်ကြနဲ့ တော်တော်ကို ပျော်ကြတာဗျ။ ကျုပ်ဖြင့် သူတို့ဆီက အပျော်တွေကူးပြီး ကျုပ်ပါ ပျော်နေတာဗျ၊ ဘထစ်လည်း ကျုပ်လိုပဲ ပျော်နေပုံပဲဗျ။

ကျုပ်တို့နှစ်ယောက် ပွဲဈေးတန်းအဆုံးက ရေမန်ကျည်းပင်ကြီးတစ်ပင်အောက်မှာထိုင်ပြီး ယင်းချောင်းကလေးထဲမှာ လရောင်ထိုးကျနေတာကို ကြည့်နေကြတာဗျ။ အချိန်ကတော့ ညကိုးနာရီခွဲလောက်ရှိမယ်ထင်တယ်။ ပွဲတောင် ထွက်နေပြီဗျ။ အဲဒီတုန်းမှာ ဘထစ် မျက်လုံးကြီးပြူးပြီး ယင်းချောင်းအလယ်ကို လှမ်းကြည့်နေတယ်။ ပြီးတော့. . .

"ဟာ ဟိုမှာ မ-မ-ဖဲ-ဖဲဝါကြီးကွ၊ ခေါင်းကြီးထမ်းပြီး ယင်းချောင်းကို လှမ်းကျော်လိုက်တာကွ"

"ဘာကွ ဘထစ်၊ မဖဲဝါကြီး ဟုတ်လား၊ မင်းကွာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ ပြောဦးမယ်၊ ဒီယင်းချောင်းကို မဖဲဝါက ဘယ်လိုလုပ် ကျော်မှာ လဲကွ"

"မင်း မင်း မသိဘူး တာတေ၊ သူက ကြုံက်သလို ဖန်ဆင်း လို့ရတယ်၊ အခု သူ့အရပ်ကြီးကို ထန်းပင်နှစ်ပင်လောက် အမြင့်ကြီး ဖန်ဆင်းထားတာ၊ ဟော ဟော ဒီဘက်ကမ်းကို ရောက်လာပြီ၊ ပုခုံးပေါ်မှာ ခေါင်းကြီးတစ်လုံးလည်း ထမ်းထားတယ်ကွ"

"ဟေ ဟုတ်လားကွ ဘထစ်၊ ခေါင်းကြီးထမ်းလာတယ် ဟုတ်လား၊ ဒါ ဘာလုပ်ဖို့လာတာတုံးကွ၊ ဒါ ဘုရားပွဲ မဟုတ်လား၊ လာချင်ရင် ဒီအတိုင်းလာပေါ့၊ ခေါင်းကြီးက ဘာဖြစ်လို့ ထမ်းလာ တာတုံး"

"ဟော ယင်းချောင်းအတိုင်း အထက်ဘက်ကို လျှောက် သွားနေတယ်ကွ၊ လာ လာ တာတေ၊ သူ့နောက်က လိုက်ကြည့်မယ်၊ ကဲ ဒီလိုလုပ်ကွ၊ မင်းပါ မြင်ရအောင် အရင်တစ်ခါတုန်းကလို ငါ့လက်ကို ဆုပ်ထား၊ အေး ဟုတ်ပြီ၊ ဆေးတော်စောင့်ကြီးဗျာ ကျုပ် သူငယ်ချင်းကို အမြင်ဖွင့်ပေးပါဗျာ၊ ကဲ တာတေ၊ မျက်စိခဏပိတ် ထားလိုက်၊ ပြီးတော့မှ ဖြည်းဖြည်းပြန်ဖွင့်လိုက်"

ကျုပ်က ဒီအတွေ့အကြုံ ရှိပြီးသားဆိုတော့ ဘထစ် ပြော သလို လုပ်လိုက်တာပေါ့ဗျာ။

"ဟာ ဟုတ်သားပဲ ဘထစ်ရ၊ မဖဲဝါကြီးက အရပ်အရှည် ကြီး ဖန်ဆင်းထားတာကိုးကွ၊ ဒါကြောင့် ယင်းချောင်းကို ခွကျော်နိုင် တာပေါ့၊ ဒါ ဘယ်ကိုသွားနေတာတုံးကွ"

"ငါလည်း မသိဘူး တာတေ၊ ငါ့လက်ကို မလွှတ်နဲ့တော့၊



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ထား ဆုပ်ထား၊ ဒါမှ မင်းမြင်ရမှာ၊ ဟာ ချောင်းအကွေ့မှာ ပျောက်သွားပါရောလားကွ"

ကျုပ်တို့နှစ်ယောက် ယင်းချောင်းကွေ့အထိ လိုက်ကြသေးတယ်ဗျ။ ဘာမှမတွေ့တော့ဘူး။ သဲသောင်ပေါ်မှာ ခြေရာတွေဘာတွေ ကျန်မလားလို့လည်း လိုက်ရှာကြည့်ကြသေးတယ်။ ခြေရာလည်း မတွေ့ပါဘူး။

"ဘထစ် ဒါဘာဖြစ်တာတုံးကွ၊ ဒီလောက် လူစည်ကားတဲ့ နေရာကို မဖဲဝါကြီး ဘာလာလုပ်တယ်လို့ မင်း ထင်လဲ"

"ကဲ ငါ့လက်ကို ဖြည်လိုက်တော့၊ မဖဲဝါမှ မရှိတော့တာ"

ကျုပ်က လက်ဆုပ်ကို ဖြည်လိုက်တယ်။

ဘထစ်က သက်ပြင်းတစ်ချက်ချလိုက်တယ်။ ပြီးတော့မှ အ,ထစ် အ,ထစ်နဲ့ ပြောတယ်ဗျ။

"တာတေ ဒါကော်တော်ကို မကောင်းတဲ့ အတိတ်နိမိတ်ကြီးကွ၊ အင်မတန်ဖြစ်ခဲတာ၊ မဖဲဝါ ခေါင်းထမ်းတာ အကြောင်းမဲ့ မထမ်းဘူး၊ ဒီနေရာမှာ လူတွေ အများကြီး သေတော့မှာမို့လို့ကွ"

"ဟေ ဟုတ်လား ဘထစ်၊ မင်း သိတယ်ဟုတ်လား"

"အေး ငါ သိတယ်ကွ၊ ငါ တိတိကျကျကို ကြားဖူးတာ၊ အခုမှ မြင်ဖူးတွေ့ဖူးတာ။ ဒီနေရာမှာတော့ တစ်ခုခုဖြစ်ပြီး လူတွေ အများကြီး သေလိမ့်မယ်"

"ဒါဆိုရင် လူတွေကို မင်းနဲ့ငါ အသိလိုက်ပေးကြမလား"

"ဟာ တာတေရာ၊ မင်းနဲ့ငါ လျှောက်ပြောတော့ရော ဘယ်သူက ယုံမှာတုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်မယ်လို့ မင်းထင်လဲ၊ ဘထစ်"

"အဲဒါတော့ ငါလည်း မတွေးတတ်ဘူးကွ၊ ကဲ တာတေ၊ မင်းနဲ့ငါ ဘုရားတောင်ပေါ် တက်ကြရအောင်၊ ဘုရားကိုပဲ အာရုံပြု ပြီး လူတွေကို ဘေးမသီ ရန်မခဖို့ မေတ္တာပို့ကြတာပေါ့ကွာ"

ပြောပြောဆိုဆို ဘထစ်နဲ့ ကျုပ်နဲ့ ဘုရားတောင်ပေါ်ကို တက်ခဲ့ကြတယ်။ ဘုရားမှာ လူတောင် တော်တော်ရှင်းနေပြီဗျ။ အားလုံး ပွဲခင်းထဲရောက် ဆိုင်တန်းတွေဘက်ရောက်ပေါ့ဗျာ။ ဘထစ် နဲ့ကျုပ် ဘုရားရှိခိုးပြီး မေတ္တာသုတ်ရွတ်ကြတယ်။ ပြီးတော့ နှစ်ယောက် သား လူတွေကို မေတ္တာပို့ကြတာပေါ့ဗျာ။ ဘုရားပွဲလာတဲ့လူတွေ ဘေးဥပါဒ်အန္တရာယ် ကင်းကြပါစေပေါ့ဗျာ။ ကျုပ်တို့နှစ်ယောက် မေတ္တာပို့လို့ တော်တော်ကလေးကြာသွားတော့. . .

"ဂျိမ်း ဂျိမ်း ဂျိမ်း"

မိုးခြိမ်းသံကြီးဗျ။ ခပ်လှမ်းလှမ်းက ကြားလိုက်တာ။ ကျုပ် ကြားသလို ဘထစ်လည်းကြားတယ်။ သူ ချက်ချင်း ထိုင်ရာကနေ ဆတ်ခနဲ ထတယ်။ ပြီးတော့ ယင်းချောင်းရှိတဲ့ဘက်ကို ပြေးသွား တယ်။ ကျုပ်လည်း ဘုမသိ ဘမသိနဲ့ ဘထစ်နောက်က ပြေးလိုက်ခဲ့ ရတာပေါ့ဗျာ။ ဘုရားလူကြီးတွေလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကောင်းကင်ကို မော့ကြည့်ကြတယ်။

"နောက်ကျသွားပြီ တာတေရေ၊ မိုးစက်တွေတောင် ကျ လာပြီကွ၊ ဟိုးအထက်ဘက်က တောင်တွေပေါ်မှာ မိုးရွာနေပြီ မကြာခင် ယင်းချောင်းထဲကို ရေတွေ ဒလဟော ကျလာတော့မယ်၊ ဟော ဟိုမှာတွေ့လား မိုးစက်တွေကျလာလို့ လူတွေ သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီကွ၊ ပြေးနေကြပြီ တွေ့လား၊ ပြေးနေကြပြီ၊ လွတ်ပါ့မလား၊ လွတ်ပါ့မလား"

ဘထစ်က ပါးစပ်က တတွတ်တွတ် ပြောနေတယ်ဗျ။ ကျုပ်က ယင်းချောင်းအထက်ဘက်ကို ကြည့်နေမိတယ်။

"ဟာ ဘထစ် ဟိုမှာ ဟိုမှာ ရေလုံးကြီး ကျလာပြီ၊ ရေလုံးကြီး ဟိုမှာ"

ကျုပ် အလန့်တကြား အော်လိုက်တယ်။ ဟုတ်တယ်ဗျာ။ ရေလုံးကြီးတွေ ဖျာလိပ်ကြီး လိမ့်သလို လိမ့်ကျလာတာ၊ ဒါမျိုးပေါ့ဗျာ မြင်းပြေးလို့တောင် မလွတ်ဘူးဆိုတာပေါ့။

"ဝေါ ဝေါ ဝေါ"

အသံကြီးကို မြည်ပြီးတော့ ကျလာတာဗျို့။ စောစောက စည်ကားနေတဲ့ ဘုရားပွဲဈေးတန်းကလေးမှာ ငရဲပွက်သလို အသံတွေ၊ အော်ကြဟစ်ကြတဲ့ အသံတွေ ကျွက်ကျွက်ကိုညံသွားတာပေါ့ဗျာ။ မြန်လိုက်ပါဘိတော့ဗျာ။ ခဏကလေးအတွင်းမှာကို ယင်းချောင်းကြီးတစ်ခုလုံး ရေတွေပြည့်သွားတာဗျို့။ ဆိုင်ခန်းကလေးတွေလည်း ခေါင်မိုးတွေပဲ ပေါ်တော့တာ။ တစ်ချို့လည်း ရေစီးနဲ့ ကျွတ်ပါသွားပြီ။

ဇာတ်ရုံထဲကလူတွေလည်း ပြေးထွက်လာကြပြီဗျို့။ ပွဲလည်း ပျက်သွားပါပြီ။

"ဝေါ"

မိုးတွေ ဝေါခနဲ ရွာချလိုက်ပြီဗျို့။ ဒီမိုးတွေ ချောင်းချင်း ဘယ်ကဘယ်လို တက်လာမှန်းကို မသိလိုက်ပါဘူးဗျာ။ ယင်းချောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲမှာ ရေတွေဖွေးလို့။ ဆိုင်တွေ ရေအောက်ကို မြုပ်ကုန်ပြီ။ လူတွေရော ဘယ်လောက်လွတ်ပြီး ဘယ်လောက် ရေနဲ့ပါသွားသလဲ။ ကျန်တဲ့လူတွေက မိုးရေတွေစိုလို့။ ကျုပ်ရော ဘထစ်ရော မိုးရေတွေ ရွှဲလို့ပေါ့ဗျာ။ ဟော ကွေ့ကြီးရွာထဲက လူတွေလည်း ပြေးထွက်လာကြတယ်ဗျို့။ ဒါပေမဲ့ ဘယ်သူက ဘာတတ်နိုင်မှာလဲဗျာ။ ကျုပ် မျက်စိထဲမှာတော့ ထန်းပင်နှစ်ပင်စာလောက်ရှိတဲ့ အရုပ်ကြီးနဲ့ သောင်ပြင်မှာ ခေါင်းကြီးတစ်လုံးထမ်းပြီး လျှောက်သွားနေတဲ့ မဖဲဝါကြီးကိုပဲ မြင်နေမိတယ်ဗျာ။ ဒီည ဒီနေရာဟာ ဘဝအဆက်ဆက်က ပါလာတဲ့ အကုသိုလ်တရားတွေ လာဆုံတဲ့ မရဏာဆုံမှတ်တစ်ခုပဲ ပေါ့ဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



ကောလဝ်

# ငနက်ကြီးရဲ့ဆရာ

...တေခိုတဲ့ ကျုပ်က အင်မတန်မှ နှုတ်လုံတဲ့ကောင်ဗျ။ ဒါကြောင့်လည်း ...မသိအောင် လုပ်ရတဲ့အလုပ်တို့၊ စွန့်စွန့်စားစား လုပ်ရမယ့်အလုပ်တို့၊ အခြေအနေမဟန်ရင် အသက်ကို ဖက်ကလေးနဲ့ထုပ်ပြီး ပြေးရမယ့်အလုပ်တို့ ဆိုရင် ကျုပ်ကို လာလာပြီး အဖော်ခေါ်ကြတယ်ဗျ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် ပြေးခဲ့ရတဲ့အကြိမ်တွေ မှန်းမှတ်လို့ တောင်မှတ်မိတော့ပါဘူးဗျာ။

အခုလည်း တာတေကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့တဲ့ အဖြစ်အပျက်အလွမ်းတစ်ခုကို ပြောပြချင်လို့ဗျ။ ခင်ဗျားတို့သိတဲ့အတိုင်းပဲဗျာ။ ကျုပ်တို့အညာဒေသဆိုတာက ပူပြီဆိုရင် လွှတ်ပူတာလေ။ အေးပြီဆိုရင်လည်း မေးရိုက်အောင်ကို အေးတာဗျ။

ဒီနေ့လည်း ပူလွန်းလို့ တာတေ ဘယ်မှကို မသွားတာဗျ။ ကျုပ် ထုံးစံအတိုင်းပေါ့ဗျာ၊ ကျုပ်တို့ဝိုင်းထဲက မန်ကျည်းပင်ကြီးအောက်က သစ်သားကွပ်ပျစ်ပေါ်မှာပဲ ဝါးပိုးခြမ်းကလေး ခေါင်းအုံးပြီး မှောက်လိုက် လှန်လိုက်လုပ်နေတာ။ ကျုပ်က နဂါးဆေးပေါ့လိပ်ကိုလည်း လွှတ်ကြိုက်တာဗျ။ ဆေးပေါ့လိပ်ကလေးဖွာလိုက်၊ ပြန်ချထားလိုက်ပေါ့ဗျာ။ အညာသားစည်းစိမ်ဆိုတာ ဒါမျိုးထင်ပါရဲ့။

"ဟ တာတေရ၊ တယ်လည်း ဇိမ်ခံတာကိုးကွ"

ဟော လုပ်ပြီ။ ကျုပ်မို့လို့ စည်းစိမ်ခံတော့မယ်ဆိုရင် တစ်ယောက်မဟုတ် တစ်ယောက်ကတော့ ရောက်လာတော့တာပဲ။ ကျုပ်လည်း ကပျာကယာ ခေါင်းထောင်ကြည့်လိုက်ရတာပေါ့ဗျာ။ ဝိုင်းပေါက်ဝမှာ တောင့်တောင့်ကြီး ရပ်နေတဲ့ ကိုနီတာကြီးကို တွေ့သဗျ။

"ဟာ ကိုကြီးနီတာ လာဗျ၊ ဂလောက်ကြီးပူနေတဲ့ကြားထဲမှာ ဘယ်ကပြန်လာတာတုံး"

"ဘယ်ကမှ ပြန်လာတာ မဟုတ်ပါဘူးကွာ၊ မင်းဆီကိုပဲလာတာပါ၊ မင်းနဲ့ စကားလေး စမြည်လေး ပြောချင်လို့ပါကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် လာလေ၊ ကိုကြီးနီတာ"

ကျုပ်က နွေစည်းစိမ်ကလေး ရစ်နေရာက ကပျာကယာ ကုန်းထလိုက်တယ်။ ပြီးတော့ ကျုပ်အိပ်နေတဲ့ သစ်သားကွပ်ပျစ်ကလေးကို ကျုပ်ဘေးမှာ ချထားတဲ့ ပုဆိုးဟောင်းကလေးနဲ့ ဖုန်ခါပေးလိုက်တယ်။

"ရပါတယ် တာတေရာ၊ ဖုန်တွေဘာတွေ ခါဖို့မလိုပါဘူးကွာ"

ပြောပြောဆိုဆိုနဲ့ ကိုနီတာက ကွပ်ပျစ်မှာ ဝင်ထိုင်လိုက်တယ်။ ပြီးတော့ သူဆောင်းလာတဲ့ ဝါးပတ်ခမောက်ကိုချွတ်ပြီး ယပ်ခပ်နေတယ်ဗျ။ ကျုပ်က အိမ်ပေါ်ကို အပြေးတက်ပြီး ရေနွေးကြမ်းအိုးနဲ့၊ နဂါးဆေးပေါ့လိပ်တွေ ယူလိုက်တယ်။ အကြမ်းခပ်ပူပူကို ပန်းကန်ထဲ ငှဲ့ပေးလိုက်တယ်။

"သောက် ကိုကြီးနီတာ သောက်"

ကျုပ်တို့အညာမှာက နေပူထဲကလာရင် ရေနွေးပူပူ သောက်ကြတာ ထုံးစံပဲဗျ။ ကျုပ်က ကိုနီတာ ရေနွေးသောက်နေတုန်းမှာ နဂါးဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိပြီး အဆင်သင့်လုပ်ထားတယ်။

"ရော့ ဆေးပေါ့လိပ်ကလေးဖွာဦး၊ ကိုကြီးနီတာ"

ကိုကြီးနီတာကလည်း ကျုပ် ကမ်းပေးတဲ့ ဆေးလိပ်ကို လှမ်းယူပြီး တစ်ဖွာ နှစ်ဖွာ ဖွာတယ်ဗျ။

ကျုပ်ကလည်း သူ့အမောပြေအောင် စောင့်နေရတာပေါ့ဗျာ။ ခဏနေလို့ ကိုကြီးနီတာ အမောပြေသွားတော့မှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးနီတာ ကျုပ်ဆီကိုလာတာ ဘာကိစ္စတုံးဗျ"

လို့ ကျုပ်က မေးလိုက်တော့ ကိုကြီးနီတာက ဆေးလိပ်ကို တစ်ရှိုက် ရှိုက်လိုက်တယ်။ ပြီးတော့မှ မီးခိုးတွေကို ဖူးကနဲ မှုတ်ထုတ်ပစ်လိုက်တယ်ဗျ။

"ဒီလိုကွ တာတေရ၊ ဒီအကြောင်းကိုတော့ ဘယ်သူ့ကိုမှ ပြန်မပြောပါနဲ့ကွာ၊ မင်းကို ယုံလို့ ငါပြောတာပါ"

"ဟာ ဒီအတွက်တော့ စိတ်ချပါဗျာ၊ လူမသိအောင် လုပ်ရတဲ့ကိစ္စတွေက ကျုပ်အတွက် ရိုးနေပါပြီ ကိုကြီးနီတာရာ"

"အေး ဒါဆိုရင်တော့ ပြောရတော့မှာပေါ့ကွာ၊ ဒီလိုကွ၊ တာတေရ ငါ အစောင့်မွေးမလို့"

"ဗျာ အစောင့် ဟုတ်လား၊ ကိုကြီးနီတာ"

"ဟာကွာ တာတေကလည်း မင်းက ဗဟုသုတများတယ်ဆိုပြီး ဒါတောင် မသိဘူးလား၊ သရဲမွေးတာကို ပြောတာကွ"

"ဗျာ သရဲမွေးမလို့ ဟုတ်လား၊ ဟာ ဖြစ်ပါ့မလား ကိုကြီးနီတာရဲ့၊ ကြောက်စရာကြီးဗျာ"

"ဟာ မကြောက်ရပါဘူးကွ တာတေရ၊ ငါ့မှာ အဲဒီအတတ်ပညာ ရှိပါတယ်"

"နေပါဦးဗျ၊ ဘာအတွက် မွေးမှာတုံး"

"ဟကောင်ရ၊ ကိုယ့်ကိုစောင့်ရှောက်အောင်ပေါ့ဟ"

"ဟင် ဘာကိုစောင့်ရှောက်ရမှာတုံး ကိုကြီးနီတာ"

"အကုန်ပေါ့ တာတေရ၊ စီးပွားရေးရော၊ ရန်အန္တရာယ်၊ ကိုယ့်ရဲ့စီးပွားပြိုင်ဘက်ကို အနိုင်ရဖို့အတွက်ရောပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ့ သရဲက အဲဒီလောက်အထိ အစွမ်းရှိလို့လားဗျ"

"အေး မင်းမေးတာ မေးထိုက်တဲ့ မေးခွန်းပဲကွ တာတေရ၊ သရဲတိုင်းမှာတော့ အစွမ်းဘယ်ရှိမလဲကွ၊ ရှိတဲ့သရဲကို ရွေးပြီးမွေးရမှာပေါ့"

"ဩော် ဒီလိုလား၊ နို့ ဘယ်လိုသရဲက အစွမ်းရှိတာတုံး ကိုကြီးနီတာရဲ့"

"ဒီလိုကွ၊ ဘန့်ဘွေးကုန်းက ဆရာနက်ကြီးကို မင်း သိတယ် မဟုတ်လား"

"ဟာ သိတာပေါ့ဗျ၊ ဆေးဆရာ ဦးနက်မို့လား"

"မနေ့ကပဲ ဆုံးသွားပြီကွ"

"ဟင် ဟုတ်လား၊ ကျုပ်တော်င် မကြားမိသေးပါဘူးဗျာ"

"အေး ဆရာနက်ကြီး ဆုံးသွားပြီကွ တာတေရ၊ အဲဒီလို ပုဂ္ဂိုလ်မျိုးကို မွေးနိုင်ရင် သေချာပေါက် ကြီးပွားတယ်ကွ၊ ဒီလိုလူမျိုး သေရင် သူယောင်လို့ခေါ်တဲ့ သရဲတစ်မျိုး ဖြစ်တတ်တယ်"

"ဟာဗျာ ဆေးဆရာသေတိုင်း သူယောင်ဖြစ်မတဲ့လား ကိုကြီးနီတာရဲ့"

"အေးပေါ့ တာတေရ၊ ဆေးဆရာသေတိုင်း သူယောင်ဖြစ်တာတော့ မဟုတ်ဘူးပေါ့ကွ၊ ကျင့်စဉ်တစ်ခုကို ပြီးဆုံးအောင်မြင်အောင် မကျင့်နိုင်ဘဲ မအောင့်တအောင်နဲ့ သေသွားတဲ့ ဆရာတွေဟာ သူယောင်ဖြစ်တယ်ကွ၊ ရိုးရိုးဆေးဆရာကို ပြောတာမဟုတ်ဘူးလေ"

"ဩော် ဒီလိုလား၊ ဆရာနက်က ဘာတွေများ ကျင့်ကြံသွား လို့တုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သူကျင့်တာက ဗျည်းသုံးဆယ့်သုံးလုံးကျင့်စဉ်ကွ၊ အက္ခရာ စာလုံးတွေရွတ်ပြီး အစားအသောက်စားတဲ့ ကျင့်စဉ်ပေါ့ကွာ၊ ဆရာနက်ကြီးက အောင်ကာနီးကျမှ သေသွားတာ၊ ငါ အတိအကျ သိတယ်ကွ၊ အဲဒီလိုဖြစ်မှ သူယောင်ဖြစ်တာ"

"ဩော် ဆရာနက်က အခု သူယောင်ဖြစ်သွားပြီပေါ့ ဟုတ်လား ကိုကြီးနီတာ"

"ဟုတ်တယ် တာတေရဲ့၊ ငါ အတတ်ကိုပြောနိုင်တယ်ကွ"

"ကဲ ဒါတော့ ထားပါတော့ဗျာ၊ ကိုကြီးနီတာ မွေးတိုင်းရော စောင့်ရှောက်ပါ့မလားဗျ"

ကျုပ်က ဒီလိုမေးလိုက်တော့ ကိုနီတာကြီးက ကျုပ်ကို ပြုံးပြီးကြည့်တယ်။ ပြီးတော့မှ. . .

"မွေးတိုင်း စောင့်ရှောက်တာတော့ ဘယ်ဟုတ်မလဲ တာတေရ၊ မွေးနည်းမွေးဟန်ကို တတ်ကျွမ်းဦးမှ ဖြစ်မှာ၊ အဲဒီကိစ္စ ငါ ကျွမ်းပါတယ်ဆိုမှကွာ"

"အင်း ဒါဆို ကျုပ်က ဘာလုပ်ပေးရမှာတုံးဗျ"

"အဲဒီကိစ္စက တစ်ယောက်တည်း လုပ်လို့မရဘူးကွ၊ နှစ်ယောက်လုပ်ရတာ၊ လုပ်မဲ့လူက သတ္တိကောင်းဖို့လည်း လိုတာပေါ့ကွာ၊ ဒါကြောင့် မင်းကို ငါလာခေါ်တာကွ၊ မင်းသတ္တိကို ငါ သိပြီးသားကွ တာတေရ၊ ပြီးတော့. . ."

"ပြီးတော့ ဘာဖြစ်တုံးဗျ၊ ကိုကြီးနီတာရဲ့"

"ဒီလိုလေကွာ၊ အခုသေသွားတဲ့ ဆရာနက်လည်း စနေသား၊ သူ့ကို အစောင့်မွေးမယ့်ငါကလည်း စနေသား၊ မင်းကလည်း စနေ



www.burmeseclassic.com

www.burmeseclassic.com



သားလေ၊ အဲဒီလိုမျိုးဖြစ်ရင် လုံးဝအောင်မြင်တယ်ကွ"

"ဟာ ဟုတ်လား၊ ကဲ ဒါဆိုလည်း ကြိုက်သလိုသာ စီစဉ်တော့ဗျာ၊ ကျုပ် လိုက်ခဲ့မယ်၊ ကျုပ်ဆို့တဲ့ကောင်ကလည်း ဒါမျိုးစပ်စုရမယ်ဆိုရင် နှစ်ယောက်မရှိတဲ့ကောင်ဗျ ကိုကြီးနီတာရ"

"အေး ဒါဆိုရင် အခုလာမယ့် လကွယ်ညဟာ ဆရာနက်ရက်လည်မယ့်ညပဲကွ၊ အဲဒီညမှာ ငါတို့အလုပ်လုပ်ကြမယ်ကွာ၊ ဘယ့်နှယ်လဲ ဖြစ်ပါ့မလား"

"ဟာ ကိုကြီးနီတာကလည်း ကျုပ်ပြောပြီးပြီပဲဗျာ၊ ကျုပ်ဘက်က အချိန်မရွေးလိုက်ဖို့ အဆင်သင့်ပဲ၊ ကဲ ကျေနပ်ပြီလား"

"ဟား ဟား ဟား ဟား၊ ဒါမှ ငါ့ညီတာတေကွ၊ ဒါကြောင့်လည်း မင်းကို ငါ အားကိုးတာ"

လို့ပြောပြီး ကိုနီတာကြီးက ကျုပ်ကျောကုန်းကို ပုတ်နေတာဗျို့၊ ကျုပ်ကလည်း စပ်စုချင်လို့သာ လိုက်ရမှာ၊ ကျောထဲကတော့ ခပ်ချမ်းချမ်းပဲဗျ။

ကိုကြီးနီတာကတော့ သူ့လာရင်းကိစ္စ အဆင်ပြေသွားတော့ ပျော်သွားပြီပေါ့ဗျာ။

"ဒါနဲ့ နေပါဦး ကိုကြီးနီတာရဲ့၊ ဒီလိုကိစ္စမျိုးတွေ ခင်ဗျားဘယ်လိုကနေ ဘယ်လိုတတ်လာတာတုံးဗျ"

"အေး မင်းသိချင်ရင်တော့ ငါပြောပြရမှာပေါ့ကွာ၊ ငါတို့ဘိုးလေး ဦးသာဝကို မင်း မီလိုက်တယ်မို့လား၊ ရွာမြောက်ပိုင်းမှာနေသွားတာလေ"

"ကျုပ် သိတာပေါ့ဗျ၊ ရန်ကုန်မှာနေတာဆို၊ မြောက်ပိုင်းက



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ကို ခဏခဏ လာတတ်ပါတယ်၊ နောက်ပိုင်းတော့ မတွေ့တော့ဘူးဗျာ"

"မတွေ့ဆို ဘိုးလေးသာဝက လာမှမလာတော့တာ၊ သူ့ဝိုင်းရော၊ ယာတွေရော ရောင်းပစ်လိုက်တာကွ၊ ရန်ကုန်မှာပဲ အပြီးနေတော့တာ"

"နို့ ဘိုးသာဝက အခုရှိသေးလို့လား"

"ဟာ မနှစ်ကမှ ဆုံးသွားတာကွ၊ မသေခင် တော်တော်ချမ်းသာသွားတာ၊ ရန်ကုန်မှာကို တိုက်နဲ့ ကားနဲ့ နေသွားတာပေါ့"

"ဩော် ဘိုးသာဝက ရန်ကုန်မှာ ဘာအလုပ်လုပ်တုံးဗျ"

"သုံးဘီးကားတွေရော၊ ကုန်ကားတွေရော ထောင်ထားတာကွ"

"ဩော် အဲဒီလောက်ကို ချမ်းသာသွားတာကိုး"

"အေး. . . ဒါပေမဲ့ ဘိုးသာဝရဲ့ အဓိကအလုပ်က အဲဒါမဟုတ်ဘူးကွ"

"ဟင် ဒါဆို အဓိကအလုပ်က ဘာတုံးဗျ"

"အဓိကအလုပ်က ဖဲချတာရယ်၊ ဂျင်ထိုးတာရယ်ကွ"

"ဗျာ ဖဲချတာနဲ့ ဂျင်ထိုးတာ ဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ သူဖဲချသွားတိုင်း သူ့အစောင့်ကို ပြောသွားတာ၊ ဟိုက သူနဲ့လိုက်သွားပြီး ဘယ်သူ့ဆီမှာ ဘာဖဲရှိတယ်ဆိုတာ သူ့နားနားကပ်ပြီး ပြောတာတဲ့ပေါ့၊ တစ်ဝိုင်းလုံး ပါသမျှတော့ ဘိုးသာဝတို့က သိမ်းပြီးသားပဲဗျာ"

"ဟာ တယ်ဟုတ်ပါလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဂျင်ထိုးရင်လည်း ဒီအတိုင်းပဲတဲ့ဟေ့၊ ဘာပေါ်နေပြီ၊ ဘာထိုးလို့ တန်းပြောတာတဲ့၊ သူပြောတာသာ ထိုးလိုက်လို့ကတော့ အလျော်ရပြီးသားပဲတဲ့ဗျာ"

"ဟာ ဒါဆို ဘိုးသာဝ ချမ်းသာပြီပေါ့ဗျ"

"အေးပေါ့ကွ တာတေရ၊ ဒါကြောင့် ဘိုးသာဝကြီး ချမ်းသာတာပေါ့၊ ဒါပေမဲ့ ဘိုးသာဝက လိမ္မာပါးနပ်တော့ ငွေတွေရလာရင် ကားတွေဝယ်ထောင်ထားတာဗျ။ အဲဒီတော့ အရင်လို ဂျင်ဝိုင်းမှန်သမျှ ပိုက်စိပ်တိုက်ပြီး လိုက်ထိုးစရာ မလိုတော့ဘူးလေကွာ၊ တကယ်ဝိုင်းကြီးတွေရှိမှ တစ်ချက်ကောင်းပဲ သွားလုပ်တော့တာကွ၊ အချိုကြီး ရတာချည်းပဲကွ"

"အေးဗျာ၊ ကိုကြီးနီတာ ပြောတာကို နားထောင်ပြီး ကျုပ်တောင် သရဲမွေးချင်စိတ် ပေါက်လာပြီဗျို့"

"ဟား ဟား ဟား မင်းက ငယ်ပါသေးတယ်ကွာ၊ နောက်တော့ မင်း မွေးချင်ရင် ငါလုပ်ပေးမှာပေါ့ကွ"

ကိုနီတာကြီးက ကျုပ် တကယ်ပြောတယ်ထင်ပြီး ပြောနေတာဗျ။ တကယ်တော့ ကျုပ်က နောက်ပြောတာပါဗျာ။

"အဲဒီလုပ်နည်းကိုင်နည်းတွေကို ကိုနီတာကြီး ဘယ်က ရလာတာတုံးဗျ"

ကျုပ်ကလည်း လွှတ်စပ်စုတဲ့ကောင်မို့လား၊ ဒွဲပဲ မေးလိုက်မိတာပေါ့။

"ဟကောင် တာတေရ၊ ဘယ်က ရလာရမလဲကွ၊ ငါ့ဘိုးလေး ဘိုးသာဝဆီက ရတာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးသာဝက ကိုကြီးနီတာကို သင်ပေးတယ်ဟုတ်လား"

"ဘိုးလေး ဘိုးသာဝက မြေးတွေထဲမှာ ငါ့ကို အချစ်ဆုံးကွ၊ ဒါကြောင့် ဒီလုပ်နည်းကို သင်ပေးထားတာ"

"အန္တရာယ်တွေဘာတွေ မရှိနိုင်ဘူးလားဗျ၊ ကိုကြီးနီတာရဲ့"

ကျုပ်က သူ့ကို စိုးရိမ်လို့ မေးတာပါဗျာ။ ကိုနီတာကြီးက ခေါင်းညိတ်တယ်ဗျ။

"အန္တရာယ်တော့ ရှိတယ်ကွ၊ ဒါကလည်း ကိုယ့်ဘက်က ကတိပျက်မှပါကွာ၊ သူ့ကို ကျွေးရ မွေးရမယ့်အချိန်မှာ ကတိပျက်လို့ မရဘူးကွ၊ တိတိကျကျ လုပ်ပေးရတယ်၊ ဒါဆိုရင် သူကလည်း စောင့်ရှောက်တာပါပဲကွာ၊ ဘာမှ မလုပ်ပါဘူး၊ အေး တစ်ခုတော့ ရှိတယ်နေဘ် တာတေ၊ ကျွေးချိန်တန်လို့မှ မကျွေးရင်တော့ အသေသတ်တတ်တယ်ဗျာ"

"ဟာ ကြောက်စရာကြီးပါလားဗျာ"

အဲဒီနေ့က ကိုနီတာ ကျုပ်နဲ့ထိုင်ပြီး စကားပြောလိုက်တာ ညနေ တော်တော်စောင်းမှ ပြန်သွားတယ်ဗျ။ ကိုနီတာတို့က ရွာရှေ့ပိုင်းမှာ နေတာဗျ။ သူ့မိဘတွေကတော့ ဆုံးကုန်ပြီ။ သူတို့အခြေအနေက မဆိုးပါဘူး။ ယာတွေဘာတွေနဲ့ ပြည့်ပြည့်စုံစုံပါ။ ဒါပေမဲ့ သူ့ညီတွေကသာ ယာထဲ မှန်မှန်ဆင်းကြတာပါ။ ကိုနီတာကြီးကတော့ သိပ်မလုပ်ပါဘူး။ ဟိုသွား ဒီသွား လုပ်နေတာက များတာပါ။ လူပုံစံက ပိန်ပိန်ပါးပါး၊ အရပ်က ရှည်ရှည်ဗျ။ အလုပ်သာ လက်ကြောမတင်းတာ ဖဲဝိုင်းတွေ့ရင်တော့ မထတော့ဘူးဗျို့။

ဘာပဲပြောပြောပါ။ သူ့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှာပါ။ သူလုပ်တာကိုင်တာတွေ ကျုပ်လည်း ကြည့်ရတာပေါ့ဗျာ။ ကိုနီတာကြီးက မကြာခင်မှာ ဆွေစဉ်မျိုးဆက် ရ,ထားတဲ့ပညာနဲ့ သရဲမွေးတော့မှာဗျ။

သိပ်မစောင့်လိုက်ရပါဘူးဗျာ။ ကိုကြီးနီတာ ချိန်းသွားတဲ့ လကွယ်ညကို ရောက်ပြီဗျို့။ ကျုပ်က ထမင်းစားပြီးကတည်းက ဝိုင်းထဲဆင်းနေတာပါဗျာ။ နဂါးဆေးရုပ်ပေါ့လိပ်ကလေးဖွာရင်း ကိုနီတာကို စောင့်နေတာပေါ့ဗျာ။ အမေကတောင် ကျုပ်ကို မသင်္ကာလို့မေးသေးဗျ။

"ဟဲ့ တာတေ၊ ဘာတွေ ပွေလီဖို့ ကြံနေပြန်တာတုံး"

"ဟာ မဟုတ်ပါဘူး အမေရ၊ ကိုနီတာကြီး လာမယ်ဆိုလို့ ဆင်းစောင့်နေတာပါ"

"ဘယ်နီတာလဲ၊ ကျောက်ဖြူးလား"

"မဟုတ်ဘူးဗျ၊ ရွာရှေ့ဝိုင်းက ကိုနီတာကြီးပါ"

"ဩော် . . . ခါးရှည်နီတာလား၊ အဲဒီကောင်က လူပျင်းဟဲ့၊ နင်ကြည့်ပေါင်းနော်၊ ဖဲကလည်း အားကြီးချတာ"

"စိတ်ချပါဗျာ၊ ကျုပ်က သူနဲ့တွဲပြီး ဖဲမချပါဘူး"

အမေက ဘာမှမပြောတော့ဘူးဗျ။ ကျုပ်လည်း ကွပ်ပျစ်မှာထိုင်ပြီး စောင့်နေတာပေါ့ဗျာ။ တော်တော်လေးကြာမှ ဘသားချောက ပေါက်ချလာတယ်ဗျ။

"တာတေ၊ တာတေ"

အသံခပ်အုပ်အုပ်လုပ်ပြီး ကျုပ်ကို ကြိတ်ခေါ်နေတာဗျို့။ ကျုပ်ကလည်း သူ့အသံကြားလိုက်တာနဲ့ ဝိုင်းပေါက်ဝကို ရောက်နေပါပြီဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"လာပြီဗျို့ ကိုကြီးနီတာ"

ကျုပ်လည်း ဝိုင်းပြင်ရောက်ရော ကိုနီတာက ရှေ့ကနေ သုတ်သုတ် သုတ်သုတ်နဲ့ လျှောက်တော့တာပဲဗျို့။ ကျုပ်လည်း ခပ်သုတ်သုတ်လိုက်ခဲ့ရတာပေါ့ဗျာ။ ရွာပြင်ရောက်တော့ ဘန့်ဘွေးကုန်းဘက်ကို သွားရောဗျ။ တော်တော်ကလေး သွားမိတော့ ရှေ့က သွားနေတဲ့ ကိုနီတာကြီးက တုန့်ခနဲ ရပ်သွားတယ်ဗျ။

"တာတေ ခဏနေဦး ဟိုရှေ့က သစ်ပင်နောက်မှာ ငါ ညနေက လာပြီးထားခဲ့တာလေး သွားယူလိုက်ဦးမယ်"

"ဘာများတုံးဗျ"

"ဆိတ်ဖလူးပင်ကွ၊ အဲဒါ လိုတယ်၊ ငါ ညနေက အရိုးဝိုင်းကြည်တို့အိမ်မှာ သွားတောင်းပြီး တူးထားတာ"

ပြောပြောဆိုဆိုနဲ့ ကိုနီတာက လူသွားလမ်းတောင်ဘက်ကို သွားပြီး ခပ်လှမ်းလှမ်းက တမာပင်ကြီးနောက်ကို ဝင်သွားတယ်။ သူပြန်ထွက်လာတော့ လုံးပတ်လက်တစ်ကိုင်လောက်ရှိတဲ့ ဆိတ်ဖလူးပင်ကလေးဗျ။ အမြင့်က ကျုပ်တစ်ရပ်လောက် ရှိတာပေါ့ဗျာ။

"ကဲ တာတေ၊ အဲဒီအပင်လေးကို ထမ်းခဲ့ကွာ"

ကျုပ်လည်း ဆိတ်ဖလူးပန်းပင်ကလေးကို ပခုံးပေါ်မှာ ထမ်းလိုက်တယ်ဗျ။ ကိုနီတာက ရှေ့က ခရီးဆက်တယ်။ ကျုပ်လည်း သူ့နောက်က လိုက်ရတာပေါ့ဗျာ။ ဘသားချောက ဘန့်ဘွေးကုန်းသုသာန်ထဲကို ဘန်းဝင်တော့တာပဲဗျို့။ အုတ်ဂူတွေ၊ မြေပုံတွေကို ကွေ့ပတ်သွားပြီး သင်္ချိုင်းအစွန်ကိုရောက်တော့ မြေပုံအသစ်တစ်ခုနားမှာ ရပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဆရာနက်ရဲ့ မြေပုံပဲကွ"

ပြောပြောဆိုဆိုနဲ့ သူ့ပခုံးမှာ လွယ်လာတဲ့ ပိတ်အိတ်ကြီးကို ဖြုတ်လိုက်တယ်။

"ကွပ် ကွပ် ကွပ်"

ကိုနီတာရဲ့ ပိတ်အိတ်ကြီးထဲမှာ ကြက်တစ်ကောင် ပါလာတာကို ဒီတော့မှ ကျုပ်က သိတာဗျို့။ ကိုနီတာ သူ့အိတ်ထဲက ကြက်ကို အသာကလေးထုတ်ယူလိုက်တယ်။

"ကွပ် ကွပ်၊ ကွပ် ကွပ်"

တိတ်ဆိတ်နေတဲ့ သချိုင်းထဲမှာ ကြက်သံက အကျယ်ကြီး ထွက်လာတာပေါ့ဗျာ။ ကြက်ဖကြီးဗျ။ အကောင်ကြီးသားပဲ။ သူ့ အိတ်ထဲက ဒန်ဖလားကလေးတစ်လုံးကိုလည်း ကိုနီတာကြီးက ထုတ်ယူလိုက်တယ်ဗျ။ ပြီးတော့ ခါးကြားမှာ ထိုးလာတဲ့ ဓားမြှောင် ခပ်ရှည်ရှည်တစ်ချောင်းကို ဆွဲနှုတ်လိုက်တယ်။

"တာတေ မြေပုံခေါင်းရင်းတည့်တည့်မှာ ဒီအပင်စိုက်ဖို့ ကျင်းတစ်ကျင်းတူးကွာ၊ အနက်က တစ်ထွာလောက်ပေါ့"

ကျုပ်လည်း သူပြောတဲ့အတိုင်း မြေကျင်းတစ်ခု တူးရတာ ပေါ့ဗျာ။ အနက်တစ်ထွာလောက်ပေါ့။

"ဒါဆိုရင် ဒီအပင်စိုက်လို့ ရပြီဗျ"

ကိုနီတာက မြေကျင်းကလေးကို ကြည့်တယ်ဗျ။

"အေး ရပြီ၊ ရပြီ၊ အချိန်တော့ နည်းနည်းစောင့်ရဦးမယ်ကွ၊ သန်းခေါင်ကြက်တွန်မှ အစီအရင်လုပ်ရမှာ"

ဆိတ်ဖလူးပင်ကို အနားက သစ်ပင်တစ်ပင်မှာမှီပြီး



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထားလိုက်တယ်။ ကြက်ဖကြီးကို ဆရာနက်ရဲ့ မြေပုံက မှတ်တိုင်မှာ ကြိုးနဲ့ ချည်ထားလိုက်တယ်။ ကျုပ်အိတ်ကပ်ထဲမှာ ထည့်ယူလာတဲ့ နဂါးဆေးပေါ့လိပ် တစ်ယောက်တစ်လိပ် မီးညှိပြီး ဖွာလိုက်ကြတာပေါ့ဗျာ။

"ကွပ်၊ ကွပ်၊ ကွပ်၊ ကွပ်"

ကြက်ဖကြီးကလည်း တကွပ်ကွပ်နဲ့ အော်နေရောဗျို့။ ဒီတုန်းမှာပဲ. . .

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဆိုတဲ့ ခွေးအူသံကြီးကို ကျုပ် ကြားလိုက်ရတယ်။ ဒီခွေးအူသံကြီးကို ကျုပ်ကြားဖူးတယ်ဗျ။ ဒါ မဖဲဝါလာရင် ကြားရတဲ့ ခွေးအူသံဗျ။ ကျုပ်တစ်ကိုယ်လုံး ကြက်သီးတွေ ထသွားလိုက်တာဗျာ၊ မပြောပါနဲ့တော့။

"ကိုကြီးနီတာ မဖဲဝါ လာတယ်ထင်တယ်"

"အေး ဟုတ်တယ်လေ တာတေ၊ သူလာမှဖြစ်မှာကွ၊ သူနဲ့ငါနဲ့ အလုပ်လုပ်မှာလေ"

"ဗျာ. . . မဖဲဝါနဲ့၊ ဟာ ဖြစ်ပါ့မလား ကိုကြီးနီတာ"

"ဟာ ဖြစ်ပါတယ်ကွ၊ ဆရာနက်ကို သူအပ်ပေးတော့မှ ငါ့ရဲ့ အစောင့်ဖြစ်မှာ၊ ကဲ မဖဲဝါရောက်ပြီကွ၊ အလုပ်စလို့ရပြီ၊ သန်းခေါင်ချိန်လည်း ရောက်ပြီ"

ကိုနီတာက ကြက်ဖကြီးကို ကြိုးဖြတ်ပစ်လိုက်တယ်ဗျ။ ပြီးတော့ ဘယ်ဘက်လက်နဲ့ ပွေ့ထားပြီး ညာဘက်လက်က ဓားမြှောင်ကို ကိုင်ထားတယ်။ စောစောက ကျုပ် မြေကျင်းကလေးတူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဓားမြှောင်ကို သေသေချာချာ တိုက်ချွတ်ပစ်လိုက်တာပေါ့ဗျာ။ ဓားက မြည့်နေအောင် သွေးထားတာဗျ။

"တာတေ မင်းက ဒီဖလားကိုကိုင်ပြီး သွေးခံလိုက် သိလား၊ ပြီးတော့ အဲဒီသွေးကို မြေကျင်းထဲ လောင်းထည့်ပြီး ဟိုဆိတ်ဖလူးပင်ကို ကျင်းထဲမှာစိုက်ပြီးရင် မြေဖို့လိုက် သိလား၊ ငါက မင်းကို စကားမပြောအားတော့ဘူး၊ ဂါထာကို အဆက်မပြတ်အောင် ရွတ်ရမှာကွ သိလား"

"သိပြီ၊ ကိုကြီးနီတာ၊ သိပြီ"

ကျုပ်က ဒန်ဖလားကလေးကို ကိုင်ထားလိုက်တယ်။ ကိုနီတာက ကြက်ဖကြီးကို တစ်ဖက်၊ ဓားကို တစ်ဖက်ကိုင်ပြီး ပါးစပ်က ဂါထာတွေ ရွတ်တော့တာပဲဗျို့။ ဘာတွေရွတ်မှန်းတော့ ကျုပ် မသိဘူးဗျ။ သူရွတ်တာက ခပ်တိုးတိုး၊ ပြီးတော့ အမြန်ရွတ်နေတာ။

"ဝူး ဝူး ဝူး ဝူး"

ခွေးအူသံကြီးက နီးသက်ထက် နီးလာပြီဗျ။ ဟော လေအေးတစ်ချက် တိုက်လိုက်တာ သစ်ပင်တွေတောင် ယိမ်းထိုးကုန်ရောဗျို့။ လေကလည်း အေးလိုက်တာဗျာ၊ စိမ့်နေတာပဲ။

"ဝူး ဝူး ဝူး ဝူး"

ကျုပ်စိတ်ထင် ခွေးအူသံကြီးက ကျုပ်တို့နဲ့ ဝါးနှစ်ပြန်လောက်ကို ရောက်နေပြီ ထင်တယ်ဗျ။

ဒီအချိန်မှာပဲ ကိုနီတာက ကြက်ဖကြီးရဲ့ခေါင်းကို ဆွဲဆန့်လိုက်တယ်။ ကြက်လည်ပင်း တင်းသွားအောင်ပေါ့ဗျာ။ ပြီးတော့ ဓားမြှောင်နဲ့ ဆတ်ခနဲ လှီးလိုက်တယ်ဗျ။ ကျုပ်ကလည်း ဒန်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေတာဆိုတော့ ဒန်ဖလားကို ချက်ချင်းထိုးပြီးခံလိုက်တယ်ဗျ။ ကိုနီတာကတော့ ပါးစပ်က ရွတ်တာကို တစ်ချက်မှ မရပ်ဘူးဗျို့။ ကြက်ဖကြီးရဲ့ သွေးတွေ ထပ်မကျတော့မှ ကျုပ်ကို မေးငေါ့ပြတယ်။ ကျုပ်ကလည်း ချက်ချင်းပဲ မြေကျင်းထဲကို သွေးလောင်းထည့်တယ်။ ပြီးတော့ သစ်ပင်မှာ မှီပြီးထောင်ထားတဲ့ ဆိတ်ဖလူးပင်ကလေးကို သွားယူပြီး မြေကျင်းထဲကို စိုက်လိုက်တယ်။ ပြီးတော့ အပင်မတ်နေအောင် မြေဖို့လိုက်တာပေါ့ဗျာ။

"ဝူး ဝူး ဝူး၊ အူး၊ အူး"

ခွေးအူသံကြီးက ဆိပ်ဖလူးပင်နားက ထွက်လာတာဗျို့။ ကိုကြီးနီတာက ကျုပ်ကို လက်ပြတယ်။ နောက်ဆုတ်နေပေါ့ဗျာ။ ကျုပ် နောက်ကို ခြေသုံး၊လေးလှမ်း ဆုတ်လိုက်တယ်။

ကိုကြီးနီတာက လည်လှီးထားတဲ့ ကြက်ဖအသေကြီးကို ဆိတ်ဖလူးပင်ရဲ့ ခွကြားမှာ တင်ထားလိုက်တယ်။

"ဘုတ်"

ဘုတ်ဆိုတဲ့အသံ ကြားလိုက်ပြီး ဆိတ်ဖလူးပင်လေး ရမ်းခါသွားတယ်။ ဟာ ကြက်ဖကြီး မရှိတော့ဘူးဗျို့။ ဟာ ကြက်မွေးတွေ ဆိတ်ဖလူးပင်ခြေရင်းမှာ ဖွားခနဲ ဖွားခနဲ ကျလာပါရောလား။ ကြက်ဖကြီးတော့ မတွေ့တော့ဘူးဗျ။ ကိုနီတာကတော့ ပါးစပ်က ရွတ်နေတာ တစ်ချက်မှကို မနားတာဗျို့။

"ကျွတ်၊ ကျွတ်၊ ကျွတ်၊ ကျွတ်"

ကျုပ်နားထဲမှာ တကျွတ်ကျွတ်နဲ့ ဝါးတဲ့ အသံကြီး ကြားနေရတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"အီး၊ အီး၊ ဟီး၊ ဟီး၊ ဟီး"

ဟာ ဆရာနက်ရဲ့ မြေပုံခြေရင်းဘက်က အသံကြီးတစ်သံ ကြားရတယ်ဗျို့။ ကိုနီတာကလည်း ပါးစပ်က မရပ်မနားကို ရွတ်နေတာဗျို့။

"အား၊ ဟား ဟား၊ အီး၊ ဟင်း၊ ဟင်း"

ဟာ ဒါ မဖဲဝါအသံကြီးပဲ။ ကျုပ် ကောင်းကောင်းသိတာပေါ့။ ကျုပ်လည်း ကြက်သီးတွေ တဖျန်းဖျန်းထပြီး နောက်ကို ခြေတစ်လှမ်းထပ်ဆုတ်လိုက်တယ်။

"ဝုန်း"

ဒီတုန်းမှာပဲ ကျုပ်စိုက်ထားတဲ့ ဆိတ်ဖလူးပင်က သူ့အလိုလို မြေကျင်းထဲက ကျွတ်ထွက်ပြီး မြေကြီးကနေ တစ်တောင်လောက် မြောက်တက်သွားတယ်။ ပြီးတော့ မြေကြီးမှာ လဲကျသွားတယ်ဗျ။

"အောင်ပြီဟေ့၊ အောင်ပြီ"

ကျုပ်ဖြင့် လန့်လိုက်တာဗျာ။ ကိုနီတာကြီးက ရုတ်တရက် လက်ကြီးတန်းပြီး ထအော်လိုက်တာကိုးဗျ။

"ကဲ ကျုပ်ရဲ့ အစီအရင်ဟာ မဖဲဝါရဲ့ ကျေးဇူးကြောင့် အောင်ပါပြီဗျာ၊ မဖဲဝါကို ကျုပ်က ကတိပေးပါတယ်၊ ဟောဒီ ဆရာနက်၊ အဲ အဲ ငနက်ကြီးဟာ အခုအချိန်ကစပြီး ကျုပ်ရဲ့အစောင့်အရှောက် ဖြစ်သွားပြီး ကျုပ်ရဲ့ အန္တရာယ်တွေကို ကာကွယ်ပေးဖို့၊ ကျုပ်ကို စီးပွားဥစ္စာရဖို့ မဖဲဝါက လုပ်ခိုင်းပေးပါ။ ကျုပ်က ငနက်ကြီးကို တပေါင်းလဆုတ်(၁)ရက် ညသန်းခေါင်မှာ တစ်ခါ၊ သီတင်းကျွတ်လဆုတ်(၁) ညသန်းခေါင်မှာ တစ်ခါ တစ်နှစ်ကို နှစ်ကြိမ် ကျွေးမွေးပါ့မယ်

www.burmeseclassic.com



ဘွေတ် ကြက်ဖအရှင်လတ်လတ်ရဲ့အသွေးကို တိုက်ပါ့မယ်၊ အသား
ကို ကျွေးပါ့မယ်လို့ ကျုပ်ဘက်က မဖဲဝါကို ကတိပေးပါတယ်၊ ကျုပ်
နဲ့ကတိ ပျက်ကွက်ခဲ့ရင် ကျုပ်ကို ငနက်ကြီးကဖြစ်စေ၊ မဖဲဝါက
ဖြစ်စေ ကြိုက်သလိုလုပ်ပါ၊ ကျုပ်ဘက်က ကတိတည်နေသမျှ ကျုပ်
ကို စောင့်ရှောက်စေပါ မဖဲဝါ"

"အီး ဟင်း၊ ဟင်း၊ ဟင်း"

ဟာ ဆရာနက်ရဲ့ မြေပုံခေါင်းရင်းမှာ လဲကျနေတဲ့ ဆိတ်
ဖလူးပင်ကလေး သူ့ဟာသူ ထောင်လာတယ်ဗျို့။ ကျုပ်ဖြင့် လန့်
တောင်သွားတယ်ဗျာ။

"တာတေ၊ ဆိတ်ဖလူးပင်ကို ထမ်းလိုက်တော့"

ကျုပ်လည်း ကိုနီကတ ခိုင်းတဲ့အတိုင်း ဆိတ်ဖလူးပင်ကို
ထမ်းလိုက်ရတာပေါ့ဗျာ။ ကိုနီတာက သူ့ဓားရယ်၊ ဒန်ဖလားရယ်ကို
ပိတ်အိတ်ထဲမှာထည့်ပြီး လွယ်လိုက်တယ်ဗျ။

"ကဲ သွားစို့ တာတေရေ"

ကျုပ်က ရှေ့က၊ ကိုကြီးနီတာက ကျုပ်နောက်က ကပ်ပြီး
လိုက်လာတာဗျ။ ကျုပ်တို့နှစ်ယောက် ဘန့်ဘွေးကုန်း သုသာန်ထဲက
နေ ထွက်လာခဲ့ကြတယ်။

"အူ အူ ဝူး ဝူး ဝူး"

ဟော မဖဲဝါရဲ့ခွေးကြီး အူသံက တဖြည်းဖြည်း ဝေးသွားပြီ
ဗျို့။ ကျုပ်တို့နှစ်ယောက်လည်း ခပ်သုတ်သုတ် ပြန်ချလာခဲ့တယ်။
ထနောင်းကုန်းရွာအဝင်ဝကို ရောက်တော့. . .

"တာတေ ခဏရပ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီးတော့ ကိုကြီးနီတာက ကျုပ်ရှေ့ကို ထွက်လာပြီး ဂါထာတွေ ရွတ်ပြန်ရောဗျို့။ ဘာတွေရွတ်နေမှန်းတော့ ကျုပ်လည်း မသိပါဘူးဗျာ။ အသံခပ်တိုးတိုးနဲ့ အဆက်မပြတ်ကို ရွတ်တာဗျ။

သူ့ဘိုးလေး ဘိုးသာဝ မသေခင်က ဒီပညာတွေ သင်ပေးခဲ့တယ်ဆိုတာ ကျုပ်တော့ ယုံသွားပြီဗျ။

"ကဲ ရပြီ တာတေ၊ ငါ့တပည့် နေက်ကြီးကို ဒီရွာကကောင်တွေ မနှောင့်ယှက်နိုင်အောင် လုပ်ရတာကွ၊ ဒီလိုမလုပ်ဘဲ တန်းဝင်သွားရင် ငါ့တပည့်ကို ဒီကောင်တွေ ဝိုင်းတွယ်မှာ သေချာတယ်"

"နို့ ခင်ဗျားတပည့်ဖြစ်သွားတဲ့ နေက်ကြီးဆိုတာကရော ပါလာတာ သေချာလို့လားဗျ၊ ကျုပ်တို့နောက်မှာ ပါလာတာလား၊ ကျုပ်တို့ရှေ့မှာလား"

"ဟာ တာတေကလည်း ငါ့တပည့် နေက်ကြီးက မင်း ထမ်းလာတဲ့ ဆိပ်ဖလူးပင်မှာလေကွာ"

"ဗျာ"

ကျုပ်အသံ တော်တော်တောင်ကျယ်သွားတယ်ဗျို့။ တစ်ကိုယ်လုံးမှာ ရှိရှိသမျှ ကြက်သီးတွေ အကုန်ထသွားတယ်လို့တောင် ကျုပ်ထင်မိတယ်။

"ဘာလဲ တာတေ၊ မင်း လန့်သွားလို့လား"

"ဟာ မလန့်ပါဘူးဗျာ၊ အံ့ဩသွားလို့ပါ"

ကျုပ် လိမ်ပြောလိုက်တာဗျ။ တကယ်တော့ ကျုပ် လန့်သွားတာ။ လူပဲဗျာ ကိုယ်ကြောက်တာကို ကြောက်ပါတယ်လို့ကော ဘယ်ပြောပါ့မလဲ။ အခု နေက်ကြီးက ကျုပ်ထမ်းလာတဲ့ ဆိပ်ဖလူး



www.burmeseclassic.com

www.burmeseclassic.com



ပင်မှာဆိုတော့ ကျုပ်ပခုံးပေါ်မှာပေါ့ဗျာ။ ခုမှတော့ မထူးတော့ပါဘူး ငတာတေရယ်။

ကျုပ်က ရွာလယ်လမ်းအတိုင်း ဝင်ချလိုက်တယ်။ ရွာရှေ့ပိုင်းက ကိုနီတာတို့ဝိုင်းထဲကို တန်းပင်လိုက်တယ်။ တစ်ရွာလုံး အိပ်နေလိုက်ကြတာ တိတ်နေတာပဲဗျ။ မအိပ်နိုင်တာဆိုလို့ ကျုပ်နဲ့ ဒီလူကြီးပဲ ရှိတာ။

"အေး ဟုတ်ပြီကွ၊ တာတေ၊ မင်းထမ်းလာတဲ့ ဆိတ်ဖလူးပင်ကို ဟိုသရက်ပင်မှာ မှီထောင်ထားလိုက်ကွ၊ ငါ မြေကျင်းတူးလိုက်ဦးမယ်"

ကိုနီတာက ပိတ်အိတ်ထဲက ဓားမြှောင်ကိုထုတ်ပြီး ဆိတ်ဖလူးပင်စိုက်မယ့်နေရာကို ရှာတယ်ဗျ။ နောက်တော့ သူတို့ဝိုင်းရဲ့တောင်ဘက်ထောင့်မှာ အပင်ကြီးကြီး မရှိဘဲ လွတ်နေတာကိုတွေ့တော့ အဲဒီနေရာမှာ ကျင်းတူးတယ်။ ဒီတစ်ခါကတော့ အခိုင်စိုက်ရမှာဆိုတော့ ကျင်းကို ခပ်နက်နက် တူးရမှာပေါ့ဗျာ။

"ကိုကြီးနီတာ၊ ဒီဓားလေးနဲ့ တူးမနေနဲ့လေ၊ တူရွင်းသွားယူလိုက်ပါလားဗျ"

"ဩော် ဟုတ်သားပဲ တာတေရာ၊ ငါကလည်း ယောင်တောင်တောင်ဖြစ်နေတာဟေ့"

ပြောပြောဆိုဆိုပဲ နွားစာစဉ်းတဲ့ စဥ္စုံနားမှာ တူရွင်းသွားယူပြီး မြေကျင်းတူးတယ်။ ခဏနေတော့ ကျင်းတော့ရပြီ။ တာတေ ခဏနေဦးနော်။

ကိုနီတာက ပြောပြောဆိုဆိုနဲ့ ဝိုင်းနောက်ဘက် ဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျ။ သူပြန်ထွက်လာတော့ လက်ထဲမှာ ကြက်ဖကြီးတစ်ကောင် ထပ်ပါလာတယ်။ စစ်တကောင်းကြက်ဖ ငွေနားကြီးဗျ။ နည်းတဲ့ အကောင်ကြီး မဟုတ်ဘူးဗျို့။

"ဒါ ကိုကြီးတို့အိမ်က ကြက်လား"

"ဟာ မဟုတ်ဘူးကွ ငါ နှစ်ကောင်ဝယ်လာတာ၊ ကဲ လာ တာတော၊ သချိုင်းမှာ လုပ်သလိုပဲ လုပ်ရမယ်"

"ဒါဆိုရင် ခဏနေဦးဗျ"

ကျုပ်က ပြောပြောဆိုဆိုနဲ့ သရက်ပင်မှာ ထောင်ထားတဲ့ ဆိတ်ဖလှူးပင်ကို ပခုံးမှာထမ်းပြီး ယူလာတယ်။ ပြီးတော့မှ ခြံစည်း ရိုးမှာ မှီပြီးထောင်ထားလိုက်တယ်။ ကိုနီတာက ကြက်ဖကြီးကို ဘယ်လက်နဲ့ အဆင်သင့်ကိုင်ထားပြီး ညာလက်နဲ့ ဓားမြှောင်ကို ကိုင်ထားတယ်ဗျ။

ကျုပ်က ဒန်ဖလားကလေးကို အဆင်သင့်ယူထားရတာ ပေါ့ဗျာ။ ဟာ ရွတ်ပြီဗျို့။ ကိုကြီးနီတာ ဂါထာတွေ ရွတ်ပြီ။

"ဟာ"

ကျုပ်ဖြင့် လန့်ပြီးနောက်ကိုတောင် ဆုတ်သွားမိတာဗျို့။ ခြံစည်းရိုးမှာ ကျုပ်ထောင်ထားတဲ့ ဆိတ်ဖလှူးပင်က ဆတ်ဆတ် ဆတ်ဆတ်နဲ့ တုန်နေတာ။ နတ်ဝင်သည် နတ်ပူးနေသလိုပဲဗျို့။ အောင်မယ်လေးဗျာ။ ကျုပ်တစ်သက်မှာ ဒါမျိုးကို ဒီတစ်ခါပဲ မြင်ဖူး တာဗျို့။ ကိုကြီးနီတာက ဂါထာကို အဆက်မပြတ် ရွတ်လေ၊ ဆိတ် ဖလှူးပင်က တဆတ်ဆတ် တုန်လေပဲဗျာ။ ကျုပ်ကလည်း ဒန်ဖလား နဲ့ သွေးခံဖို့ အဆင်သင့်ပြင်ထားရတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဟော လှီးပြီဗျို့။ ကိုကြီးနီတာ ကြက်ဖကြီးရဲ့ လည်ပင်းကို လှီးချလိုက်ပြီ။ ကျုပ်က ဒန်ခွက်ထိုးခံမလို့ လုပ်လိုက်တဲ့အချိန်မှာ ကိုကြီးနီတာက ကြက်ဖကြီးရဲ့သွေးကို မြေကျင်းထဲကို တိုက်ရိုက် လောင်းချနေတယ်ဗျ။ ပြီးတော့မှ ကျုပ်ကိုင်ထားတဲ့ ဒန်ခွက်ထဲကို သွေးတွေထည့်တယ်။ ကြက်ဖကြီးရဲ့သွေးက ဒန်ဖလားတစ်ဝက် လောက်ကို ရတာဗျ။ ဒါတောင် တစ်ဝက်လောက်က မြေကျင်းထဲကို ထည့်လိုက်တာ။ ကိုကြီးနီတာက ဂါထာအဆက်မပြတ် ရွတ်ရင်းနဲ့ ကျုပ်ကို လက်ညှိုးနဲ့ ထိုးပြတယ်။ သွေးခွက်ကို အောက်ချထားတဲ့။ ပြီးတော့ ဆိတ်ဖလူးပင်ကို ကျင်းထဲစိုက်ဖို့ပြတယ်။

ကျုပ် သွေးခွက်ကို မြေကြီးမှာ ချလိုက်တယ်။ ပြီးတော့ နတ်ဝင်သည်လို တဆတ်ဆတ်တုန်နေတဲ့ ဆိတ်ဖလူးပင်ကို မ,ယူပြီး သွေးခံထားတဲ့ မြေကျင်းထဲမှာ စိုက်ချလိုက်တယ်။ ပြီးတော့ မြေဖို့ ပေးရတာပေါ့ဗျာ။ ဆိတ်ဖလူးပင်က မယိုင်တော့ဘဲ ခိုင်သွားတယ်။ ကိုင်းတွေကတော့ နတ်ပူးသလို တဆတ်ဆတ်တုန်နေတုန်းပဲဗျို့။

ကိုနီတာက ဂါထာရွတ်ရင်း ကြက်ဖကြီးကို ဆိတ်ဖလူးပင် ပေါ်မှာ တင်ထားလိုက်တယ်။ ပြီးတော့ ကျုပ်ချထားတဲ့ သွေးခွက်ကို ယူပြီး ဆိတ်ဖလူးပင်ခြေရင်းမှာ ချထားလိုက်တယ်။

"ဝူး ဝူး ဝူး ဝူး ဝူး"

ဟာ တစ်ရွာလုံးကခွေးတွေ ထအူလိုက်တာဗျို့။ ရွာဦးဘုန်း ကြီးကျောင်းက ခွေးတွေတောင် လိုက်အူကြတယ်။

"ဘုတ်"

ဘုတ်ဆိုတဲ့အသံကြီး ကြားလိုက်ရပြီး ကြက်ဖကြီး ပျောက်



www.burmeseclassic.com

www.burmeseclassic.com



သွားရောဗျို့။ ဟော ဆိတ်ဖလူးပင်က တုန်တာရပ်သွားပြီဗျ။

"ကျွတ်၊ ကျွတ်၊ ကျွတ်၊ ကျွတ်"

ကျုပ်နားထဲမှာ စားဝါးနေတဲ့ အသံကြီး ကြားနေရတယ်ဗျ။ ဟာ ကြက်မွေးတွေ တဖွားဖွားနဲ့ ဆိတ်ဖလူးပင်ကလေးခြေရင်းမှာ ပုံနေရောဗျို့။ တဖြည်းဖြည်းနဲ့ စားတဲ့အသံကြီး ပျောက်သွားတယ်။ ကိုကြီးနီတာကတော့ သူ့ဂါထာတွေကို ရွတ်တုန်းပဲဗျ။ ဂါထာရွတ်ရင်းနဲ့ ကျုပ်ကို လှမ်းပြီးလက်ကုတ်တယ်။ ပြီးတော့ အပင်ခြေရင်းမှာ ချထားတဲ့ သွေးခွက်ကို ပြတယ်ဗျ။

ဟာ ဟုတ်ပါ့ဗျာ၊ သွေးတွေ တဖြည်းဖြည်းလျော့လာတာဗျ။ ငနက်ကြီး ကြက်သွေးတွေ သောက်နေတာ ထင်တယ်။ ဟော ကုန်သွားပြီ။ သွေးတွေ တစ်စက်မှကို မကျန်တော့တာဗျ။ ကြက်ဖကြီး တစ်ကောင်လုံးရော၊ ကြက်သွေးတစ်ဖလားရော ကုန်ပြီဗျို့။

ဒီတော့မှ ကိုနီတာက သူ့ရဲ့ဂါထာရွတ်တာကို ရပ်လိုက်တယ်။

"အောင်ပြီဟေ့၊ အောင်ပြီ၊ အောင်ပြီ"

အသံကတော့ ခပ်အုပ်အုပ်ပဲဗျ။ လက်သီးလက်မောင်းတန်းပြီးတော့ကို အော်တာဗျို့။ အားလုံးကိစ္စတွေ ပြီးတော့ ပုဗ္ဗာရုံကျောင်းက တုံးတောင်ခေါက်ပြီဗျ။

"ကဲ တာတေ၊ မင်းကို ငါ အိမ်အထိလိုက်ပို့မယ် လာ"

လို့ ပြောပြီး ကျုပ်ကို အိမ်လိုက်ပို့တယ်ဗျ။ လမ်းရောက်တော့. . .

"ငါ့ညီတာတေ၊ ဆရာနက်ကြီးကို ငါမွေးထားတာကို ဘယ်သူမှ မသိစေနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ စိတ်ချစမ်းပါဗျာ၊ ကျုပ်က ဘယ်သူ့ကိုမှ မပြောဘူး ကိုကြီးနီတာ၊ ဒါနဲ့ နေဦးဗျ၊ အခု ခင်ဗျားနဲ့ ပါလာတာ ငနက်ကြီး ဆိုတာ သေချာရဲ့လား"

"ဘာဖြစ်လို့လဲကွ"

"ဘာမှမဖြစ်ပါဘူးဗျာ၊ ဆရာနက်ကြီး မဟုတ်ဘဲ တခြား တစ်ယောက်ဖြစ်နေမှာစိုးလို့ပါ"

"မဖြစ်ပါဘူးကွ၊ ဆရာနက် မြေပုံမှာလုပ်ရင် ဆရာနက်ပဲ ပါလာတာပါ။ ပြီးတော့ မဖဲဝါကိုယ်တိုင် အပ်ပြီးထည့်လိုက်တာလေ ကွာ၊ ကိုယ့်ဘာသာခေါ်လာလို့ ရတာမှ မဟုတ်တာ၊ မဖဲဝါရဲ့ အမိန့် နဲ့ ငါ့ကို တစ်သက်လုံး စောင့်ရှောက်ဖို့ လိုက်လာရတာကွ"

"တစ်သက်လုံး ဟုတ်လား၊ ဒါဆို ငနက်ကြီးက ခင်ဗျားကို အချိန်အကြာကြီး စောင့်ရှောက်နေရတာပေါ့နော်"

"ဟာ တာတေကလည်း သူတို့သက်တမ်းနဲ့ဆိုရင် ခဏ လေးပါကွာ၊ သူတို့က နှစ်တွေ ရာနဲ့ချီပြီး နေကြရတာကွ၊ ငါ့ကို စောင့်ရှောက်ရမှာ သူတို့အတွက် သိပ်မကြာလှပါဘူးကွာ"

"ဪ ဒီလိုလား၊ ကဲ ကိုကြီးနီတာရေ၊ စကားတပြောပြော နဲ့ လာလိုက်ကြတာ၊ ကျုပ်တို့ဝိုင်းတောင် ရောက်ပြီဗျ၊ ကိုကြီးနီတာ၊ ကြီးပွားချမ်းသာပါစေဗျာ"

"အေးပါကွာ၊ တာတေရာ၊ မင်းကူညီလို့ ငါ အောင်သွား တာပါ၊ မင်းကို ငါ ဘယ်တော့မှ မမေ့ပါဘူးကွာ၊ ကဲ ငါ သွားမယ် နော်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အိမ်ပြန်ရောက်တော့ အမေတောင် ဆွမ်းထချက်နေပြီဗျ။ ကျုပ်က အသာကလေး အိမ်ထဲဝင်ပြီး အိပ်နေလိုက်တယ်။ ကျုပ်တစ်သက်မှာတော့ သရဲမွေးတာကို ပထမဆုံး မြင်ဖူးတာပေါ့ဗျာ။ တော်တော်တော့ ကြောက်စရာကောင်းတာပဲလို့တွေးရင်း ကျုပ် အိပ်ပျော်သွားတယ်။

အိပ်မက်ထဲမှာတော့ ကြက်ဖကြီးကို တကျွတ်ကျွတ် ကိုက်စားနေတဲ့ မဖဲဝါကြီးနဲ့ သွေးတွေ မော့သောက်နေတဲ့ ငနက်ကြီးကို မက်နေတော့တာပေါ့ဗျာ။

လောကကြီးမှာကလည်း မယုံနိုင်အောင် ထူးဆန်းတာတွေကလည်း အများသားဗျ။ မယုံရင် ပုံပြင်သာ မှတ်ပါတော့ဗျာလို့ ပြောရမလိုပါပဲ။

ကျုပ်တို့ရွာမှာ ခါးရှည်နီတာ၊ ငပျင်းနီတာလို့ လူကြီးတွေက ခေါ်ကြတဲ့ ကိုကြီးနီတာတစ်ယောက် နေ့ချင်း ညချင်း ကြီးပွားလာတာကို ကျုပ်ဖြင့် တော်တော်ကို အံ့ဩမိတာဗျ။ သူမွေးတဲ့ ငနက်ကြီးရဲ့ စောင့်ရှောက်မှုတွေ ဆိုတာကို ကျုပ်က အတွင်းသိဖြစ်လေတော့ အံ့ဩတော့တာပေါ့ဗျာ။

ကိုနီတာက ပဲပွဲစားလုပ်တယ်။ အနီးအနားရွာက လူတွေအားလုံးက ကိုနီတာ စကားတစ်ခွန်းပဲဗျ။ ဘယ်သူပဲ လာဝယ်ဝယ် မရောင်းတော့ဘူး။ နီတာ မှာထားတာ၊ မရောင်းဘူးပဲ ပြောကြတာ။ ကိုနီတာ ဖြတ်တဲ့ဈေးကမှ အမှန်လို့ကို ပြောကြတာဗျ။ မြို့က ပဲကုန်သည်တွေဆိုတာ နေ့ချင်းညချင်း ပဲပွဲစားကြီးဖြစ်လာတဲ့ ကိုနီတာကို ဝိုင်းပြီးချော့နေကြရတာ။ ငွေဆိုရင် အထုပ်လိုက်ကို ကြိုချကြရတာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ ဖဲဝိုင်းကောင်းကောင်းရှိရင် ပွဲစားကြီး ကိုနီတာ ကို လှည်းနဲ့တောင် လာခေါ်ကြရတာဗျ။ နိုင်လိုက်တဲ့ ဖဲဆိုတာလည်း မပြောပါနဲ့တော့ဗျာ။

မြို့က ပဲကုန်သည်ကြီးတွေက သူ့မိဘလက်ထက်က အိမ် ကြီးကိုတောင် တိုက်ဆောက်ဖို့ ငွေတွေ ထုတ်ပေးလို့ တိုက်ကြီးလည်း ဆောက်ပြီးပြီ။ ဝိုင်းထဲမှာ ဂိုဒေါင်ကြီးလည်း ဆောက်ထားလို့ဗျ။

ကျုပ်ကိုတွေ့ရင်တော့ ပျာပျာသလဲပါပဲဗျာ။ တာတေ ရေ့ မုန့်ဖိုးဆိုပြီးတော့လည်း ပေးတတ်ကမ်းတတ်ပါတယ်။ ဒါပေမဲ့ ကျုပ် ကလည်း သူပေးတိုင်း မယူပါဘူးဗျာ။ သူနဲ့ ကျုပ်နဲ့လည်း တွေ့ခဲ ပါတယ်။

နောက်တော့ ကိုနီတာ ကားတစ်စီးထောင်တယ်ဗျ။ ကျုပ် တို့ရွာနဲ့ မြို့နဲ့သွားတဲ့ ကားပေါ့ဗျာ။ ကျုပ်စီးရင်တော့ ဘယ်တော့မှ ကားခမယူဘူးဗျ။ ကိုနီတာက မှာထားတာ။ သူ့လူတွေကလည်း တာတေကို ကားခမယူရဘူးဆိုတော့ မယူရဲဘူးပေါ့ဗျာ။ ဘာကြောင့် မှန်းလဲ သူတို့ မသိကြပါဘူး။

ကြာလာတော့ ကိုနီတာက ရွာမှာတောင် သိပ်မနေတော့ ဘူးဗျ။ မြို့ကကုန်သည်တွေနဲ့ အတွဲများလာတယ်။ ဟိုလူတွေက သူ့ကို မန္တလေးတို့ ရန်ကုန်တို့ကို ခေါ်သွားတတ်တယ်။ ဖဲချ ဖဲနိုင် ဂျင်ထိုး ဂျင်နိုင်ဖြစ်နေတဲ့ ကိုနီတာကို အရမ်းအထင်ကြီးကြတာပေါ့ ဗျာ။

ကျုပ်ကြားတာကတော့ ကိုနီတာက အသောက်အစား အစားရော အပျော်အပါးရော စုံနေပြီတဲ့ဗျ။ သူ့ဘိုးလေး အိုးသာင



www.burmeseclassic.com

www.burmeseclassic.com



တုန်းက ချမ်းသာလာတော့ ရွာကဘုန်းကြီးကျောင်းတွေပြင်တယ်၊ ဘုရားပြင်တယ်၊ စာသင်ကျောင်း ဆောက်ပေးတယ်။ ကိုနီတာ ချမ်းသာလာတော့ ဘာမှလှူတာလည်း မတွေ့ရဘူးဗျ။ ကျုပ်ကတော့ ကိုနီတာကြီး ရောဂါတွေ ဘာတွေ ရမှာကို စိုးရိမ်တယ်ဗျာ။ ဒါပေမဲ့ ကျုပ်က ရွာမှာ သူတို့ချီပိုးလာခဲ့တဲ့ ကောင်လေးပဲ။ ဒီအစ်ကိုကြီးတွေကို ကျုပ်က ဘယ်ပြောရဲလိမ့်မတုံးဗျာ။

နောက်တော့ ကိုကြီးနီတာက ရွာကိုတောင် သိပ်မလာတော့ဘူးဗျ။ ရန်ကုန်မှာပဲ အနေများတယ်။ ရန်ကုန်မှာ စီးပွားရေးတွေ အပြိုင်အဆိုင် လုပ်နေတယ်ဆိုပဲဗျ။

ကျုပ်လည်း ကိုယ့်ကိစ္စနဲ့ကိုယ်ပါပဲဗျာ။ ဒီလိုနဲ့ပဲ တစ်ယောက်နဲ့တစ်ယောက် အဆက်ပြတ်လာတာပေါ့။ ရွာထဲကလူတွေက ပြောတယ်ဗျ။

"တာတေရ နီတာကြီးက ကျန်တဲ့အချိန်မှာသာ ရွာကို မရောက် ရှိချင်ရှိမယ်၊ သီတင်းကျွတ်လပြည့်နဲ့ တပေါင်းလပြည့်ကတော့ ရွာကို အမြဲရောက်တယ်ကွ၊ ဒါပေမဲ့ ကြာကြာတော့ မနေဘူးကွ၊ နောက်နေ့ဆို ပြန်တော့တာပဲ။ ဒီက ပဲဝယ်၊ နှမ်းဝယ် အလုပ်ကလည်း သူ့ရှိစရာ မလိုတော့ဘူးလေကွာ၊ သူ့ညီတွေနဲ့တင် ပြီးနေပြီမို့လား။ ကားကလည်း သူ့ညီအငယ်ဆုံး အောင်ညွန့် လုပ်နေတာလေ။ သူက ရန်ကုန်မှာ စီးပွားတော်တော်ဖြစ်နေပြီဆိုပဲ၊ နီတာကိုတို့ရွာသားတွေက လူပျင်းလို့ကို သတ်မှတ်ထားတာကွ၊ အခုတော့ နီတာတို့ ကြီးပွားချက်ကတော့ ကမ်းကိုကုန်ရောဟေ့"

ရွာသားတွေပြောတဲ့ သီတင်းကျွတ်နဲ့ တပေါင်း ပြန်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ကျုပ်တစ်ယောက်ကလွဲရင် ဘယ်သူသိမှာတုံးဗျာ။

ဪ နေက်ကြီးအပေါ်မှာ ပေးထားတဲ့ ကတိတော့ တည်နေတုန်းပါပဲလားလို့တွေးပြီး ဝမ်းသာမိပါတယ်ဗျာ။

ညကတော့ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်ဗျ။ ကျုပ်တို့ရွာက လူငယ်တွေစုပြီး ရွှေတောင်ကုန်းဘုရားမှာ ဆီမီးကိုးထောင်ကပ်လှူကြတယ်။ ပြီးတော့ ကြာကန်ကြီးထဲမှာ မီးဖောင်မျှောကြတယ်။ ကန်ရေဆိုတော့ ရေက ငြိမ်နေတာ မဟုတ်လား။ ဒီတော့မျှောတော့ မမျှောဘူးပေါ့ဗျာ။ ဝါးလုံးနဲ့ထိုးပြီး နေရာရွှေ့ရတာပေါ့။ ကန်တစ်ခုလုံးပြည့်အောင် မီးထွန်းတဲ့သဘောပါပဲဗျာ။

ကျုပ်လည်း ညတော်တော်နက်မှ အိမ်ပြန်ရောက်တယ်ဗျ။ မနက် ကျုပ်အိပ်ရာကနိုးတော့ အရီးဝိုင်းကြည်နဲ့ အမေနဲ့ ပြောနေကြတာကို ကျုပ် အိပ်ခန်းထဲက နားစွန်နားဖျား ကြားနေရတာဗျာ။ ဘာအကြောင်းပြောနေမှန်း သဲသဲကွဲကွဲ မကြားရဘူး။

ဒါပေမဲ့ အရီးဝိုင်းကြည် ကိစ္စရှိလို့သာ အစောကြီးရောက်လာမှန်း ကျုပ်သိတယ်ဗျ။ ဒါနဲ့ ကျုပ် အိပ်ခန်းထဲက ထွက်လာခဲ့တယ်။

"ဟဲ့ တာတေ၊ ဒီကိုလာဦး"

အမေက ကျုပ်ကို လှမ်းခေါ်တယ်ဗျ။ ဒီကတည်းက ရွာမှာတစ်ခုခုဖြစ်မှန်း ကျုပ် သိလိုက်တယ်။

"ဘာတုံး အမေရဲ့"

"ဟဲ့ ဘာတုံးလုပ်မနေနဲ့၊ ညက နီတာ သေသွားပြီတဲ့"

"ဟင် ဘယ်နီတာတုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နီတာရမလဲဟယ် ခါးရှည်နီတာပေါ့၊ အဲ သူ့ဌေး နီတာပေါ့ဟဲ့"

"ဟင် ဘာဖြစ်လို့တုံး အမေ၊ ကိုကြီးနီတာက ရန်ကုန်မှာ နေတာဆို"

"ကဲ ဝိုင်းကြည်ရေ နင့်တူကို နင်ပဲ ပြောပြလိုက်တော့ဟေ့"

"ရန်ကုန်မှာနေတာတော့ ဟုတ်တယ်ဟဲ့၊ ဒီလိုသီတင်း ကျွတ်လပြည့်ဆိုရင် နီတာက ရွာကို ပြန်လာနေကျလေ။ အဲဒါ မနေ့က မနက်က ရောက်သတဲ့၊ ညကျတော့ သေရောတဲ့"

"ဟင် ဘာဖြစ်လို့တဲ့တုံး၊ အရီးဝိုင်းကြည်ရဲ့"

"ဟဲ့ ရိုးရိုးသေတာ မဟုတ်ဘူးဟဲ့၊ သူတို့ဝိုင်းထဲက ဆိတ်ဖလူး ပင်အောက်မှာ လည်ပင်းကြိုးကျိုးပြီး သေနေတာတဲ့။ အနားမှာလည်း ကြက်ဖကြီးတစ်ကောင် သေနေတာ တွေ့တယ်တဲ့။ ခွက်တစ်လုံးထဲ မှာလည်း သွေးတွေ တွေ့တယ်ဆိုပဲ။ မျက်ပြူး ပြောတာကတော့ အဲဒါ ကြက်သွေးတွေလို့ ပြောတာပဲ။ လည်ပင်းကို လိမ်ချိုးထားတာ များ မျက်နှာကြီးက ကျောဘက်ကိုတောင် ရောက်နေတာတဲ့၊ မျက် လုံးကြီးနှစ်လုံးစလုံး ပြူးထွက်ပြီး လျှာတောင် ထွက်နေတယ်ဆိုပဲ"

ဟာ မနေ့က သီတင်းကျွတ်လဆုတ်တစ်ရက်ပဲ။ ကိုနီတာ ကျွေးရမယ့်နေ့ပေါ့။ ကြက်ဖကြီး သေနေတာတွေ့တယ်ဆိုတော့ ကိုနီတာ ကျွေးတာပဲ။ သေပုံသေနည်း ကြည့်ရတာတော့ သူမွေး ထားတဲ့ သူ့တပည့် နေက်ကြီးရဲ့လက်ချက်ဆိုတာတော့ သေချာတာ ပေါ့ဗျာ။

"အေး၊ ပြီးတော့ အနောက်ပိုင်းက ဘိုးမင်းဒင်ကြီး ပြော



www.burmeseclassic.com

www.burmeseclassic.com



တာကတော့ ညက သန်းခေါင်ကျော်လောက်မှာ တစ်ရွာလုံးက ခွေးတွေ အူကြတာတဲ့။ သူလည်း အိပ်မပျော်သေးတာနဲ့ အိမ်ပြင်ကို ကြည့်နေတုန်း မည်းမည်းကြီးတဲ့၊ ဘာကောင်ကြီးမှန်း မသိဘူးတဲ့၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးတဲ့။ ရွာနောက်ဘက်ကနေ သချိုင်းကုန်းဘက်ကို ထွက်သွားသတဲ့။ ခွေးတွေက အဲဒီမည်းမည်းကြီးသွားတဲ့ဘက်မှာ အူကြတာဆိုပဲ"

အရီးဝိုင်းကြည်က သူကြားတာကို ဆက်ပြောတယ်ဗျ။ ဟာ ဒါဆိုရင် ညကပဲ နေက်ကြီးက ကိုနီတာကို ရက်ရက်စက်စက် သတ်လိုက်ပြီး ထွက်သွားတာပဲဖြစ်မယ်လို့ ကျုပ်တွေးမိတယ်ဗျ။

ကျုပ် ကိုနီတာတို့ ဝိုင်းထဲရောက်တော့ အလောင်းကို ရဲတွေလာသယ်ပြီး မြို့ကို ပို့လိုက်ပြီတဲ့ဗျ။ လူတွေကတော့ ကိုနီတာတို့ ဝိုင်းထဲမှာ ဟိုပြော ဒီပြော ပြောနေကြတာပေါ့ဗျာ။ ကျုပ် ဆိတ်ဖလူးပင်ကလေးကို ကြည့်လိုက်တော့ ဟာ အကြီးကြီး ဖြစ်နေတာကို တွေ့လိုက်ရတယ်။ ဒီအပင်ဟာ နေက်ကြီးကို ကိုနီတာမွေးတဲ့ညက ကျုပ်ကိုယ်တိုင် ထမ်းယူလာတဲ့ အပင်ဆိုတာ ဒီရွာကလူတွေ တစ်ယောက်မှ မသိကြဘူးပေါ့ဗျာ။

ဒီကိစ္စတွေ ပြီးဆုံးသွားလို့ လတော်တော်ကြာမှ ကိုကြီးနီတာကို သူမွေးတဲ့သရဲ နေက်ကြီးက ရက်ရက်စက်စက် သတ်လိုက်ရတဲ့အကြောင်းကို ကျုပ်သိခဲ့ရတယ်။ ငွေကို ရေလိုသုံးနိုင်နေတဲ့ ကိုကြီးနီတာဟာ အကျင့်စရိုက်တွေပါ ပျက်လာပြီး မိန်းမတွေ့ရင် မရှောင်နိုင်အောင် ဖြစ်လာတယ်ဆိုပဲ။ နောက်ဆုံး ဘန့်ဘွေးကုန်းက ဆရာနက်ရဲ့သမီး အငယ်ဆုံးနဲ့ ဇာတ်လမ်းတွေ ရှိခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနီတာက ဘယ်သူ့ကိုမှ လက်ထပ်မယူဘဲ ငြင်းဆန်ခဲ့တဲ့လူဆိုတော့ ဆရာနက်ရဲ့သမီးကိုလည်း သူလက်မထပ်ခဲ့ဘူး။

ဒါကြောင့် သရဲကြီးဖြစ်ပြီး ကိုနီတာရဲ့ အစေအပါး ဖြစ်နေတဲ့ ငနက်ကြီး အရမ်းနာကြည်းပြီး ရက်ရက်စက်စက် သတ်ခဲ့တာပေါ့။

ဒီလိုသတ်ခွင့်ကိုလည်း ငနက်ကြီးက မဖဲဝါဆီမှာ တောင်းပြီးမှ အခုလို ရက်ရက်စက်စက် သတ်ခဲ့တယ်ဆိုတာကို ကျုပ် လုံးဝ ယုံကြည်ပါတယ်ဗျာ။

မဖဲဝါက ဒီလိုလူမျိုးကို အရမ်းမုန်းတယ်ဆိုတာ ကိုးသချိုင်းကဝေဖြစ်ဖို့ ကြိုးစားတဲ့ ကိုတက်ခါးကို မဖဲဝါကိုယ်တိုင် သတ်ခိုင်းခဲ့တဲ့အကြောင်းကို ကျုပ် ရေးပြခဲ့ဖူးပါတယ်။ 'ကိုယ်တွေ့ မဖဲဝါ' စာအုပ်မှာလေဗျာ။

ခင်ဗျား မှတ်မိတယ်မို့လား။ မဖဲဝါက သူများ သားပျို သမီးပျိုကို ဖျက်ဆီးတဲ့သူဆိုရင် အားကြီးမုန်းတာဗျ။

**တာတေ**

□□□



www.burmeseclassic.com

www.burmeseclassic.com



# ကိုးသင်္ချိုင်းပုဆိန်

အဲဒီတုန်းက တာတေ နွားစာ စဉ်းနေတာဗျ။ အဘရဲ့နွားညိုကြီးနှစ်ကောင်
းအသောက်ကို ဂရုစိုက်ကျွေးမွေးတာ ရယ်၊ အနေအထိုင်ကောင်းတာရယ်
ဝဝဖြိုးဖြိုးနဲ့ တကယ့်နွားချောကြီးတွေ ဖြစ်လာတာဗျ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ဂရုစိုက်တော့လည်း သူတို့ကလည်း ပြန်ပြီး ဂရုစိုက်တော့တာပေါ့ဗျာ။ ကျုပ်တို့နွားကြီးတွေက လွတ်လိမ့်မှာတာဗျ။ တကယ့်ကို ကြိမ်လွတ်တဲ့ကောင်ကြီးတွေဗျ။ ကြိမ်လုံးနဲ့ရိုက်ဖို့ ဝေးရော၊ တို့တောင် မတို့ရပါဘူးဗျာ။

နွားစာစဉ်းတယ်ဆိုတာ အာရုံငြိမ်ဖို့တော့ လိုသားဗျ။ ခြေထောက်ကလည်း ချက်မှန်မှန်နင်းရတယ်။ လက်ကလည်း ပြောင်းရိုးတွေကို မပြတ်ထိုးပေးရတာမို့လား။ ကျုပ်လည်း ပြောင်းရိုးတွေ တောင်းတစ်လုံးပြည့်တော့ ရပ်လိုက်တယ်။ ဒါတွေကို နွားစာခွက်မှာ ပြန်ထည့်ပေးရမှာလေ။ နွားစာတောင်းကို မ,မလို့လုပ်နေတုန်း. . .

"အရီး တာတေရော"

"ဟဲ့ သာဆန်းပါလား၊ တာတေ ရှိတယ်၊ နွားစာစဉ်းနေတယ်ဟဲ့၊ နင် ဘယ်ကလှည့်လာတာတုံး"

"ဒီကိုပဲ အရီးရဲ့၊ တာတေ့ဆီလာတာ"

"ကိစ္စရှိလို့လား သာဆန်းရဲ့၊ နင့်ကြည့်ရတာ အရေးတကြီးဖြစ်နေပုံပါလား၊ မုဆိုးကြီးကလည်း တိုတိုကြီးဝတ်လို့ ဘာဖြစ်လာတာတုံးဟဲ့"

"ကျုပ်တို့ မြောက်ဘက်ဝိုင်းက ဖိုးထောင်ရဲ့မိန်းမ၊ မိညွက်ကို သရဲဝင်ပူးနေလို့ဗျ"

"ဟေ ဟုတ်လား၊ မိညွက်ကို ဘယ်က သရဲက လာပူးနေတာတုံးဟဲ့ သာဆန်းရဲ့"

"ကျုပ်လည်း မသိဘူးဗျ၊ အိမ်ထဲမှာတော့ ဝုန်းဒိုင်းကျဲနေတာပဲ အရီးရဲ့၊ လူတွေလည်း အုံနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာ အမေနဲ့ ကိုသာဆန်း ပြောနေတာကို နွားစ ထည့်ရင်းနဲ့ ကျုပ် ကြားနေရတယ်။

နွားစာခွက်ထဲမှာ နွားစာထည့်ပြီး ပိုနေတဲ့ ပြောင်းရိုးတေ့ ကို တောင်းကလေး ခါးစောင်းတင်ပြီး နွားတင်းကုပ်ထဲက ထွက် လာတယ်။ နွားစာစဉ်းတဲ့ ခုန်ပေါ်မှာ နွားစာတောင်းကိုတင်ပြီ အိမ်ရှေ့ကို ထွက်လာခဲ့တယ်။

"တာတေရေ ရွာထဲတော့ အကြောင်းပေါ်နေပါကောပေ့"

"ကျုပ် ကြားပါတယ် ကိုသာဆန်းရဲ့၊ ဘယ်လိုဖြစ်တာတုံး ဗျာ၊ ရွာမှာ ဒါမျိုး ဘယ်တုန်းကမှ မရှိခဲ့ပါဘူးဗျာ"

"အေးလေကွာ၊ ငါတို့ရွာမှာ ဒီအဖြစ်မျိုး ကြားတောင် မကြားဖူးပါဘူးကွာ"

"ကဲ ကျုပ် လိုက်ကြည့်စမ်းမယ်ဗျာ၊ ဘယ်ကသရဲက အစ်မ ညက်ကို ဝင်ပူးနေပါလိမ့်ဗျာ၊ နို့ ကိုသာဆန်းရဲ့၊ အစ်မညက်ယောကျ်ား ကိုဖိုးထောင်ကော ရှိရဲ့လား"

"ဖိုးထောင် မရှိလို့ ပြောနေတာကွ၊ သူ့ယောကျ်ားရှိရင် ဘာအရေးလဲကွ"

"ကိုဖိုးထောင်က ဘယ်သွားတုံးဗျ"

"ဖိုးထောင်က တောထဲဝင်ပြီး အိမ်တိုင်ခုတ်နေတယ်ကွ တို့ဘထွေး ကိုတင်ကြည်က အိမ်တိုင်တစ်စုံမှာလို့ ဖိုးထောင်က သူ လူတွေနဲ့ တောထဲဝင်သွားတာ၊ နှစ်ရက်ရှိပြီကွ"

ကျုပ်တို့ရွာက အလယ်ရိုးမနဲ့ သုံးမိုင်လောက်ပဲ ဝေးတာ အစ်မညက်ယောကျ်ား ကိုဖိုးထောင်က သူ့အဖေပေးခဲ့တဲ့ ယာကလေး



www.burmeseclassic.com

www.burmeseclassic.com



လည်း လုပ်တယ်။ အားတဲ့အချိန်မှာ တောင်ပေါ်တက်ပြီး အိမ်တိုင် ထို့၊ မြဲ့တိုင်တို့ ခုတ်ပြီးရောင်းတယ်ဗျ။ သူ့အဖေ ဘိုးအောင်သိန်း လက်ထက်ကတည်းက ဒီအတိုင်းပဲ လုပ်ခဲ့တာ။ သစ်ခုတ်ဝါးခုတ် အားကြီးကျွမ်းကျင်တယ်။

ကျုပ်လည်း ကိုသာဆန်းနဲ့ လိုက်ခဲ့တာ။ ကိုဖိုးထောင်တို့ ခိုင်းနားရောက်တော့ လူကို အုံနေတာပဲဗျာ။ ရွာထဲမှာ လူမှ ကျန် သေးရဲ့လားလို့တောင် ထင်ရတယ်။

"ဟော ထာဝေ လာပြီဟေ့"

တစ်ယောက်က အော်လိုက်တော့ လူတွေက ကျုပ်တို့ကို လှည့်ကြည့်တယ်။ ကျုပ်ကို ဒီလူတွေက ပယောဂဆရာများ ထင်နေရော့ သလားဗျာ။

ကျုပ်နဲ့ ကိုသာဆန်းလည်း လူတွေကိုတိုးပြီး အိမ်ထဲဝင်ခဲ့တယ်။ ကိုဖိုးထောင်က သူ့အဖေ ဘိုးအောင်သိန်းကြီးရဲ့ အိမ်မှာပဲ ဆက်နေကြတာဗျာ။ ကိုအောင်သိန်းက သစ်ခုတ်သမားကြီးဆိုတော့ သစ်ဝါးအကြောင်းကို အားကြီးနားလည်တာ။ သူ့အိမ်ကိုဆောက်ထားတဲ့ သစ်တွေများ ကောင်းလိုက်တာမှဗျာ။ ခြေတံရှည်အိမ် အောက်ထပ်မှာ အစ်မညွှန့်ကို သရဲဝင်ပူးနေတာဗျ။

"ဘာကောင်တွေတုံး၊ နင်တို့က ငါ့ကို ဘာလုပ်ချင်လို့တုံး၊ ငါ့သားကိုလည်း သတ်သွားသေးတယ်"

သရဲပြောတဲ့စကားကို ကျုပ် ကောင်းကောင်းနားမလည် ဘူးဗျ။ ဘာတွေပြောနေမှန်းကို မသိတာ။ ဒါပေမဲ့ ကျုပ်သိတာက တော့ သရဲက တော်တော်ကို ဒေါသထွက်နေတာဗျို့။ အံကြိတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာများ ကွိ၊ ကွိ၊ ကွိ၊ ကွိ ဖြစ်နေတာ။

"တာတေ ဒီဘက်ကိုလာကွာ၊ နည်းနည်းပါးပါး မေးစမ်းကြည့်စမ်းပါဦး၊ ငါတို့တော့ သူပြောတာကို ဘာမှနားမလည်တော့ဘူး"

ကျုပ်ကိုမြင်တော့ အစ်မညွှက်နားမှာ မနီးမဝေးက ထိုင်နေတဲ့ ကိုရုံးနဲ့ ကိုတင်ထွန်းက ဆီးပြောတယ်ဗျ။ ကိုသာဆန်းနဲ့ ကျုပ်နဲ့က ကိုရုံးတို့အနား ဝင်ထိုင်ပြီး သရဲကို အကဲခတ်ရတာပေါ့ဗျာ။

ဟုတ်တယ်ဗျ။ သရဲက ကြိမ်းမောင်းနေတာဗျို့။ ဘယ်သူ့ကို ကြိမ်းမှန်းလည်း မသိ၊ ဘာကိုကြိမ်းမှန်းလည်း မသိနဲ့ဗျာ။ သွားတွေကို တကွိကွိမြည်အောင် အံကြိတ်လိုက်၊ ဝမ်းနည်းပမ်းနည်းနဲ့ ငိုလိုက်လုပ်နေတာဗျ။

"ကဲ ပြောစမ်း၊ ခင်ဗျား ဘယ်သူလဲ"

ကျုပ်လည်း စိတ်ထဲ နည်းနည်းတိုသလို ဖြစ်လာပြီး ခင်ဆတ်ဆတ်မေးလိုက်တယ်။

"ဘယ်သူဖြစ်ဖြစ် နင် ဘာလုပ်ချင်သလဲ၊ နင်တို့တစ်ရွာလုံးကို သတ်မလို့ ငါလာတာ"

"ခင်ဗျား ဘယ်သူဆိုတာ မသိဘဲနဲ့ ကျုပ်တို့က ဘာလုပ်ပေးလို့ရမှာတုံး၊ ခင်ဗျားက ယောကျ်ားလား၊ မိန်းမလား ပြော"

အစ်မညွှက်ကို ပူးနေတဲ့ သရဲက ကျုပ်ပြောတာကို စဉ်းစားနေပုံပဲဗျ။ ခဏနေမှ. . .

"ငါ မိန်းမဟဲ့၊ မိန်းမ၊ ငါနဲ့ ငါ့ကလေး တောထဲမှာနေတာကြာပြီ၊ ဂျပန်ခေတ်ကတည်းက နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါဆို ခင်ဗျားက ဂျပန်ခေတ်မှာ ဒီဘဝရောက်တာ ပေါ့"

"အေး ဟုတ်တယ်၊ တိုက်ပွဲဖြစ်တော့ ငှါသားကလေးကို ငါက ဖက်ပြီး သစ်ပင်ကြီးနောက်မှာ ကွယ်ပြီးရပ်နေတာ။ ဂျပန် ပစ်လိုက်တဲ့ကျည်က ငါတို့သားအမိကို ဖောက်ထွက်သွားတာ"

"ဩော် ဒီလိုကိုး"

ကျုပ်က ခပ်တိုးတိုး ပြောလိုက်မိတယ်။ စိတ်ထဲလည်း တကယ်ကို မကောင်းဖြစ်သွားတာပေါ့ဗျာ။

"ဒါဆိုရင် အခု ဘာကိုမကျေနပ်နေတာတုံး"

ကိုသာဆန်းက အသံကျယ်ကျယ်ကြီးနဲ့ မေးလိုက်တယ်ဗျ။

"ဒီအိမ်က အကောင်၊ ငှါသားကို သတ်လိုက်လို့ ငါ လိုက် လာတာ၊ ငှါသားလေးကို ရက်ရက်စက်စက် ပုဆိန်နဲ့ ခုတ်သတ်တာ၊ ငါ မကျေဘူးဟဲ့၊ နင်တို့ရွာကို တစ်ရွာလုံး ငါ ပြန်သတ်မယ်"

ဟင် ကိုဖိုးထောင်ကို ပြောတာပါလား။ ဘယ်လိုဖြစ်တာပါ လိမ့်။ ကိုဖိုးထောင် ဆိုတဲ့လူက အားကြီးကို အကုသိုလ်ကြောက်တဲ့ လူဗျ။ ငယ်ငယ်တုန်းက ပုဗ္ဗာရုံကျောင်းမှာနေတဲ့လူ။ ဆရာတော် ဝေယျာဝစ္စကို အမြဲတမ်းလုပ်ပေးတဲ့ လူဗျ။ ကုသိုလ်နဲ့ အကုသိုလ်ကို ခွဲခြားသိနိုင်တဲ့လူ။

"ဟာင် ဘယ်လိုဗျ၊ ဘယ်လိုဖြစ်တာတုံးဗျာ"

ကျုပ်က မညှက်ကို ဝင်ပူးနေတဲ့ သရဲမကို မေးလိုက်မိတယ်။

"ငှါသားလေးက တောထဲမှာ ဆော့နေတာ၊ ဒီအကောင် ပုဆိန်ကြီးထမ်းပြီး တောထဲဝင်လာတာကိုမြင်တော့ ကြောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်နောက်မှာ ကပ်နေတာ၊ အဲဒါကို ဒီအကောင်က ပုဆိန်နဲ့ လွှဲခုတ်လိုက်တာ ငါ့သား မရှုမလှ သေပါပေါ့လား၊ ဟီး ဟီး ဟီး ဟီး"

သရဲမက ပြောရင်းနဲ့ ဝမ်းပမ်းတနည်း ငိုတော့တာပဲဗျာ။ ကျုပ်နဲ့ ကိုသာဆန်းနဲ့ တစ်ယောက်ကို တစ်ယောက်ကြည့်နေပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေတဲ့အချိန်မှာပဲ. . .

"သတ်မယ်ဟေ့၊ သတ်မယ်၊ နင်တို့ရွာက ကလေးမှန်သမျှ ငါ ပြန်သတ်မယ်၊ သတိသာထားကြပေတော့၊ ဝါး"

ကျုပ်ရော ကိုသာဆန်းရော လန့်ကိုသွားကြတာဗျို့။ သရဲမ က အသံကုန် အော်ဟစ်ကြိမ်းမောင်းပြီး 'ဝါး' ဆို တစ်ချက်သမ်း လိုက်တယ်။ မညွှက်က ကြမ်းပြင်ပေါ်ကို ခွေခနဲ လဲကျသွားရောဗျို့။

"ဟဲ့ မိညွှက် လဲကျသွားပြီဟဲ့၊ မွေ့ထူပါဟဲ့၊ မွေ့ထူပါ"

တစ်ယောက်တစ်ပေါက် ဝိုင်းအော်နေကြတာဗျ။ မညွှက် ကလည်း ဘယ်လောက်ခေါ်ခေါ် သတိကို မရသေးဘူးဗျို့။ ကျုပ်မှာ သစ်စုန်းဆေးတော် စိမ်ထားတဲ့ ရေပုလင်းကလေး ပါလာတယ်ဗျ။ ကျုပ်က ကပျာကယာ ပုလင်းကလေးကိုဖွင့်ပြီး ဆေးတော်ရေနဲ့ မညွှက်မျက်နှာကို တောက်လိုက်တယ်။

"ဟော ဟော လှုပ်လာပြီဟေ့၊ လှုပ်လာပြီ၊ နည်းနည်း လောက် နင့်ဆေးနဲ့ ထပ်လုပ်ပါဦးဟဲ့"

ကျုပ်က ဆေးတော်ရေနဲ့ နောက်တစ်ခါ ထပ်ပြီးတောက် ပေးလိုက်တယ်။

"အင်း အင်း"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အသံထွက်လာပြီး မညှက်မျက်လုံး ပွင့်လာတယ်။ ပြီးတော့ သူ့ကို ဝိုင်းအုံနေတဲ့လူတွေကို နားမလည်သလို လိုက်ကြည့်တယ်။ ပြီးတော့ ငေါက်ခနဲ ထပြီးထိုင်တာယ်။

"ဟဲ့ ဖြည်းဖြည်း၊ အလိုတော် ထိုင်တော့လည်း ငေါက်ခနဲပဲ၊ ခေါင်းတွေဘာတွေ မူးဝေသွားပါမယ်အေ"

ရွာထဲက အရီးဒေါ်မယ်မကြီးက အော်ကျယ်အော်ကျယ်နဲ့ ပြောတယ်ဗျ။

"ကျုပ် ဘာဖြစ်လို့တုံး အရီး"

မညှက်က အရီးဒေါ်မယ်မကိုကြည့်ပြီး နားမလည်သလို မေးလိုက်တယ်ဗျ။

"ဘာဖြစ်ရမတုံး မိညှက်ရယ်၊ နင့်ကို သရဲဝင်ပူးလို့ဟေ့၊ ပူးလိုက်သမှ တစ်ရွာလုံးကို ပြောင်းဆန်သွားတာဟေ့"

"ဟင် ဟုတ်လား၊ ကျုပ် နောက်ဖေးမှာ ဟင်းရွက်ဆိတ်နေတာတော့၊ ကျုပ်ရင်ဘတ်ကို အရိပ်တစ်ခု ပြေးကပ်လိုက်တယ်လို့ ထင်လိုက်တယ်၊ နောက်တော့ ကျုပ် ဘာကိုမှ မသိတော့တာ"

မညှက်က သူ့အဖြစ်ကို ပြန်ပြောပြတယ်။ လူတွေက ငြိမ်ပြီး မညှက်ပြောတာကို နားထောင်တယ်ဗျ။ ပြီးတော့မှ တစ်ယောက်တစ်ပေါက် ပြောတော့တာဗျို့။

"ဟိုးဘေးပေါက်က တက်လာတာနေမှာပေါ့ဟဲ့"

"ဟုတ်ချင်မှ ဟုတ်မှာဟဲ့၊ ဒီကောင်မ ညကတည်းက ဒီအိမ်ထဲ ဝင်ကပ်နေချင်နေမှာ"

"ငါ့စိတ်ထင်တော့ ဟိုပြတင်းပေါက်နားက မန်ကျည်းပင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ တက်ထိုင်ပြီး လူအလစ်ကို ချောင်းနေတာ ဖြစ်မှာပဲ"

"တကယ်က တာတေတို့ ကိုသာဆန်းတို့ လိုတာပဲ၊ သရဲမကို ဒီအတိုင်း ပြန်လွှတ်ပေးလိုက်ကြတာ၊ တကယ်ဆိုရင် ဒီရွာကို နောက်မလာဝံ့အောင် မှတ်လောက်သားလောက် တွယ်လွှတ်လိုက်ရမှာပဲ၊ လိုရင် ငါတို့ပါ ဝိုင်းတွယ်မှာပေါ့ဟ"

"ဟာ ဘုမရယ်၊ ဘာတွေလျှောက်ပြောနေတာတုံးဟာ၊ အဲဒီလို ဝိုင်းတွယ်ရင် မမည်ကို သေမှာပေါ့ဟ၊ သရဲမက မမည်ကိုယ်ထဲကို ဝင်နေတာလေ"

ကျုပ်နဲ့ ကိုသာဆန်းက မမည်ကိုကြည့်ပြီးတော့ တွေးနေတယ်။

မမည်ကို ဝင်ပူးတဲ့ သရဲမ ပြောသွားတာတွေဟာ ဟုတ်နိုင် မဟုတ်နိုင်ပေါ့ဗျာ။

"တာတေ မင်း ဘယ်လိုထင်တုံး၊ သရဲမ ပြောသွားတာတွေ တကယ်လား"

အရှေ့ပိုင်းမှာနေတဲ့ ကိုကြီးကျော်တင့်က ကျုပ်ကို မေးတယ်။

"ကျုပ်လည်း ဒါကို တွေးနေတာဗျ၊ ကိုဖိုးထောင်က သူ့ကလေးကို ပုဆိန်နဲ့ ခုတ်သတ်တယ်လို့ သရဲမက ပြောသွားတယ်၊ ကျုပ်တို့ကိုင်တဲ့ ဓားတို့၊ ပုဆိန်တို့က နာနာဘာဝကို ခုတ်လို့ ပြတ်တာမှ မဟုတ်တာ"

"အေးကွ၊ တာတေပြောတာ ဟုတ်တယ်၊ ဒီသရဲမ ဘယ်လိုပလာ ပြောတာနေမှာပါကွာ၊ အမဲသားလေးဘာလေး စားချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပူးပြီး ပေါက်ကရတွေ ပြောတာနေမှာပါ"

ကိုသာဆန်းတို့နဲ့ ဝိုင်းချင်းကပ်မှာနေတဲ့ ဘိုအောင် ဆိုတဲ့ လူကလည်း ဝင်ပြောကယ်ဗျ။

"ဟာ ဘိုအောင်ကလည်း သရဲမက စားချင်ရင် စားချင် တယ်လို့ ပြောမှာပေါ့ကွ၊ အခုဟာက စားချင်သောက်ချင်တာကို တစ်ခွန်းမှ ပါတာမဟုတ်ဘူး၊ သတ်မယ်၊ ဖြတ်မယ်ပဲ ပြောနေတာ၊ မင်းတို့ အကြားပဲလေ"

ကိုသာဆန်း ပြောလိုက်တော့ ဘိုအောင် တွေသွားတယ်ဗျ။ ကျုပ်က မညွက်ကို တစ်ခုလှမ်းမေးလိုက်တယ်။

"အစ်မညွက် ကိုဖိုးထောင်က ဘယ်တော့လောက် မြန် ရောက်မှာတုံးဗျ"

"ဒီတစ်ခါ ကြာမယ် တာတောရဲ့၊ အိမ်တိုင်တစ်စုံစာရအောင် ခုတ်ရမှာ၊ ပြီးတော့ ခြံစည်းရိုးတိုင်တွေ မှာထားတာလည်း ခုတ်မယ် ပြောတယ်"

"ကိုဖိုးထောင်နဲ့ ဘယ်သူတွေ ပါသွားသေးလဲ"

ကျုပ်က ထပ်မေးတယ်။

"မီးလောင်ကုန်းက တောင်တို့၊ ငလွင်တို့ ညီအစ်ကိုကို ခေါ် သွားတယ်။ စားအိုးစားခွက်ရော ရိက္ခာရော အပြည့်အစုံကို ယူသွား တာဟဲ့၊ ဒီတစ်ခေါက် ကြာမယ်လို့ ပြောသွားတယ်"

ကျုပ်တွေးတယ်။ ဒီသရဲမဟာ စားချင်သောက်ချင်လို့ မညွက်ကို ဝင်ပူးတာ မဟုတ်ဘူးဗျ။ သူပြောသလို သူ့ကလေးကို ကိုဖိုးထောင်က ပုဆိန်နဲ့ ခုတ်သတ်တယ်ဆိုတာလည်း မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ထားဗျာ။ အကြောင်းမဲ့သက်သက်တော့ ဝင်ပူးပြီးပြောမှာ မဟုတ်ဘူးဗျ။ ကျုပ်တို့ရွာကို ကြိမ်းမောင်းသွားလိုက်တာလည်း ကြောက်စရာကောင်းအောင်ကို ကြိမ်းတာဗျ။

"ကဲ ဒီလိုလုပ်ဗျာ၊ ရွာကတစ်ယောက်လိုက်ပြီး ကိုဖိုးထောင်တို့ကို ပြန်ခေါ်ခဲ့ဗျာ"

ကျုပ်စကားကိုကြားတော့ အားလုံးငြိမ်ပြီး စဉ်းစားနေကြတယ်ဗျ။

"ဒီလိုတော့လည်း ဖိုးထောင် အလုပ်ပျက်မှာပေါ့ တာတေရ"

အရီး မမယ်မက ပြောတယ်ဗျ။ ဟုတ်တော့ ဟုတ်တယ်တောတစ်ခေါက်တက်ဖို့ဆိုတာ လွယ်တာ မဟုတ်ဘူးဗျ။

"ဟဲ့ တာတေရဲ့၊ နှင့်အစ်ကိုက တိုင်ဖိုးတွေ ကြိုတောင်ယူထားတာဟဲ့၊ တိုင်မရလို့ မဖြစ်ဘူး၊ ထားလိုက်ပါဟာ၊ သွားခေါ်မနေပါနဲ့၊ ညကျရင်သာ ကျုပ်နဲ့အဖော်လုပ်ပြီး အရီးဖြစ်ဖြစ် လာအိပ်ပေးပါ၊ ကျုပ်မှာက ကလေးသုံးယောက်နဲ့ နေရမှာ"

မညွှက်က ပြောတယ်။ ဒါလည်း ဟုတ်တာပဲလေ။ တိုင်ဖိုးတွေက ကြိုယူထားတာဆိုတော့ အလုပ်မဖြစ်လို့ ဘယ်ဖြစ်မလဲ။

"အေးပါဟယ်၊ ဒီအတွက်တော့ နှင် မပူနဲ့ မိညွှက်၊ ငါရောသိန်းကြည်တို့၊ ဝိုင်းကြည်တို့ရော လာအိပ်ပေးမယ်"

"စိတ်ချ၊ စိတ်ချ၊ ငါတို့ လာအိပ်ပေးမယ်"

လို့ အရီးဝိုင်းကြည်ရော၊ အရီးသိန်းကြည်ရော ပြောကြတယ်ဗျ။ ဒါကတော့ ကျုပ်တို့အညာရွာလေးတွေပေါ့ဗျာ။ တစ်အိမ်မှာအကြောင်းပေါ်ရင် ဘယ်သူမှ ပစ်မထားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က စကားစမြည်ပြောဆိုကြပြီး ကျုပ်လည်း ပြန်လာတာပေါ့ဗျာ။ မပြန်ခင် သစ်စုန်းဆေးတော်ကြီး စိမ်ထားတဲ့ ဆေးရည်ကို ရေဖလားကြီးတစ်လုံးထဲမှာ ပွားပြီး ဝိုင်းပတ်ပတ်လည်မှာ ဖြန်းခဲ့တယ်။ အိမ်ထဲမှာလည်း နေရာနှံ့အောင် ဖြန်းခဲ့သေးတယ်ဗျ။

နောက်တစ်နေ့ အိပ်ရာထတော့ ဘာထူးသေးတုံးလို့ ကျုပ်က မေးမြန်းကြည့်တော့ ဘာမှမထူးတော့ပါဘူးလို့ ကိုသာဆန်းက ပြောတယ်။ နောက်တစ်နေ့ညကျတော့ သန်းခေါင်လောက်ဗျ၊ အလှည့်ကျ ကင်းစောင့်ရတဲ့ သံခဲတို့ ကင်းတဲက သံချောင်းခေါက်ပါရောဗျာ။

"ဟဲ့ တာတေ ထစမ်း၊ ရွာထဲမှာ သံချောင်းတွေ ခေါက်နေတယ်"

ကျုပ် အိပ်ပျော်နေတုန်း အမေနဲ့ အဘက နှိုးလို့ နိုးလာတာဗျ။

"ဒေါင် ဒေါင် ဒေါင် ဒေါင်"

ကင်းတဲဆိုတာက တစ်နေရာက စခေါက်ရင် တခြားကင်းတဲတွေကပါ ဆက်ခေါက်ရတာဆိုတော့ တစ်ရွာလုံး ဆူသွားတာပေါ့ဗျာ။

အကြောင်းဆို တစ်အိမ်တစ်ယောက် ထွက်ကြရတာကိုးဗျ။ ရဲ၊ တုတ်၊ မားဆွဲပြီး ရွာလမ်းပေါ်ကို အားလုံးထွက်လာလိုက်တာ၊ လမ်းပေါ်မှာ လူတွေဖွေးနေရောပေါ့ဗျာ။ ရွာဆိုတော့လည်း မြို့တွေကို လမ်းမီးတိုင်တို့၊ ဘာတို့ ရှိတာမှ မဟုတ်တာ၊ မာတ်မီးတွေတဝင်းဝင်းနဲ့ပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"တာတေလားဟေ့"

"ဟုတ်တယ်ဗျ၊ ကိုသာအေးရဲ့"

"အေး အေး လာဟေ့၊ ဒီကို"

တစ်ယောက်ကိုတစ်ယောက်ကလည်း အသံပေးကြရသေးတယ်ဗျ။ ဒါမှ အကြောင်းဆိုရင် သူ့လူ၊ ကိုယ့်လူ ခွဲလို့ရမှာ မဟုတ်လား။

"ဘယ်ကင်းက စခေါက်တာတုံးဗျ"

"ရွာလယ်ကင်းကွ၊ သံခဲတို့စောင့်တဲ့ ကင်းလေ"

"ဟုတ်လား၊ ဒါဆိုလည်း အဲဒီကင်းကို သွားကြတာပေါ့ဗျာ"

ကျုပ်တို့ဘက်ပိုင်းက လေးငါးယောက် ရွာလယ်လမ်းကို ခပ်သုတ်သုတ် လျှောက်ကြတာပေါ့ဗျာ။ သံခဲတို့စောင့်တဲ့ ကင်းတဲကို ကျုပ်တို့ရောက်တော့ လူတောင် တော်တော်များနေပြီဗျ။

လူတွေက ဘာဖြစ်လို့တုံးဆိုပြီး ဝိုင်းမေးကြတာပေါ့ဗျာ။ သံခဲက ရှင်းပြနေတယ်။

"ကျုပ်နဲ့ ငမှုံနဲ့ စကားထိုင်ပြောနေတာဗျ၊ ကျုပ်က စပြီးမြင်တာ၊ ဟိုအနောက်ဘက်ကနေ ပြေးလာတာ၊ ဘယ်ဆူဘယ်ဝါဆိုတာတော့ မသဲကွဲဘူးပေါ့ဗျာ။ ရိပ်ခနဲ၊ ရိပ်ခနဲ ပြေးလာတာဗျ၊ သစ်ပင်နောက်ကို ပြေးကပ်လိုက်၊ တအောင့်နေရင် ပြေးထွက်လာလိုက်နဲ့ဗျ၊ ဒါနဲ့ ကျုပ်နဲ့ ငမှုံက မီးနဲ့ထိုးရောဗျို့၊ မီးနဲ့လည်းထိုးရော ဟိုမန်ကျည်းပင်ကြီးပေါ်ကို တစ်ခါတည်း တက်ပြေးတာဗျ။ အဲဒီမန်ကျည်းပင်ကနေ အရီးမယ်ခတို့ဝိုင်းထဲက မန်ကျည်းပင်ပေါ်ကို ခုန်ကူးတယ်ဗျ၊ အဲဒီမန်ကျည်းပင်ပေါ်ကနေ အရီးမယ်ခတို့ အိမ်ခေါင်မိုးပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခုန်တက်တယ်၊ အဲဒီမှာ ပျောက်သွားတာဗျ"

ကျုပ်လည်း သံခဲပြောတဲ့ အရီးမယ်ခတို့ဝိုင်းဘက်ကို လှမ်းကြည့်တယ်။ ဩော် ဒါကြောင့် လူတွေ ဓာတ်မီးတဝင်းဝင်းနဲ့ အရီးမယ်ခတို့ ဝိုင်းထဲမှာ ရှာဖွေနေကြတာကိုး။

"နေပါဦး သံခဲရဲ့၊ မင်းတို့မြင်တာ လူရော ဟုတ်ရဲ့လား"

ကျုပ်က သံခဲကို ခပ်တိုးတိုး မေးလိုက်တယ်။ သံခဲနဲ့ ငမွှဲက ကျုပ်ကို သေသေချာချာကြည့်ပြီး ပြောတယ်ဗျ။

"ကျုပ်စိတ်ထင်တော့ လူမဟုတ်ဘူးဗျ၊ ကိုကြီးတာတေရ၊ သစ်ပင်ပေါ်ကို တက်သွားတာ လူတက်သလို မဟုတ်ဘူးဗျ၊ ကြောင်တစ်ကောင်တက်သလောက်ကို မြန်တာဗျ၊ လူဆိုရင် ဒီမန်ကျည်းပင်ကြီးနှစ်ပင်ကို ဘယ်လိုလုပ် ခုန်ကူးမလဲဗျ"

"ဒါဆိုရင် မင်းက ဘာလို့ထင်တုံး"

"ကျုပ်ကတော့ နာနာဘာဝလို့ပဲ ထင်တယ် ကိုကြီးတာတေ"

"မနေ့က အစ်မညက်ကို ဝင်ပူးတဲ့ သရဲမများလားမှ မသိတာ"

ငမွှဲက ဝင်ပြောတယ်။ ကျုပ်က ဘာမှမပြောဘဲ ငြိမ်လိုက်တယ်။ ဒီတုန်းမှာပဲ. . .

"ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင်"

ဟာ ရွာမြောက်ပိုင်းက သံချောင်းခေါက်သံ ထွက်လာတယ်ဗျ။ လူတွေလည်း မြောက်ပိုင်းကို ဓာတ်မီးတဝင်းဝင်းထိုးပြီး ပြေးကြပြန်ရောဗျို့။

"အဲဒါ အောင်တင်တို့ ကျော်သောင်းတို့ကင်းက ခေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ ဒီည အောင်တင်တို့ ကင်းလှည့်ကွ"

ကင်းတဲတစ်ခုက သံချောင်းခေါက်ရင် ကျန်တဲ့ကင်းတွေက လိုက်ခေါက်ရတဲ့ ထုံးစံရှိတာကိုးကွ။ ဒီတော့ ရွာအရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်းတွေကပါ ခေါက်ကြတော့တာပေါ့ဗျာ။ တစ်ရွာလုံးကို ညံထွက်သွားပြန်ရောဗျို့။

ကျုပ်လည်း မြောက်ပိုင်းကို လူအုပ်နဲ့ ရောပါလာပြန်တာပေါ့ဗျာ။

"ဟေ့ အောင်တင် ဘာမြင်လို့တုံး"

"မည်းမည်းအကောင်တစ်ကောင်ပဲဗျ။ သစ်ပင်တွေနောက်မှာ ကပ်ကပ်ပြီး ပြေးလာတာ၊ ဟိုထနောင်းပင်ကြီးပေါ်ကို တက်ပြေးတာဗျ။ မြန်လိုက်တာဗျာ၊ ကြောင်ထက်တောင် မြန်သေးတယ်ဗျာ။ ပြီးတော့မှ ဘိုးလေးအောင်ဘတို့ဝိုင်းထဲကို ခုန်ဝင်သွားတာဗျို့၊ လူတော့ မဟုတ်ဘူးထင်တာဘဲ၊ လူဆိုရင်လည်း ကြောင်ဆေးတွေဘာတွေ အောင်ထားတဲ့လူပဲ ဖြစ်မှာဗျ၊ ပေါ့လိုက်တာမှ သစ်ပင်ပေါ်တက်တာလည်း အသံတောင် မကြားရပါဘူးဗျာ"

လူတွေက ဘိုးလေးအောင်ဘတို့ ဝိုင်းထဲကို ဝင်ရှာကြပြန်တာပေါ့ဗျာ။ ဓာတ်မီးတွေနဲ့ ဟိုထိုးကြည့်၊ ဒီထိုးကြည့်ပေါ့ဗျာ။ ဘာမှလည်း မတွေ့ကြပါဘူး။

"တာတေ မင်းရော ဘာလို့ထင်တုံးကွ"

ဘိုးလေးအောင်ဘက ကျုပ်ကိုတွေ့တော့ မေးတယ်ဗျ။

"ကျုပ်စိတ်ထင်ကတော့ မနေ့က အစ်မညွှက်ကို ဝင်ပူးတဲ့ သရဲမလို့ ထင်တာပဲဗျာ၊ ဒီသရဲမ တစ်ခုခုတော့ လုပ်လိမ့်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ရွာလူကြီးတွေကတော့ ဆေးစွမ်းတစ်ခုခု အောင်ထားတဲ့လူလို့ ထင်ကြတယ်၊ ကြောင်ဆေးတို့၊ တောက်ပြားဆေးတို့ ပေါ့ကွာ"

ကျုပ် ဘာမှပြန်မပြောဘဲ ခေါင်းပဲညိတ်ပြလိုက်တယ်။ အားလုံးက အထင်တွေချည်းပဲလေဗျာ။ ဖြင်းနေလို့ရော ဘာထူးမှာလဲ။ ကျုပ်စိတ်ထဲမှာတော့ မှုသွားတာအမှန်ပဲဗျ။ ဒီလိုနဲ့ပဲ နှစ်နာရီလောက်ကြာတော့ ကျုပ်လည်း အိမ်ပြန်ခဲ့တယ်။

အိမ်ရောက်တော့လည်း တော်တော်နဲ့ အိပ်မပျော်တော့ပါဘူးဗျာ။ အမေတို့ အဘတို့နဲ့ ထိုင်စကားပြောရင်း ဆေးလိပ်သာဖွာနေမိတာပါ။

ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်သံကြားမှ ကျုပ်အိပ်ရာဝင်ခဲ့တာ။ မနက်ရောက်တော့ တော်တော်နဲ့ကို မနိုးပါဘူးဗျာ။

ကျုပ် မနက်အိပ်ရာကနိုးတော့ အမေက ဆီးပြောတယ်ဗျ။

"တာတေ ညက ဖိုးထောင်တို့ မိညွှက်တို့ ကလေးသုံးယောက် ဘာဖြစ်တယ် မသိဘူးတဲ့၊ လန့်ပြီး ငိုလိုက်ကြတာတဲ့၊ နင်ပေးခဲ့တဲ့ ဆေးတော်ကြီးအရည်ဆိုတာ တိုက်လိုက်တော့မှ ငြိမ်သွားတယ်ဆိုပဲ"

"ဟင် ဟုတ်လား၊ အမေ့ကို ဘယ်သူပြောလို့တုံး"

"စောစောကပဲ မမယ်မ လာပြောသွားတာလေ၊ သူတို့ဝိုင်းကြည့်တို့ ညက မိညွှက်နဲ့ အဖော်လုပ်ပြီး အိပ်ပေးကြတာတဲ့၊ သူတို့ ရှိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



**"အင်း. . အမေရေ ကျုပ်တော့ စိတ်ထဲမှာ ခပ်လေးလေးပဲဗျာ၊ သိပ်တော့ မကောင်းဘူးလို့ ကျုပ်ထင်တယ်"**

"နို့ ဘယ်လိုလုပ်ရင်ကောင်းမလဲ တာတေ၊ နင်လည်း ဆရာတွေနဲ့ လျှောက်လိုက်ဖူးတာပဲလေ"

"အခုနေကတော့ ဘာမှလုပ်လို့ မရသေးဘူးဗျ၊ ဘာဆိုတာ သဲသဲကွဲကွဲသိမှ လုပ်လို့ရမှာ"

အမေနဲ့ ကျုပ်နဲ့ စောစောစီးစီး ညကကိစ္စကို ဆက်ပြောနေကြတာပေါ့ဗျာ။ ဒီတုန်းမှာပဲ. . .

"ကိုကြီးတာတေ၊ ဦးဖိုးထောင်တို့အိမ်မှာ ဦးသာဆန်းတို့ရော၊ ကိုကြီးသံခဲတို့ရော လူတွေစုံနေကြပြီ၊ ဦးဖိုးထောင်လည်း ပြန်ရောက်နေတယ်ဗျ၊ အဲဒါ ကိုကြီးတာတေကို သွားခေါ်ခိုင်းလို့ ကျုပ်လာခေါ်တာ"

"ဟဲ့ ဒါ လှရင်သား မျက်ပြူးမို့လား"

အမေက မျက်ပြူးကို သေသေချာချာကြည့်ပြီး မေးတယ်ဗျ။

"ဟုတ်တယ် ဘွားငွေစိန်၊ ကျုပ် မျက်ပြူးပါ"

"အေး အေး၊ နို့ ဖိုးထောင်ကို ဘယ်သူသွားခေါ်လိုက်တာတဲ့တုံး"

"အဲဒါတော့ ကျုပ်လည်း မသိဘူးဗျ၊ ကျုပ်တို့ကလေးတွေ အစည်းအဝေးလုပ်နေတုန်းမှာ ဦးသာဆန်းကြီးက ကျုပ်ကို ခေါ်ပြောတာဗျ"

"ဟေ နင်တို့က အစည်းအဝေးလုပ်တယ် ဟုတ်လား၊ ဘာတွေစည်းဝေးတာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ညကျရင် မအိပ်ဘဲ ပုန်းနေပြီးတော့ အဲဒီသံရဲမလား၊ ကြောင်းဆေးထိုးထားတဲ့လူလား၊ ဘာမှန်းမသိတဲ့ဟာကို ကျုပ်တို့ ဖော်ထုတ်ဖို့ စည်းဝေးနေတာ"

"ဟား ဟား ဟား ဟား"

ကျုပ်ဖြင့် ငိုအားထက် ရယ်အားသန် ဆိုတာလို ဖြစ်ရတာ ပေါ့ဗျာ။ ကျုပ်အမေဆိုတာ မျက်ပြူးကိုကြည့်ပြီး ရယ်လိုက်တာ မပြောပါနဲ့ဗျာ။

"အေး အေး နင်တို့ ကျုပ်ကျုပ်အစည်းအဝေးလုပ်၊ ဟိုသရဲမ က နင်တို့ကို ဂျိုးတွေ ဖြတ်သွားလိမ့်မယ်"

"ကဲ လာ လာ မျက်ပြူး၊ ကိုဖိုးထောင်တို့အိမ်ကို သွားရ အောင်"

လို့ ကျုပ်ကပြောပြီး ထွက်လာခဲ့တယ်။ မျက်ပြူးလည်း ကျုပ်ဘေးက ကပ်တတ် ကပ်တတ်နဲ့ ပါလာတာပေါ့ဗျာ။ ကိုဖိုးထောင် တို့၊ မညက်တို့ ဝိုင်းထဲဝင်လိုက်တော့ မျက်ပြူး ပြောသလိုပဲဗျ၊ လူ အတော်စုံနေတာ။

"လာဟေ့ တာတေ"

လို့ ကိုဖိုးထောင်က ကျုပ်ကို လှမ်းခေါ်တယ်။ ကျန်တဲ့လူ တွေကလည်း ကျုပ်ထိုင်ဖို့ ဘေးကို နည်းနည်းစီ ရွှေ့ပေးကြတယ်။

"ကိုဖိုးထောင်ကို ဘယ်သူ လာခေါ်တာတုံး"

လို့ ကျုပ်က မေးလိုက်တော့ ကိုဖိုးထောင်က ခေါင်းခါပြ တယ်ဗျ။

လက်ဖက်ပန်းကန်တွေရော၊ အကြွမ်းအိုးနှစ်အိုးရောနဲ့



www.burmeseclassic.com

www.burmeseclassic.com



ညှော့ခဲ့ထားတာဗျ။ ကိုဖိုးထောင်က ကျုပ်ကို စကားမပြောခင် လက်ဖက်တစ်စွန်း ခပ်စားလိုက်တယ်။

"ဘယ်သူမှ လာခေါ်တာ မဟုတ်ဘူး တာတေရေ့ ငါ့ဟာ ငါကို ပြန်ချလာတာ"

"ဟင် ဘယ်လိုဖြစ်လို့တုံး"

"ဘယ်လိုဖြစ်လဲဆိုတော့ ငါဆက်ပြီး အလုပ်လုပ်လို့ မရတော့လို့ဟေ့"

"ဟင် ဘယ်လိုတုံးဗျ"

"ဒီလိုဟေ့၊ ညဆိုရင် တို့စခန်းချတဲ့တဲကို လာပြီးကိုင်လှုပ်တာ အိပ်လို့ကို မရဘူး၊ ထထိုင်နေရတာ၊ အဲဒီကြားထဲက ငါ အိပ်ပျော်သွားရင် အိပ်မက် မက်ရောဟေ့၊ ဆံပင်ဖားလျားကြီးနဲ့ သရဲမတစ်ယောက်က ငါ့ကို အထင်းဝင်သက်တော့တာပဲ။ ငါ့မှာ ရှုန်းရကန်ရ ပြန်ပြီးထိုးရ ကြိတ်ရနဲ့ အိပ်ရာက နိုးလာရင် လူကို မောနေတော့တာဟေ့၊ အဲဒါအိပ်မက်ထဲမှာ ငါ့ကိုသတ်ရင်း ပုတ်ရှင်းနဲ့ ပြောသေးတယ်၊ သူ့သားကို ငါသတ်ပစ်လိုက်တယ်၊ ငါ့ကို သတ်မယ်၊ ငါ့ရွာကို တစ်ရွာလုံး သတ်ပစ်မယ်နဲ့ကွာ"

"ဟာ ဒီလိုကို ဖြစ်တာကိုး"

"ဟာ တာတေရာ၊ ဒါလောက်ဆို ငါ ဘယ်ပြန်လိမ့်မတုံးကွာ၊ တစ်ရက် ငါ ခုတ်ချလိုက်တဲ့သစ်ပင်က လဲကျသွားတာ၊ တစ်ယောက်ယောက်က ဆီးပြီးမထားသလိုဖြစ်ပြီး စောင်းစောင်းကြီး ဖြစ်နေတာဟေ့၊ အောက်ကို လဲကိုမကျဘူး၊ ငါလည်း အံ့ဩပြီး ကြည့်နေတုန်းမှာ သစ်ပင်က ပြန်ထောင်လာပြီး နဂိုအတိုင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထောင်နေရောပေ့။ အဲဒီမှာတင် ငါခေါ်သွားတဲ့ မီးလောင်ကုန်းက ငတင်တို့၊ ငလွှင်တို့လည်း စွတ်ပြေးတော့တာပေါ့ကွာ၊ ငါ့မှာ ဒီကောင်တွေကို မနည်းလိုက်ခေါ်ရတာ။ နှစ်ယောက်စလုံး ကြောက်ပြီး တုန်နေတာပေ့၊ ဘယ်လိုပြောလို့မှ မရတော့ဘူး၊ ဒါနဲ့ ငါလည်း သူတို့နှစ်ယောက်ခေါ်ပြီး တောထဲက ပြန်ထွက်လာခဲ့တာ။ ဒီကောင်နှစ်ယောက်က တောထဲမှာကို မအိပ်ရဲတော့တာကွ"

"ဒီကအကြောင်းတွေတော့ ကိုဖိုးထောင် အိမ်ရောက်မှ သိရတာပေါ့ ဟုတ်လား"

"ဟာ အိမ်မရောက်ခင်ကတည်းက သိတာပေါ့ကွာ၊ ဟို ကောင်လေးနှစ်ယောက်ကို မီးလောင်ကုန်းကို ပို့လိုက်ပြီး ပြန်လာတော့ လမ်းမှာ အောင်မောင်းနဲ့ သာတင့်ကို တွေ့တယ်၊ ဒါနဲ့ ရွာမရောက်ဘဲ သိလာတာကွ၊ အောင်မောင်းတို့ကလည်း အသေးစိတ်ကို ပြောပြတာပေ့"

ကိုဖိုးထောင်ကလည်း ရွာကအဖြစ်အပျက်တွေနဲ့ သူ့အဖြစ်အပျက်ကို ဆက်စပ်ပြီး ပြောပြတယ်ဗျ။

"ကိုဖိုးထောင် အဲဒီသရဲမက သူ့ကလေးကို ကိုဖိုးထောင် သတ်တယ်ချည်း ပြောနေတာဗျ"

"အေး အဲဒီအကြောင်းကို ငါလည်း သေသေချာချာ တွေးနေတာကွ၊ ငါတော့ ဟုတ်လိမ့်မယ်ထင်တယ်"

"ဗျာ၊ ဟေ၊ ဟာ"

ကိုဖိုးထောင်ရဲ့ စကားကိုကြားတော့ အားလုံးအံ့ဩကုန်ကြရောဗျို့။ ကျုပ်လည်း အံ့ဩသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ၊ ငါတို့တောထဲရောက်ပြီး နောက်တစ်နေ့မှာ ငါနဲ့ ကောင်လေးနှစ်ယောက်နဲ့ သစ်ရှာထွက်ကြတာပေါ့ကွာ၊ အိမ်တိုင်လုပ်ဖို့ အရွယ်ကောင်း အရွယ်ညီတဲ့ အပင်တွေကို ပုဆိန်နဲ့ခုတ်ပြီး အမှတ်အသား လုပ်ရတာပေါ့၊ တောင်ကမ်းပါးအစပ်မှာ ပေါက်နေတဲ့ ကညင်ပင်တစ်ပင်က ဖြောင့်စင်းပြီး အိမ်တိုင်အတွက် အလောတော်ကွ။ ငါလည်း အဲဒီအပင်ကို ခုတ်မယ်ဆိုပြီး သွားကြည့်တယ်၊ သစ်ပင်ကို တစ်ပတ် ပတ်ကြည့်ပြီး စိတ်တိုင်းကျတော့ ငါ့ပုဆိန်နဲ့ လွှဲခုတ်ပြီး ထစ်လိုက်တာပေါ့ကွာ၊ ခုတ်ဖို့ အမှတ်အသားလုပ်လိုက်တာပေါ့။ ငါ့နားထဲမှာ စူးစူးဝါးဝါး အော်လိုက်တဲ့ အသံကလေး တစ်သံ ကြားလိုက်တယ်ကွ။ တိရစ္ဆာန်တစ်ကောင် အော်လိုက်သလိုပဲ၊ ငါလည်း ဘေးဘီကို လှည့်ကြည့်ပြီး ရှာသေးတယ်၊ ဘာမှမတွေ့ဘူးကွ၊ ခဏကြာတော့ တောတစ်တောလုံး လေတွေတိုက်လိုက်ဟာ ဝေါဝေါ ဝေါဝေါ ဖြစ်နေတာပေါ့၊ အသံတွေကလည်း မျိုးစုံကြားရတာ။ အဲဒီကတည်းက ငါ့ကောင်လေးနှစ်ယောက်က လန့်သွားတာကွ၊ ဒါတောခြောက်တာပါ၊ ဘာမှမဖြစ်ပါဘူးဆိုပြီး မနည်းကို ရှင်းပြရတာ"

"ဩော် ကိုဖိုးထောင် တကယ်ဖြစ်ခဲ့တာကိုး"

ကျုပ်က ပြောလိုက်တော့ ကိုဖိုးထောင်က ခေါင်းညိတ်ပြီး ပြောတယ်ကွ။

"ငါက သူတို့ကို မြင်မှ မမြင်ရတာကွာ၊ ဘယ့်နှယ်လုပ်ပြောရမလဲ"

ကျုပ်ရော ရွာကလူတွေရော ဘာပြောရမှန်း မသိကြ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးပေါ့ဗျာ။ ကိုဖိုးထောင် ပြောတာလည်း ဟုတ်တာပဲပေါ့ဗျာ။ သူ တမင်သတ်တာမှ မဟုတ်တာ။ ဘဝခြားနေတဲ့ အပယ်ဘုံသား တွေကို လူတွေက မြင်မှမမြင်ရတာ။ ဒီပေမဲ့ ရွာမှာလည်း ဒီကိစ္စက တကယ်ကို ကြုံနေရပြီ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ၊ ရွာထဲက ကလေးတွေ တစ်ပြိုင်တည်း အော်ငိုကုန်ကြပြီဗျ၊ ဘာဖြစ်တာလဲ မသိဘူး"

မျက်ပြူးဗျ။ အတင်းကို ပြေးချလာပြီး လာပြောတာ။

"ဟေ ဟုတ်လား၊ ဒါနဲ့ ကိုဖိုးထောင်ကလေးတွေရော"

"မြောက်ပိုင်းက သူ့အမေအိမ် သွားနေတယ်ကွ"

"ဟာ ဦးဖိုးထောင်၊ ဦးဖိုးထောင် ကလေးတွေလည်း ငိုနေ တယ်ဗျ၊ ကျုပ် အခုပဲ တွေ့လာတာ"

မျက်ပြူးကလည်း မျက်လုံးပြူးပြူးကြီးနဲ့ ကျုပ်ကို ကြည့်နေ တယ်ဗျ။

"ကဲ ကျုပ် ပုဗ္ဗာရုံဆရာတော်ဆီကို ပြေးလိုက်ဦးမယ်၊ ဘာ သွားလုပ်မလို့တုံး"

"ဆရာတော်ကို အကျိုးအကြောင်း လျှောက်ကြည့်မလို့ပါ ဗျာ"

"နောက်မှ လျှောက်ပါ တာတေရာ၊ ဒီမှာက အကြောင်းက အခုပေါ်နေတာကွ"

ဒါလည်း ဟုတ်တာပဲဗျ။ ရွာထဲက ကလေးငိုသံတွေ ကြား နေရတာပဲလေ။ ကဲ နောက်မှပဲ သွားတော့မယ်လို့ ကျုပ် ဆုံးဖြတ် လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အိတ်ထဲမှာ အဆင်သင့်ပါတဲ့ သစ်စုန်းဆေးတော်ကြီး ကို ရေပုံးထဲက ရေထဲကို အမှုန့်ကလေးတွေ ခြစ်ချလိုက်တယ်။ ပြီးတော့ ဂုဏ်တော်ကို စိတ်ထဲက ရွတ်ရင်း ရေကို မွှေတယ်။ ပြီး တော့ ရေဖလားတွေနဲ့ တစ်ယောက် တစ်ခွက်ခပ်ခိုင်းပြီး ရွာအရှေ့ ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းတွေကို လူခွဲလွှတ် လိုက်တယ်။ ငိုနေတဲ့ ကလေးတွေကို ရေနဲ့တောက်ခိုင်းလိုက်တယ်။ စွမ်းလိုက်တဲ့ ဆရာနွံဖရဲ့ ဆေးတော်ကြီးဗျာ။ တစ်ရွာလုံး ငိုသံတွေ တိတ်သွားရောဗျို့။ ဒီတော့မှ အားလုံးစိတ်အေးသွားကြရောဗျို့။

*(ဆရာနွံဖကိုတော့ ခင်ဗျား သိမှာပါ။ မသိရင်တော့ 'ကိုယ် တွေ့မဖဲ့ဝါနဲ့ ကဝေဆယ့်နှစ်ကြိုး' မှာ ပြန်ဖတ်ကြည့်ပေါ့ဗျာ။)*

ကိစ္စတစ်ခု အေးသွားတော့ ကျုပ်တို့ ရွာကိစ္စ ဆက်ပြီးတိုင် ပင်ကြတယ်။

"ကျုပ်ကြောင့် ကျုပ်ရွာ ခုလိုဖြစ်ရတာ၊ တကယ်ကို စိတ် မကောင်းပါဘူးဗျာ"

ကိုဖိုးထောင်က ခေါင်းကြီးငုံ့ပြီး ပြောတယ်ဗျ။

"ဟာ ဖိုးထောင်ရာ မင်းမှာ ဘာအပြစ်မှ မရှိပါဘူးကွာ၊ နာနာဘာဝဆိုတာ မင်းမြင်နိုင်တာမှ မဟုတ်တာ၊ ပြီးတော့ မင်းက သူ့ကလေးကို သေစေလိုတဲ့စိတ်နဲ့ သတ်လိုက်တာမှ မဟုတ်တာ၊ သူ့ကလေးက သစ်ပင်မှာ ကပ်နေတဲ့အချိန် မင်းက ခုတ်မယ့်သစ်ပင် ကို ပုဆိန်နဲ့ထစ်ပြီး အမှတ်အသားလုပ်လိုက်တဲ့အချိန်နဲ့ သွားတူနေ တော့ ပုဆိန်နဲ့ ခုတ်သတ်သလို ဖြစ်သွားတာတော့ ဘယ်တတ်နိုင်မှာ မလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုသာဆန်းက ပြောတယ်ဗျ။ ကျုပ်ကလည်း ပြောပါတယ်။

"ကိုဖိုးထောင်ရာ၊ ဒါမျိုးဆိုတာ ကျုပ်ကြောင့်ဖြစ်လည်း ကျုပ်တို့တစ်ရွာလုံး တိုင်တိုင်ပင်ပင်နဲ့ ဖြေရှင်းရမှာပဲ၊ ကိုဖိုးထောင်ကြောင့်ဖြစ်လည်း ဒီလိုပဲ တိုင်ပင်ပြီး ဖြေရှင်းကြရမှာပဲပေါ့၊ ကျုပ်တို့အားလုံးဟာ ထနောင်းကုန်းသားတွေလေဗျာ၊ သူ့အပြစ်၊ ငါ့အပြစ် ပြောနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ အားလုံးတိုင်ပင်ပြီး ဖြေရှင်းရမှာပဲ ပေါ့ဗျာ။ ကျုပ်က စပ်စပ် စပ်စပ်နဲ့ နေရာတကာပါတဲ့ကောင်ဆိုတော့ အတွေ့အကြုံ ဗဟုသုတများတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျုပ်က ဆရာသမားတစ်ယောက် မဟုတ်ဘူးလေဗျာ၊ အဲဒီတော့ ဆရာ ရှာသင့်ရင် ကျုပ်တို့ ရှာရမှာပဲ၊ အခုလောလောဆယ်တော့ ကျုပ်တို့ ပုဗ္ဗာရုံဆရာတော်ကို အမှူးထားပြီး တခြားကျောင်းတွေက ဆရာတော်တွေကိုပါပင့်ပြီး ရွာထဲမှာ ပရိတ်ရွတ်ကြရအောင်ဗျာ"

"ဟာ တာတေပြောတာ ကောင်းတယ်ဟေ့၊ လောလောဆယ် ပရိတ်ရွတ်ရမယ်၊ ပြီးရင် လူကြီးတွေနဲ့ တိုင်ပင်ပြီး ဆရာ ရှာကြမှဖြစ်မယ်"

ကိုသာဆန်းက ကျုပ်စကားကို ထောက်ခံတယ်။ ကျန်တဲ့လူတွေကလည်း သဘောတူတယ်။ ဒါနဲ့ ကျုပ်တို့လူငယ်တွေစုပြီး ပရိတ်ရွတ်မယ့်နေရာတွေ ရွေးချယ်ကြတယ်။ အဲဒီနေရာတွေမှာ ကျကျနန ပြင်ဆင်ကြတယ်။ ကျုပ်က ပုဗ္ဗာရုံဆရာတော်ဆီကိုသွားပြီး အကျိုးအကြောင်းတွေ အကုန်လျှောက်တယ်။ ဆရာတော်က ရွာမှာရှိတဲ့ ဘုန်းကြီးကျောင်းတိုက်တွေကို ပင့်လျှောက်ပြီး စုဝေးတိုင်ပင်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးလို့ ထနောင်းကုန်းမှာ ပရိတ်ရွတ်တဲ့ ဆရာတော် အရှင်သူမြတ်တွေရဲ့ အသံက လွှမ်းခြုံသွားတာပေါ့ဗျာ။ ကလေးတွေလည်း အငိုတိတ်သွားတယ်။ ရွာသူရွာသားတွေလည်း ကြောက်တာ လန့်တာ ပြေသွားကြတာပေါ့ဗျာ။

ဒါပေမဲ့ တစ်ပတ်ကြာတော့ ပြန်လှုပ်ရှားလာတယ်ဗျ။ မည်းမည်းအရိပ်တစ်ခု ရွာထဲမှာ ဟိုပြေး ဒီပြေးနဲ့ လုပ်နေပြန်ရောဗျာ။ ဒီတစ်ခါတော့ ကင်းသမားတွေက သံချောင်းမခေါက်တော့ဘဲ ဝိုင်းလိုက်ကြတာဗျ။ ကင်းတဲတွေမှာ လူငယ်တွေက အင်အားတိုးပြီး စောင့်နေကြတာကိုးဗျ။

ဒါပေမဲ့ ဘယ်လောက်ပဲလိုက်လိုက် နောက်ဆုံးတော့ ပျောက်သွားတာချည်းပါပဲဗျာ။ ရွာကလူတွေလည်း စိတ်နည်းနည်းရှုပ်သွားကြတာပေါ့ဗျာ။

အဲဒီမှာ ပြောရဦးမယ်ဗျို့။ ကျုပ်တို့ရွာက ခွေးတွေဟာ ညမိုးချုပ်တာနဲ့ အိမ်အောက်ဝင်နေကြတာ။ ဟောင်ဖို့နေနေသာသာ အမြီးတွေကုပ်ပြီး လှုပ်တောင် မလှုပ်ရဲကြဘူးဗျ။

နောက်တော့ ကလေးတွေက အရင်ဆုံး သတိထားမိသွားတာဗျ။ သရဲမ ရွာထဲဝင်မယ့်ညဆိုရင် ခွေးတွေက ကြုံ့သိပြီး အိမ်အောက်တွေမှာ ပုန်းနေကြတာ။ ခွေးတွေ အပြင်မှာ သွားလာနေတဲ့ ညဆိုရင် သရဲ မလာဘူးဆိုတာ ကျုပ်တို့က သတိမထားမိဘူးဗျ။ ကလေးတွေက သတိထားမိတာ။ ကျုပ်ကို ဒီအကြောင်း မျက်ပြူးတို့ ကလေးအဖွဲ့က ပြောတာဗျို့။

ကျုပ်ကတစ်ဆင့် ပြန်ပြောမှ လူကြီးတွေ သိသွားတာ။



www.burmeseclassic.com

www.burmeseclassic.com



လာမှာသိတော့လည်း ဘာမှမတတ်နိုင်ပါဘူးဗျာ။ မည်းမည်းအရိပ်ပြေးနေတာတွေ့ရင် ဝိုင်းလိုက်ကြ၊ နောက်ဆုံး ပျောက်သွား၊ ဒါပါပဲ။ ဒီလိုဖြစ်နေရင်းကနေ ကျုပ်တို့ ဆရာတစ်ယောက် ရှာတွေ့သွားတယ်ဗျို့။ ဆရာနာမည်က ဆရာကိုဝိုင်းတဲ့ဗျ။ လူက သိပ်မကြီးသေးပါဘူး။ အသက်သုံးဆယ်ကျော်လောက်ပဲ ရှိသေးတာဗျ။

ရွာရောက်ကတည်းက သက်သတ်လွတ်စား၊ ပုတီးစိပ်တော့တာဗျို့။ လူငယ်သလောက် အကျင့်စရိုက်က တော်ရှာပါတယ်။

အားလုံးက အခြေအနေတွေကို ပြောပြကြတော့ ဆရာဝိုင်းလည်း ဘာလုပ်ရမယ်ဆိုတာ သိသွားပုံပါပဲဗျာ။ ဆရာဝိုင်း အတွေးအခေါ်က ပြတ်တယ်။ ဘာမှ ဝေ့လည်ကြောင်ပတ် လုပ်စရာ မလိုဘူး။ ဒါအမှုပဲ။ ကိုဖိုးထောင် တောထဲမှာ သတ်ခဲ့မိတဲ့အမှု။ ဒါပေမဲ့ လူသတ်မှု မဟုတ်ဘဲ သရဲသတ်မှု ဖြစ်နေတယ်။ ဘာပဲသတ်သတ်၊ အမှုတာ အမှုပဲ။ အမှုဆိုတာ တရားလိုဘက်က ကျေအေးရင် ပိတ်လို့ရတာပဲ။ ဒါက ဆရာဝိုင်းအတွေး။ ဘယ်သူမှ မငြင်းနိုင်တဲ့အတွေးတွေပါ။

ဒါနဲ့ ဆရာဝိုင်းက ကိုဖိုးထောင်တို့အိမ်မှာပဲ ရာဇဝတ်ရုံးကြီး ဖွင့်လိုက်တယ် ဆိုပါတော့ဗျာ။ ဘုရားစင်မှာ ဆီမီးတွေ၊ အမွှေးတိုင်တွေ ပူဇော်ပြီး ဘုရားကို သေသေချာချာ ရှိခိုးတယ်။ ပြီးတော့ မည့ကို သရဲပူးခိုင်းတာပေါ့ဗျာ။ ဘာပြောကောင်းမလဲ၊ သရဲမဝင်လာတာပေါ့ဗျာ။

အရင်တစ်ခါလိုပဲ ဝုန်းဒိုင်းကြဲနေတော့တာပါပဲဗျာ။ ကိုဖိုးထောင်ကိုလည်းတွေ့ရော ပြောလိုက်သမျှ ရစရာကို မရှိအောင် ပြောတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတင် ဆရာဝိုင်းက သရဲမကို ဖျောင်းဖျပြောဆိုပြီး ကျေအေးဖို့ တောင်းပန်ရတာပေါ့ဗျာ။ ဆရာဝိုင်း ဘယ်လိုပဲ တောင်းပန် တောင်းပန် သရဲမက အော်ဟစ်ကြိမ်းမောင်းနေတာပဲဗျ။

အဲဒီမှာ ဆရာဝိုင်း အမှားတစ်ခု ဖြစ်သွားတယ်ဗျ။

ဘာလဲဆိုတော့ ဆရာဝိုင်း စိတ်ဆိုးသွားတာဗျ။ ဒေါသတွေ အရမ်းထွက်ပြီး သရဲမ ဒီရွာက ထွက်သွားဖို့ နောက်နောင် ဒီရွာကို အရိပ်တောင် မနင်းဖို့ အမိန့်ပေးတာဗျ။ သရဲမက ဆရာဝိုင်းကိုပါ သတ်မယ်လို့ ကြိမ်းလိုက်တော့ ဆရာဝိုင်းက သူ့ရဲ့ ဆေးကြိမ်လုံးအနီကြီးနဲ့ ရိုက်တော့တာပေါ့ဗျာ။ ဒီမှာတင် သရဲမက ဝုန်းခနဲ ခုန်ထပြီး ဆရာဝိုင်းကို တစ်ချက်ဆောင့်တွန်းလိုက်တာ ဆရာဝိုင်း နောက်ကို ဆယ်ပေလောက် လွင့်သွားပြီး နံရံနဲ့ ပြေးဆောင့်လိုက်တာ 'ဒုန်း' ခနဲမြည်ပြီး ခွေခေါက်ကျသွားရောဗျို့။

"ဝါး"

သရဲဝင်နေတဲ့ မညွှက်ကလည်း တစ်ချက်သမ်းပြီး မှေ့ကျသွားတယ်။ မိန်းမတွေက မညွှက်ကို ပြေးပြီးလှုပ်နှိုးကြတယ်။ ယောကျ်ားတွေက ဆရာဝိုင်းဆီကို ပြေးပြီးပွေ့ထူကြတယ်။ မညွှက်က သတိပြန်ရပြီး ငုတ်တုတ်ကလေး ထထိုင်တယ်ဗျ။ ဆရာဝိုင်းကတော့ နည်းနည်းမှကို မလှုပ်တော့ဘူးဗျို့။ နားလည်တဲ့ ရွာသားတစ်ယောက်က ဆရာဝိုင်းဆီကိုသွားပြီး စမ်းသပ်ကြည့်လိုက်ပြီးတော့ ပြောတယ်ဗျ။

"မင်းတို့ဆရာ အသက်မှ မရှိတော့တာ" တဲ့။

"ဟာ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မေးရင်း အားလုံးလန့်သွားကြရောဗျို့။ လင်က တောထဲမှာ သရဲကို သတ်မိလို့ ပြဿနာအကြီးအကျယ် တက်ရတဲ့ကြားထဲမှာ အခု မိန်းမက လူသတ်မှုဖြစ်တော့မလားလို့ စိုးရိမ်တာပေါ့ဗျာ။

ဒါပေမဲ့ နောက်ဆုံး ဆရာဝိုင်းမိသားစုကို အကြောင်းကြားပြီး ရွာမှာပဲ သင်္ဂြိုဟ်ပေးလိုက်တာပါ။

ဆရာဝိုင်း သေသွားပြီး တစ်ပတ်လောက်တော့ ငြိမ်သွားတယ်ဗျ။ ဒါပေမဲ့ သရဲမက ရွာထဲ ပြန်ဝင်လာတာပါပဲဗျာ။

ရွာထဲမှာ ဝမ်းရောဂါ စဖြစ်နေပြီဗျ။ လူနှစ်ယောက်တောင် သေသွားပြီ၊ တစ်ချို့ဆို လန့်ပြီး တခြားရွာကို ရှောင်သွားကြပြီ။

"တာတေရေ၊ အပျက် အပျက်နဲ့ ငါတို့ရွာ ပျက်တော့မယ် ထင်တယ်ကွ"

ကိုသာဆန်းက မျက်နှာပျက်ပျက်နဲ့ ပြောတယ်။ ကျုပ်လည်း ဘာလုပ်ရမှန်းကို မသိတော့ဘူးဗျာ။ နောက်ဆုံးတော့ ကျုပ်ဆုံးဖြတ်လိုက်တယ်။ အမဲသား နှစ်ပိဿာ မြို့တက်ပြီး ဝယ်ခိုင်းတယ်။ ဟင်းကျကျနနချက်ပြီး ညဘက် သင်္ချိုင်းကို ထွက်လာခဲ့တယ်။ ကျုပ်နဲ့အတူ ကိုသာဆန်းရယ်၊ ကိုဖိုးထောင်ရယ်၊ အစ်မညွှန့်ရယ် ပါလာတယ်။ သင်္ချိုင်းထဲကိုရောက်တော့ တော်တော်ကို မှောင်နေပြီဗျ။ ကျုပ်က ငှက်ပျောဖက်နဲ့ ထုပ်လာတဲ့ ထမင်းထုပ်ကို ဂူတစ်လုံးပေါ်မှာဖြည့်ပြီး ခင်းလိုက်တယ်။ ဘေးမှာ ရေတစ်ခွက်ကိုလည်း ချထားလိုက်တယ်။

မညွှန့်ကတော့ ကျုပ်ခိုင်းတဲ့အတိုင်း ဂူရှေ့က မြက်ခင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှာ ကြုံ့ကြုံ့ကလေးထိုင်ပြီး ဆံပင်ကို ဖြည်ချထားတယ်။ လက်အုပ်ကလေးချီထားရတာပေါ့ဗျာ။

ကျုပ်က မဖဲဝါကို ပင့်တယ်။

"သချိုင်းရှင်မ မဖဲဝါ၊ အလွန်အရေးကြီးတဲ့ကိစ္စ ရှိနေတဲ့ အတွက် ဒီနေရာကို အမြန်ကြွခဲ့ပါ၊ မဖဲဝါအတွက် ချက်ပြုတ်ပြီး ယူလာတဲ့ ထမင်းနဲ့ ဟင်းလျာတွေကို မြိန်မြိန်ယှက်ယှက် သုံးဆောင်ပါ မဖဲဝါ၊ ကျုပ် တာတေက ပင့်ဖိတ်ပါတယ်ဗျာ၊ ကြွပါ၊ ကြွပါ၊ ကြွပါ၊ သချိုင်းရှင်မ မဖဲဝါ ခင်ဗျာ"

"ဟီး"

ဟော ရောက်ပြီဗျို့။ မည္ဘက်ကို ဝင်ပူးလိုက်တာဗျာ ငြိမ့်ခနဲနေတာပဲဗျာ။ ပြီးတော့ ဂူပေါ်ကို အသာကလေး ခုန်တက်သွားရောဗျို့။ ဟော ဆောင့်ကြောင့်ကြီးထိုင်ချပြီး ထမင်းနဲ့ အမဲသားကို အားရပါးရ စားတော့တာဗျို့။ ကိုသာဆန်းနဲ့ ကိုဖိုးထောင် ဆိုတာ နောက်ကိုတောင် ခြေတစ်လှမ်း ခုန်ဆုတ်သွားကြတာဗျ။ မဖဲဝါက စားရင်း သောက်ရင်းနဲ့ ကျုပ်ကို အကဲခတ်နေတယ်ဗျ။

"မဖဲဝါရေ ကျုပ်တို့ ထနောင်းကုန်းမှာတော့ မဖဲဝါ အခု ဝင်စီးထားတဲ့ မည္ဘက်ရဲ့ခင်ပွန်း ဟောဒီ ကိုဖိုးထောင်ဟာ တောထဲ မှာ သစ်ခုတ်ရင်း သရဲကလေးတစ်ယောက်ကို ခုတ်မိသွားတယ်တဲ့ မဖဲဝါ၊ ကိုဖိုးထောင်ကလည်း နာနာဘာဝကို မမြင်ရတော့ ထိသွား မှန်းတောင် မသိပါဘူးဗျာ၊ အဲဒီကလေးရဲ့ အမေလုပ်တဲ့သရဲမက ကျုပ်တို့ရွာမှာ တအားသောင်းကျန်းနေပါတယ်ဗျာ။ တောင်းပန်လို့ လည်း မရဖြစ်နေပါတယ်။ အခုဆိုရင် ဆရာတစ်ယောက်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သတ်ပြီးပါပြီ။ ရွာမှာ ဝမ်းရောဂါကျအောင်လုပ်လို့ နှစ်ယောက် သေသွားပါပြီ မဖဲဝါ၊ ဒီကိစ္စတွေကို အမြန်ဆုံး ရပ်ပေးပါလို့ မေတ္တာ ရပ်ခံပါတယ်ဗျာ"

မဖဲဝါက စားရင်းသောက်ရင်းနဲ့ ခေါင်းညိတ်တယ်ဗျ။ ဟာ ကျုပ်ဖြင့် ဝမ်းသာလိုက်တာဗျာ။ ဒါဆိုရင် အဆင်ပြေပြီဆိုတာ ကျုပ် သိပြီလေဗျာ။

"ကျုပ် မသိတာ တစ်ခုမေးပါရစေ မဖဲဝါ၊ နာနာဘာဝကို ဓားတွေ ပုဆိန်တွေနဲ့ခုတ်လို့ ထိလို့လားဗျာ"

"ဟဲ့ ဟိုအကောင်ခုတ်တဲ့ပုဆိန်က ရိုးရိုးပုဆိန် မဟုတ်ဘူး ဟဲ့၊ ကိုးသင်္ချိုင်းက သံတွေနဲ့ လုပ်ထားတဲ့ ကိုးသင်္ချိုင်းပုဆိန်ဟဲ့၊ ဒီကောင်က ဘာမသိညာမသိနဲ့ အဲဒီပုဆိန်ကြီး လွဲလွဲပြီး သစ်ပင် ခုတ်နေတာ၊ ကိုးသင်္ချိုင်းပုဆိန်နဲ့ခုတ်ရင် နာနာဘာဝ သေတယ်ဟဲ့ သိလား၊ အဲဒီအကောင်ရဲ့ ပုဆိန်ကို နင် သိမ်းလိုက် တာတော၊ ဒါမှ သရဲမှန်သမျှ ငါခေါ်သွားမယ်၊ အဲဒီလို မသိမ်းနိုင်ရင် သရဲမကို ငါ မခေါ်ဘူး။ သူမှာလည်း သားဆုံးရှုံးထားရတာ"

"ဟုတ် ဟုတ်ပါတယ် မဖဲဝါ၊ ကျုပ် မသိလို့ ဖြစ်ရတာပါဗျာ၊ ကျုပ် အဲဒီပုဆိန်ကို ဟောဒီက မောင်တာတေကို အဲ အဲ ဆရာ တာတေကို ကျုပ် အပ်လိုက်ပါ့မယ်၊ နောင်ကို ဘယ်တော့မှ အဲဒီ ပုဆိန် မသုံးတော့ပါဘူးဗျာ ကတိပေးပါတယ် မ မဖဲဝါ"

"ဟီး ဟီး ဟီး"

မဖဲဝါက ခေါင်းကြီးညိတ်ပြီး ရယ်တယ်။ ဟီး ဟီး ဟီး ဟီးနဲ့ ရယ်တယ်ဗျ။ ထမင်းတွေရော၊ ဟင်းတွေပါ ကုန်အောင်စားပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ လက်ဆေးပြီး ရေသောက်တယ်ဗျ။

ခဏနေတော့ ဂူပေါ်မှာ မတ်တတ်ကြီး ထရပ်ပြီး ခေါင်းကြီးမော့ထားတယ်။

"ဟိုကောင်မ အခုလာခဲ့၊ နင့်ကိစ္စ ငါ ရှင်းပြီးပြီ၊ အခုလာခဲ့"

အဲဒီလိုလည်း ပြောလိုက်ရော မညက်ဟာ ဂူပေါ်ကို ခွေခွေကလေး ပြုတ်ကျသွားတယ်ဗျာ။

"အား အီး ဝူး အီး အီး၊ ဟီး ဟီး ဟီး"

ဆိုတဲ့ အော်သံကြီးက တဖြည်းဖြည်း ဝေးသွားတယ်ဗျ။

"ဝူး ဝူး ဝူး အူး ပူး"

ဟာ မဖဲဝါရဲ့ ခွေးကြီးအူတဲ့အသံပဲ။ သွားကြပြီဗျ။ အသံက ဝေး,ဝေးသွားတယ်။

"အီး အီး အီး"

ဟာ ဒါကတော့ မဖဲဝါရဲ့အသံ မဟုတ်ဘူးဗျို့။ ဒါ ဟိုသရဲမရဲ့အသံပဲထင်တယ်။ ပါသွားပြီဗျို့။ ဟိုသရဲမလည်း ပါသွားပြီဗျ။ အသံတွေက တဖြည်းဖြည်း ဝေးဝေးသွားတယ်။

"ကိုဖိုးထောင် လာ၊ အစ်မညက်ကို ပွေ့ထူလိုက်"

ကျုပ်က ကျုပ်အိတ်ထဲမှာ အသင့်ဆောင်ထားတဲ့ သစ်စုန်းဆေးတော် စိမ်ထားတဲ့ ရေပုလင်းကလေးကိုထုတ်ပြီး အစ်မညက်ရဲ့ မျက်နှာကို တောက်လိုက်တယ်။ အစ်မညက် ချက်ချင်းသတိရပြီး ထထိုင်တော့တာပဲဗျာ။

"နေပါဦး ကိုဖိုးထောင်ရဲ့၊ ခင်ဗျားက ဒီကိုးသချိုင်းပုဆိုးကို ဘယ်လိုရတာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ တာတေရ၊ ငါက ကိုးသချိုင်းတွေ၊ ဆယ်သချိုင်းတွေ ဘာမှသိတာ မဟုတ်ပါဘူးကွာ၊ ငါ့အဖေသေတော့ အိမ်မှာ သံတိုတစ်တုံးကျန်ရစ်ခဲ့တယ်ကွ၊ အဖေ ပုဆိန်လုပ်မလို့ဆိုပြီး သိမ်းထားတာ၊ အဲဒါ သူသေတဲ့အထိ လုပ်မသွားဖြစ်ဘူး၊ ဒါနဲ့ အဲဒီသံတုံးကို ယူပြီး ဆရာမနိုင်က ပန်းပဲဆရာကြီးဆီမှာ ငါက သစ်ခုတ်ဖို့ ပုဆိန်လုပ်ခိုင်းလိုက်တာပါ။ ဘာတွေစွမ်းမှန်းလဲ ငါ မသိပါဘူးကွာ၊ အဖေ ဘယ်က ယူလာတဲ့ သံတုံးမှန်းလည်း ငါ မသိပါဘူး။ မဖဲဝါကို အခုပေးလိုက်တဲ့ ကတိအတိုင်း အိမ်ရောက်ရောက်ချင်း အဲဒီပုဆိန်ကို မင်းဆီအပ်လိုက်မှာပါ"

အစ်မညက်ကို ခေါ်ပြီး ကျုပ်တို့ ရွာကို ပြန်ခဲ့ကြတယ်။ ကိုဖိုးထောင်က သူ့ကတိအတိုင်း ကျုပ်ကို ကိုးသချိုင်းပုဆိန်ကြီး အပ်လိုက်တယ်။ အားလုံးပြီးသွားပြီပေါ့ဗျာ။ ရွာထဲက ခွေးတွေလည်း အပြင်ပြန်ထွက်လာကြတယ်။ ကလေးတွေလည်း ရွာလမ်းပေါ်မှာ ပြန်ပြီးပြေးလွှားဆော့ကစားနေကြတယ်။ ကျုပ်ကတော့ ကိုးသချိုင်း ပုဆိန်ဆိုတာကြီးကို ပခုံးမှာထမ်းပြီး အိမ်ကိုပြန်ခဲ့တာပေါ့ဗျာ။

**တာတေ**

□□□



www.burmeseclassic.com

www.burmeseclassic.com



ကေလတ်

# ရေမျောကမ်းတင်

တာတေ ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေ အများကြီးထဲက တစ်ခုပေါ့ဗျာ။
တာတေတို့ရွာ ထနောင်းကုန်းမှာ ဖြစ်တာလည်း မဟုတ်ဘူးဗျ။
တာတေတို့ရွာနားက ဘန့်ဒွေးကုန်းတို့၊ ငွေတွင်းကုန်း တို့၊ မလောင်ကုန်းတို့
ဖြစ်တာလည်း မဟုတ်ဘူးဗျ။ ပုဗ္ဗာ၊

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆရာတော် ဦးဂုဏနဲ့ အလှူတစ်ခုကို လိုက်သွားရင်း ကြုံခဲ့ရတာပါ။ ဧရာဝတီမြစ်ကမ်းနဖူးပေါ်က ရွာလေးတစ်ရွာပေါ့ဗျာ။ ဆရာတော်ကို အလှူပင့်တာဗျ။ အလှူမှာ ဆရာတော်က အလှူတရား ဟောရမှာ။

"တာတေ လိုက်ခဲ့၊ ဗဟုသုတ ရတာပေါ့"

ဆိုလို့ ကျုပ် ဆရာတော်နဲ့ လိုက်ခဲ့တာ။ ရွာနာမည်က စည်တော်ကုန်းတဲ့။ တော်တော်သာယာတဲ့ ရွာကလေးဗျ။ အိမ်ခြေငါးရာလောက်ရှိဆိုပဲ။

အလှူကလည်း တော်တော်ကိုကြီးတာပါဗျာ။ အနီးအနားရွာတွေကပါ လာကြတာဗျ။ မိုးဗြဲဒယ်ကြီးတွေနဲ့ ထမင်းချက်ကြတာ။ လက်ကို မလည်ပါဘူးဗျာ။ ထမင်းကျွေးရုံကြီးကလည်း အရှည်ကြီးကို ထိုးထားတာဗျ။ တစ်ခါကျွေးရင် လူတစ်ရာကျော်လောက် ဆန့်တာ။ ဝက်သနီချက်ကလည်း ကောင်းပ့ါဗျာ။ သရက်သီးပေါက်စိတ်သုတ်ကလည်း အဆင်ပြေပြေကလေးဗျ။ ဆယ့်နှစ်မျိုးဟင်းချိုကလည်းကောင်း၊ ငရုတ်သီးကြော်ကလည်းကောင်း၊ ကလေး၊ လူကြီးအကုန်လုံး တဝစားကြတာဗျို့။ ကျုပ်တို့ အညာအလှူတွေက အဲဒါမျိုး သိပ်ချစ်ဖို့ကောင်းတာဗျ။ ကျွေးတဲ့လူတွေကလည်း စေတနာအပြည့်နဲ့ဗျ။ စားတဲ့သူကလည်း တဝစားတာဗျို့။ ဟန်ဆောင်ပန်ဆောင်တွေ ကျုပ်တို့ လုပ်လည်းမလုပ်တတ်ပါဘူးဗျာ။

ကျုပ်က ဆရာတော်ကြီးတွေအနားမှာဗျ။

ဆရာတော်တွေ စကားပြောကြ၊ တရားဆွေးနွေးကြ လုပ်နေတာကို မလှမ်းမကမ်းက နားထောင်နေတာ။ ကျုပ်လိုပဲ လူကြီးလေးငါးယောက်လည်း ရှိတယ်ဗျ။ အလှူလုပ်တဲ့ ပုညဝတ္တကာကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ရှေးဟောင်းလက်ရာကျောင်းကြီးဗျ။ အတော်ကိုကောင်းတဲ့ ဗိသုကာလက်ရာတွေနဲ့ ဆောက်ထားတာ။ နှစ်ထပ်ကျောင်းကြီး။ ကျောင်းဝိုင်းကြီးကလည်း အကျယ်ကြီးဗျ။ ဒီဝင်းကြီးထဲမှာ ချက်ကြ၊ ပြုတ်ကြ၊ ကျွေးကြမွေးကြပေါ့ဗျာ။

ရေဆိုလည်း လွတ်ပေါတာဗျ။ အလှူမလုပ်ခင်ကတည်းက ရွာထဲကလူတွေက ရေစည်လှည်းတွေနဲ့တိုက်ပြီး အုတ်ကန်တွေထဲမှာ ဖြည့်ပေးထားတာ။ ထင်းဆိုလည်း အားလုံးက ဝိုင်းပြီးတိုက်ပေးထားတာဗျ။ ကုသိုလ်ပါဝင်တဲ့ သဘောပေါ့ဗျာ။

"ဆရာတော် ဆရာတော်"

ဆရာတော်ကြီးတွေ သီတင်းသုံးနေတဲ့ ကျောင်းကြီးအပေါ်ထပ်ကို လူတစ်ယောက် သုတ်သီးသုတ်ပျာနဲ့ တက်လာတယ်ဗျ။ ပုဆိုးကလည်း ဒူးခေါင်းလောက် ဝတ်ထားတာ။

"ဟဲ့ ငကောင်း၊ ဘာဖြစ်လာတုံး"

စည်တော်ကုန်းဆရာတော်ကြီးက ရောက်လာတဲ့ ငကောင်းဆိုတဲ့သူကို မေးတယ်။ ဟိုလူက ဆရာတော်ကို ခပ်သုတ်သုတ် ဝတ်ဖြည့်ပြီး လျှောက်တယ်ဗျ။

"ဆရာတော်ဘုရား ဟိုအိမ်ကြီးထဲမှာတော့ ပြောင်းဆန်နေပြီဘုရား၊ ခုံတွေလဲကျတဲ့အသံတွေရော၊ ပန်းကန်တွေ ကျကွဲတဲ့အသံတွေရော၊ တံခါးတွေ ဆောင့်ပိတ်လိုက်တဲ့အသံတွေရော ဗုန်းဒိုင်းကို ကျဲနေတာပဲဘုရား၊ တပည့်တော် အိမ်ကြီးထဲကို ချောင်းကြည့်တော့လည်း အထဲမှာ ဘာမှဖြစ်တာ မတွေ့ရဘူး၊ အသံတွေသာ ထွက်နေတာဘုရား"

စည်တော်ကုန်းဆရာတော်က ငကောင်းပြောတာကို



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ နားထောင်ပြီး. . .

"ဒီမှာ အလှူအတန်းလုပ်နေတာကို သူသိလို့ရှိမှာပေါ့။ စားချင် သောက်ချင်တယ်ထင်တယ်။ ဒီလိုလုပ် ငကောင်း၊ ငပျောဖက်နဲ့ ထမင်းတွေ ဟင်းတွေ စုံအောင်ထည့်ပြီး ထုပ်ယူသွားလိုက်၊ အိမ်ထဲ ကို မဝင်နဲ့၊ ဝိုင်းထဲက တစ်နေရာမှာကျွေး၊ ကြားလား ငကောင်း"

"တင်ပါ့ဘုရား"

"မင်းပါးစပ်ကလည်းပြော၊ ဒီအိမ်ထဲက သရဲကြီးဗျာ ဆရာ တော့်မေတ္တာနဲ့ ကျွေးမွေးတဲ့ ထမင်းဟင်းတွေကို စားသောက်ပါဗျာ လို့ပြောပြီး ထားပစ်ခဲ့၊ စောင့်ကြည့်မနေနဲ့၊ ကြားလား ငကောင်း"

"တင်ပါ့ဘုရား"

"ကဲ ဒါဆိုရင် သွားကျွေးလိုက်ပေတော့"

ငကောင်းဆိုတဲ့လူက ဆရာတော်တွေကို ကန်တော့ပြီး ထသွားတယ်ဗျ။

ကျုပ်တို့ ထနောင်းကုန်းဆရာတော်ရော၊ အနီးအနားရွာ တွေက ကြွလာတဲ့ ဆရာတော်တွေရော တော်တော်ကို စိတ်ဝင်စား သွားကြပုံပဲဗျ။

"ဘယ်လိုဖြစ်တာတုံး ကိုယ်တော်ရဲ့၊ သရဲကို ထမင်းသွား ကျွေးခိုင်းတာလား"

နောက်တော့ စည်တော်ကုန်းရွာ တောင်ဘက်က ကုက္ကိုခွ ရွာက ဆရာတော်က ဖွင့်မေးလိုက်တယ်ဗျ။ ဒီတော့မှ စည်တော် ကုန်း ဆရာတော်က ပြောပြတာဗျ။

"ဟုတ်တယ် ကိုယ်တော်၊ အဲဒီအိမ်ထဲမှာ သရဲတစ်ကောင် ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ဘယ်လိုဖြစ်တာတုံး၊ နှင်နှက်မထုတ်ကြဘူးလား"

ကျုပ်တို့ ထနောင်းကုန်းဆရာတော်ကလည်း ဝင်ပြီးမေးတယ်။

"နှင်ပါပြီလားဗျာ၊ နှင်နေတာကို နှစ်နဲ့ချီနေပါပြီ။ အဲဒီအိမ်ဆောက်တဲ့ ဒကာကြီးတောင် မနှစ်ကပဲ ဆုံးသွားရှာပြီ၊ သူ့အိမ်ကြီးကလည်း သူ့စိတ်တိုင်းကျကို ဆောက်ထားတာ၊ တစ်အိမ်လုံး ကျွန်းချည်းပဲဗျ။ အဲဒီအိမ်ကြီး ပြီးကတည်းက လူကို တက်မနေနိုင်တာ၊ ခြောက်လိုက်တဲ့ သရဲ ဝုန်းဒိုင်းကို ကျဲနေတာဗျ"

"အို ဖြစ်မှဖြစ်ရလေ့ဗျာ၊ အိမ်ရှင်က ခုထိကို တက်မနေနိုင်တာလား"

"ဟုတ်ပ့ါ ကိုယ်တော်၊ ဒီအိမ်ဆောက်ပြီးတာကိုပဲ ငါးနှစ်ရှိပြီဗျ၊ ဒီဒကာကြီးက ဒီရွာမှာ နောက်တစ်အိမ် ရှိသေးတယ်၊ အဲဒီဝိုင်းကြီးကို သဘောကျလို့ဝယ်ပြီး သက်သက်ကို အိမ်ဆောက်တာ၊ အိမ်ပြီးသွားတော့ ပြောင်းကို မပြောင်းနိုင်ဘူး၊ သူလည်း မနှစ်က ဆုံးသွားပါပြီ၊ အသက် ခုနစ်ဆယ်လောက်မှာ ဆုံးတာ"

"ဒါ ဘယ်လိုဖြစ်တာလဲ ကိုယ်တော်"

သီးပင်ကုန်းဆရာတော်ကလည်း အံ့ဩပြီးတော့ မေးတယ်ဗျ။

"ဟာ ဘယ်လိုဖြစ်တယ်ဆိုတာ ဘယ်သူမှ မသိကြပါဘူးဗျာ၊ တကယ်လို့ အိမ်ဆောက်တဲ့သစ်ထဲမှာ သစ်ချောက်၊ ဝါးချောက်များ ပါလာရင်လည်း ကျုပ်တို့ ဆရာတော်သမားတော်တွေ ရွတ်ကြဖတ်ကြ လုပ်ပေးတာနဲ့တင် ပျောက်သွားတာပဲမို့လား။ အိမ်က နည်းတဲ့အိမ်ကြီး မဟုတ်ဘူးဗျ၊ ဆင်ဝင်နှစ်ခုထုတ်ပြီး ဆောက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



အရှေ့လှေကား အနောက်လှေကားနဲ့ဗျ။ ကျွန်းတိုင်ကြီးတွေကို သူ့ခမျာ နှစ်နဲ့ချီပြီး စုရတာ။ အိမ်လည်းပြီးရော အိမ်ပေါ်ကို တက်မရတာ၊ ကျုပ်တို့သွားပြီး ရွတ်ဖတ်ပေးလည်း မရဘူးဗျ၊ ရွတ်ဖတ်နေတုန်းမှာကို အပေါ်ထပ်က အသံတွေ ကြားနေရတာ"

"ဘာသံတွေတုံး ကိုယ်တော်"

"ဟာ စားပွဲခုံတွေ လဲကျတဲ့အသံတွေရော၊ ပန်းကန်တွေ အထပ်လိုက် ကျကွဲတဲ့အသံတွေရော၊ ဖန်ပုလင်းတွေ ပေါက်ခွဲတဲ့ အသံတွေရော စုံနေတာပါပဲဗျာ။ အဲဒါ အပေါ်ကို ပြေးတက်ပြီး ကြည့်ရင် ဘာမှကို မရှိဘူးဗျ၊ ဘာမှလဲ လဲနေတာ၊ ကွဲနေတာ မရှိဘူးဗျ"

"ဟာ တော်တော်ကို ထူးဆန်းပါလား ကိုယ်တော်"

ကျုပ်နဲ့ အဘိုးကြီး လေးငါးယောက်က ဆရာတော်တွေ ပြောဆိုနေကြတာကို အံ့သြပြီး နားထောင်နေရတာပေါ့ဗျာ။

"ဆရာတွေ ဘာတွေနဲ့ရော လုပ်ကြည့်သေးလားဘုရား"

သီးပင်ကုန်းကိုယ်တော်ကြီးက လျှောက်ပြန်ရောဗျ။

"ဟာ လုပ်ပေါ့ဗျာ၊ အဲဒီဒကာကြီး မဆုံးခင်ကဆိုရင် ဆရာပဲ စုံစမ်းနေတာ၊ သတင်းကြားတာနဲ့ သွားပင့်တာပဲဗျ၊ ငွေကလည်း ရှိတော့ ဘယ်လောက်ကုန်ကုန်ဆို လုပ်တာပဲဗျ၊ ဆရာတိုင်း လက်လျှော့သွားတာချည်းပါဗျာ"

"ဒါဆို ကိုယ်တော်ပြောတဲ့ အိမ်ကြီးက ဆရာမနိုင် နှစ်ဆောင်ပြိုင် ဆိုတာလို ဖြစ်နေတော့တာပေါ့ဗျာ"

ကျုပ်တို့ရွာက ဆရာတော်က ပြုံးပြီးပြောလိုက်တာပေါ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com



စည်တော်ကုန်းဆရာတော်ကလည်း. . .

"သိပ်ဟုတ်တာပေါ့ ဦးဂုဏရယ်၊ တကယ့်ကို ဆရာမနိုင် နှစ်ဆောင်ပြိုင်အိမ်ကြီးဗျ"

ကျုပ်ဆရာတော်က ကျုပ်ကို တစ်ချက်လှမ်းကြည့်တယ် ပြီးတော့ စည်တော်ကုန်းဆရာတော်ကို လျှောက်တယ်ဗျ။

"ကိုယ်တော် ပေါဒီသူငယ်က မောင်တာတေလို့ ခေါ် တယ်၊ ဒီသူငယ်ဟာ ငယ်သာ ငယ်တာ၊ အတွေ့အကြုံက တော်တော် စုံတာဘုရား၊ ဆရာသမားအမျိုးမျိုးနဲ့လိုက်ပြီး လေ့လာ စုံစမ်းဖူးတာ သူ့မှာ အတွေ့အကြုံ တော်တော်ရှိနေပြီ၊ ပြီးတော့ ကပည့်တော်ရဲ ကျောင်းကို အလှူန်အစွမ်းထက်တဲ့ ရှမ်းဆရာတစ်ယောက် ရောက် လာပြီး တာတေနဲ့အတူ အလုပ်တစ်ခု လုပ်သွားဖူးတယ်၊ အောင် လည်း အောင်မြင်သွားတယ်ဘုရား၊ နောက်တစ်ခုက တာတေမှ အဲဒီဆရာပေးသွားတဲ့ မျက်ကွင်းဆေးဆိုတာ ရှိတယ်၊ သူ သွားလေ ရာ အမြဲယူတတ်ပါတယ်၊ အခုရော ပါတယ်မို့လား တာတေ"

စကားပြောရင်း ထနောင်းကုန်း ဆရာတော်က ကျုပ်ကို လှည့်မေးရောဗျ။

"တင်ပါ့၊ ပါလာပါတယ်ဘုရား"

"အေး အဲဒီဆေးကိုသွေးပြီး မျက်စိကိုကွင်းလိုက်ရင် နာနာ ဘာဝတွေ မြင်ရတယ်ဘုရား"

"ဟာ ဟုတ်လား"

ဆရာတော်တွေရော၊ အဘိုးကြီးတွေပါ တအံ့တသြ ဖြစ် ကုန်ကြတာပေါ့ဗျာ။ ကျုပ်ကို မျက်လုံးတွေ အများကြီးက တစ်ပြိုင် တည်း ဝိုင်းကြည့်ကြတာပေါ့ဗျာ။ ကျုပ်ဖြင့် အနေရခက်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ မပြောပါနဲ့တော့။

"နို့ ဦးဂုဏ္ဏရဲ့၊ ဒီသူငယ်က အဲဒီလိုမြင်တော့ ဖျောက်ပစ်လို့ကော ရသေးလား"

စည်တော်ကုန်းဆရာတော်က အလန့်တကြား အမူအရာနဲ့ မေးတာဗျ။

"ဟာ ရတယ် ကိုယ်တော်၊ ရတယ်၊ သူ့ကို ဖျက်ဆေးပါ ပေးခဲ့တာ"

"ဩော် ဒီလိုလား၊ ဒါဆို ဟန်ကျတာပေါ့ဗျာ၊ ကဲ မောင်တာတေ ဒါဆိုရင် မင်း အဲဒီအိမ်ကြီးထဲကို ဝင်ပြီးကြည့်ရဲပါ့မလား"

"တင်ပါ့၊ ကြည့်ရဲပါတယ်ဘုရား"

"ဘုန်းကြီးပြောတာက ဒီအတိုင်း မဟုတ်ဘူးလေ၊ မင်းရဲ့ဆေးနဲ့ မျက်လုံးကိုကွင်းပြီးတော့ ပြောတာ"

စည်တော်ကုန်းဆရာတော်က ကျုပ်ကို သေသေချာချာ ကြည့်ပြီး မေးတာဗျ။ ကျုပ်ကို သွားရဲပါ့မလားဆိုပြီး အကဲခတ်တာလည်း ပါတာပေါ့ဗျာ။

"တင်ပါ့ဘုရား၊ တပည့်တော် သွားရဲပါတယ်"

"ဟာ အတော်သတ္တိကောင်းတဲ့ သူငယ်ပဲ၊ ဘုန်းကြီးက ဘာဖြစ်လို့ ဒီလိုမေးရတာလဲဆိုတော့ မောင်တာတေနဲ့ အဖော်ထည့်ပေးလို့ကတော့ ဒီရွာက လူတွေက အိမ်ထဲဝင်ဖို့ မပြောနဲ့၊ ဝိုင်းထဲတောင် မဝင်ရဲကြဘူးကွဲ့။ ခုနက လာသွားတဲ့ ငကောင်းတစ်ယောက်ပဲ ဝိုင်းထဲဝင်ရဲတာ၊ စောစောက ဘုန်းကြီး ဝိုင်းထဲမှာပဲ ကျွး၊ အိမ်ထဲမဝင်နဲ့ဆိုတာ ဒီကောင်ကို သက်သက်ပြောတာ၊ သူတို့တွေတစ်ယောက်မှ မဝင်ရဲမှန်းသိလို့ တမင်ပြောလိုက်တာကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



စည်တော်ကုန်းဆရာတော်က ပြုံးပြီးပြောတယ်ဗျ။ ကျန်တဲ့ ဆရာတော်တွေကလည်း ပြုံးကြတာပေါ့ဗျာ။

"ကဲ ဒါဆိုရင် မောင်တာတေ၊ တကယ်ဝင်ကြည့်မလား"

"တင်ပါ့၊ တပည့်တော် ဒီည ဝင်ကြည့်ပေးပါမယ်ဘုရား"

"ဟေ ဒီညဟုတ်လား၊ ညဘက်ကြီး ဖြစ်ပါ့မလားကွဲ့၊ ညဆိုရင်တော့ ကျုပ်တို့ရွာသားတွေက အဲဒီအိမ်ရှေ့ကို တစ်ယောက်တည်း သွားဝံ့တဲ့သူ တစ်ယောက်မှကို မရှိတာ၊ မောင်တာတေရော ဖြစ်ပါ့ မလား"

"ဒီလိုလုပ်ပေါ့ ကိုယ်တော်ရဲ့၊ ညရောက်တော့ တာတေနဲ့ ကိုယ်တော်နဲ့ သွားကြပေါ့၊ ဒီသရဲက ကိုယ်တော် ကျွေးမွေးစောင့် ရှောက်ထားတာပဲဟာ၊ ကိုယ်တော့်ကိုတော့ ဘာမှလုပ်မှာ မဟုတ်ပါဘူး"

ကုက္ကိုခွဆရာတော်က ပြောလိုက်တော့ စည်တော်ကုန်း ဆရာတော်က. . .

"ဟာ ကိုယ်တော် မလုပ်နဲ့၊ မလုပ်နဲ့၊ ကျုပ်က ဘုန်းကြီး ဆိုပေမယ့် သရဲတော့ အားကြီးကြောက်တာဗျ၊ ကိုယ်တော့်ဟာ ကိုယ်တော် မောင်တာတေနဲ့ လိုက်ချင်လိုက်သွား"

လို့ ပြောလိုက်တော့ ဆရာတော်တွေရော၊ ကျုပ်တို့ရော ရယ်လိုက်ကြရတာဗျာ။

ခဏနေတော့ စည်တော်ကုန်းဆရာတော်က သူ့ရှေ့မှာ ချထားတဲ့ ခေါင်းလောင်းလေးကိုကိုင်ပြီး လှုပ်လိုက်တယ်ဗျ။

"ကလင် ကလင် ကလင်"

ဆိုတဲ့ အသံလည်းမြည်ရော အခန်းထဲက ဦးပဥ္စင်းတစ်ပါး ပြေးထွက်လာတယ်။ ဆရာတော်ကို ဝတ်ဖြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးသုမန တောင်ပိုင်းသွားပြီး ဒကာကြီး ဦးဆင်ရဲ့ သားဆီက ဟိုအိမ်ကြီးသော့ သွားယူကွာ၊ ဒီသူငယ် မောင်တာတေက ညကျရင် အဲဒီအိမ်ကြီးထဲကိုဝင်ပြီး ကြည့်ပေးမလို့ကွ၊ ကြားလား"

"တင်ပါ့ဘုရား"

ဦးပဥ္စင်းက ဆရာတော်ကို ဝတ်ဖြည့်ပြီး ထွက်သွားတယ်။ ခဏနေတော့ အလှူတရားပွဲစတယ်။ အလှူလာတဲ့လူတွေ မမှာရုံကြီးထဲမှာ တရားနာကြတယ်။ အလှူရှင်တွေက ရေစက်ချ၊ သာဓု အနုမောဒနာ ခေါ်ကြတယ်ဗျ။ အလှူပြီးတော့ ဗျာခေါက်။ ကျုပ်တို့ အညာဓလေ့ကလေးက အတော်တော့ ချစ်စရာကောင်းသားဗျ။

ကျောင်းဝင်းကြီးထဲမှာတော့ သိမ်းကြဆည်းကြပေါ့ဗျာ။ အိုးတွေ၊ ပန်းကန်တွေဆေးကြ၊ ကျောင်းကြီးပေါ်ကို စနစ်တကျ ပြန်သိမ်းကြ။ တစ်ယောက်နဲ့တစ်ယောက်လည်း စကြ၊ နောက်ကြနဲ့ပေါ့ဗျာ။

ကျုပ်က ကျောင်းဝင်းကြီးထဲက ဥသျှစ်ပင်ကြီးအောက်မှာ ထိုင်ပြီး နေ့လယ်က သရဲကို ထမင်းသွားကျွေးတဲ့ ကိုငကောင်း ဆိုတဲ့လူနဲ့ စကားပြောနေတာဗျ။ ကျုပ်က အကျိုးအကြောင်းတွေကို ငကောင်းကို ပြောပြတယ်။ ညကျရင် ကျုပ်အိမ်ကြီးထဲ ဝင်ကြည့်မယ့် အကြောင်းပေါ့ဗျာ။ ကိုငကောင်းကလည်း ဒီအိမ်မှာ ခြောက်တဲ့လှန့်တဲ့အကြောင်းတွေ ကျုပ်ကို ပြန်ပြောပြတယ်ဗျ။

စကားပြောရင်း ကိုငကောင်းနဲ့ ကျုပ်နဲ့ ခင်မင်လာကြတာပေါ့ဗျာ။ သူက ကျုပ်ထက်အသက်ကြီးတာပေါ့။ ကျုပ်က သူ့ကို ကိုငကောင်းလို့ ခေါ်ရတယ်။ သူကတော့ ကျုပ်ကို ရင်းရင်းနှီးနှီး ??တေလို့ ခေါ်တယ်ဗျ။ ညကျရင် သူပါလိုက်ပြီး အိမ်ကြီးထဲကို

www.burmeseclassic.com

www.burmeseclassic.com



ဝင်မယ်လို့ ပြောတယ်ဗျ။

"ဟာ ကိုင်ကောင်း ဝင်ရဲလို့လား"

လို့ ကျုပ်က သူ့ကိုမေးတယ်။ ဒီတော့ ကိုင်ကောင်းက ပြောတယ်ဗျ။

"တာတေ ငါက တစ်ယောက်တည်းသာ မသွားဝံ့တာကွ၊ မင်းလို အဖော်ကောင်းလို့ကတော့ သရဲ မပြောနဲ့၊ သရဲအဘ ရှိတာတောင် ငါမကြောက်ဘူး"

"ဟား ဟား ဟား ဟား"

ကျုပ် ကိုင်ကောင်းကို တော်တော်သဘောကျသွားတယ်ဗျ။ ကိုင်ကောင်းက ကျုပ်လိုလူမျိုးပဲဆိုတာ သိလိုက်ရတယ်။ ညနေရောက်တော့ စည်တော်ကုန်းဆရာတော်က စည်တော်ကုန်း ကွမ်းတောင်ကိုင်တွေကို ကျုပ်နဲ့ ကိုင်ကောင်းကို အလှူဟင်းတွေနဲ့ ကျကျနန ထမင်းကျွေးခိုင်းတယ်ဗျ။ တိုက်ပွဲထွက်တော့မယ့် စစ်သူရဲတွေကို ဂုဏ်ပြုတဲ့သဘောလားတော့ မသိပါဘူးဗျာ။ အပျိုချောတွေက ဆရာတော်အမိန့်နဲ့ဆိုတော့ ကျုပ်နဲ့ ကိုင်ကောင်းကို ဂရုစိုက်လိုက်ကြတာဗျာ။ ကိုင်ကောင်းကြီးကလည်း လူပျိုကြီးဗျ။ သဘောတွေကျပြီး ပြုံးပြုံး ပြုံးပြုံးနဲ့ပေါ့ဗျာ။

ဒီလိုနဲ့ ကျုပ်တို့နှစ်ယောက် စားသောက်ပြီးတော့ နဂါးဆေးပေါ့လိပ်ကလေးတွေ တစ်ယောက်တစ်လိပ် ဖွာကြတာပေါ့ဗျာ။ အညာသားစည်းစိမ်က ဒါပဲထင်ပါရဲ့ဗျာ။

ညကိုးနာရီလောက်ရောက်တော့ စည်တော်ကုန်းဆရာတော်ဆီမှာ သော့တောင်းပြီး ဆရာတော်တွေကို ကန်တော့ကြတယ်။ ပြီးတော့ ကိုင်ကောင်းနဲ့ ကျုပ်နဲ့ ရွာထဲကို ထွက်ခဲ့တယ်။ တောလေ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကိုးနာရီလောက်ဆို အိပ်တဲ့အိမ်က အိပ်ကြပြီပေါ့ဗျာ။ တစ်ရွာလုံး မှောင်နေပြီပေါ့။

ကိုငကောင်းမှာ ဓာတ်မီးပါလာမယ်။ ကျုပ်ကတော့ ကျောင်းထဲက မထွက်ခင် အခန်းတစ်ခန်းထဲဝင်ပြီး ဆေးသွေးတဲ့ကျောက်ပြင်ကလေးနဲ့ မျက်ကွင်းဆေးသွေးပြီး ကွင်းခဲ့တာ၊ ဘယ်သူမှ မသိလိုက်ဘူးပေါ့ဗျာ။

ရွာလမ်းမှာလျှောက်ရင်း ဟိုကြည့် ဒီကြည့်လုပ်တာ ဘာမှ မတွေ့ဘူးဗျာ။ ဒီရွာမှာ နာနာဘာဝတစ်ကောင်တစ်မြီးတောင် မရှိဘူးထင်တယ်။ အိမ်ဝိုင်းတွေထဲမှာ စိုက်ထားကြတဲ့ ဆောင်တော်ကူးပန်းရုံတွေက ပွင့်နေတဲ့ပန်းနံ့တွေက ရွာလမ်းတစ်လျှောက် သင်းပျံ့နေတာပဲဗျာ။

ကိုငကောင်းက စကားသိပ်မပြောတော့ဘူးဗျ။ ကြောက်နေတာတော့ ဟုတ်မယ်မထင်ဘူး၊ တစ်ခုခုကို တွေးနေတာပဲ ဖြစ်မယ်ဗျ။

လျှောက်ရင်းသွားရင်းနဲ့ ကျုပ်တို့နှစ်ယောက် သရဲခြောက်တယ်ဆိုတဲ့အိမ်ကို ရောက်ပြီဗျို့။ အို ကောင်းလိုက်တဲ့အိမ်ကြီးဗျာ။ ဆောက်ထားတဲ့ လက်ရာကလည်း တော်တော်ကိုကောင်းတာဗျ။ သေသပ်နေတာပဲ။ ဪ ဒီအိမ်ရှင်က ဒီအိမ်မှာကို နေမသွားရတာပါလား။ ဒီအိမ်မှာ ခြောက်တဲ့သရဲကို ကျုပ်တော်တော်ကို စိတ်ဝင်စားသွားတယ်ဗျ။ အိမ်ဝိုင်းကြီးကလည်း အကျယ်ကြီးဗျာ။ ဝိုင်းထဲက သစ်ပင်ကြီးတွေကတော့ လူမနေတာကြာတော့ ပြုပြင်မှုမရှိတဲ့အခါ ကိုင်းတွေကရှည်ပြီး ကိုးရိုးကားရားတွေတော့ ဖြစ်နေတာပေါ့ဗျာ။ ခြံစည်းရိုးကိုတောင် သံုးတစ်လက်မတွေနဲ့ ကာထားတာဗျ။ သုတ်ထားတဲ့ရေနံဆိုတာ ဝနေပြီး နက်စိုနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုငကောင်း ခြံဝင်းသော့ဖွင့်ဗျာ"

ကျုပ်ဆိုတဲ့ကောင်က စိတ်ကလွှတ်မြန်တာဗျ။ ဒီသရဲကို ဝင်ပြီးကြည့်ချင်နေပြီ။ ကိုငကောင်းကလည်း သော့တွဲကိုထုတ်ပြီး တန်းဖွင့်တော့တာပဲဗျို့။ ဟော ခြံတံခါးပွင့်သွားပြီ။

"ခြံတံခါး ဖွင့်ထားခဲ့ရမလား"

ကိုငကောင်းက ကျုပ်ကို မေးတယ်။

"ဖွင့်ထားလိုက် ကိုငကောင်း၊ ကဲ အိမ်ကြီးအောက်ထပ်ကို အရင်ဝင်မယ်"

ကျုပ်စကားဆုံးတာနဲ့ ကိုငကောင်းက အောက်ထပ်တံခါး ကို သော့ဖွင့်ဖို့ သော့ရွေးနေတယ်။

"ဓာတ်မီး ကျုပ်ကို ပေးထား"

ကိုငကောင်းက ဓာတ်မီးကတစ်ဖက်၊ သော့ကတစ်ဖက် ဖြစ်နေလို့ ကျုပ်က ဓာတ်မီးကို ယူလိုက်ရတယ်။

ဒီတော့ ကျုပ်က မီးထိုးပြရတာပေါ့ဗျာ။ ပွင့်ပြီ။ အောက် ထပ်တံခါး ပွင့်သွားပြီ။ ကျုပ်တို့နှစ်ယောက် အိမ်ကြီးထဲကို ဝင်လာပြီး ဓာတ်မီးနဲ့ လိုက်ထိုးကြည့်တယ်။ အိမ်ရှေ့ကစပြီး အိမ်နောက်ဘက် အထိ လိုက်ကြည့်တယ်။ အခန်းတွေတောင် ဖွင့်ပြီးလိုက်ကြည့်တယ်။ ဘာမှမတွေ့ဘူးဗျ။ ကျုပ်က ကိုငကောင်းကိုကြည့်ပြီး ခေါင်းခါပြ လိုက်တယ်။

"ဝုန်း၊ ခွမ်း၊ ဂွမ်း"

အဲဒီတုန်းမှာပဲ အပေါ်ထပ်က အသံတွေ ထွက်လာရောဗျို့။

"ဟာ ဒေအာင်မယ်လေး"

ကိုငကောင်း လန့်အော်လိုက်တာဗျ။ ကျုပ်ကတော့ ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိုးနေပြီဆိုတော့ ပါးစပ်က ဘာသံမှ ထွက်မလာပါဘူး။ ဒါပေမဲ့ တစ်ကိုယ်လုံးတော့ ကြက်သီးတွေ ထသွားတာဗျို့။ ဖျန်းခနဲ ဖျန်းခနဲ နေတာပဲ။ ကျုပ်က ကိုငကောင်းကို ခေါင်းညိတ်ပြလိုက်တယ်။

"ဒုန်း၊ ချလွမ်း၊ ဒုန်း"

စားပွဲတွေ၊ ဘီရိုတွေ လဲပြိုကုန်တဲ့အသံဗျ။ ပြီးတော့ မှန်ချပ်တွေကို ရိုက်ခွဲလိုက်တဲ့ အသံမျိုးဗျ။

"တာတေ ငါပြောတာ အဲဒီအသံတွေလေကွာ၊ ငါ့စိတ်ထင်တော့ ပုဏ္ဏကတိုက်တယ်ဆိုတာမျိုးလို့ ထင်တယ်ကွ၊ ဘယ်လိုလဲ၊ မင်း အပေါ်ကို တက်ကြည့်မှာလား"

"ဟာ တက်ကြည့်မှာပေါ့ ကိုငကောင်းရဲ့၊ အသံတွေကို ခဏနားထောင်နေတာပါ၊ စားပွဲခုံတွေ လဲကျသွားတဲ့ အသံမျိုးဗျ"

"အေး ဟုတ်တယ်၊ အပေါ်မှာ လဲကျစရာ ဘာမှမရှိဘူးကွ၊ လူမှ တစ်ခါတောင် မနေရသေးတာ၊ တစ်အိမ်လုံးမှာ ဘာပစ္စည်းမှ ရှိတာမဟုတ်ဘူး တာတေရ"

"ကဲ ကိုငကောင်း အပေါ်တက်ကြည့်ရအောင်"

ကျုပ်တို့ အောက်ထပ်ကထွက်ပြီး သော့ပြန်ပိတ်တယ်။ လှေကားက အပြင်မှာဗျ။ အပြင်က တက်ရတာ။ ကျုပ်က မာတ်မီးထိုးပြီး အပေါ်ထပ်တက်ခဲ့တယ်။ လှေကားဆုံးတော့ ကျွန်းသားတံခါးကြီး ပိတ်ထားတယ်။ ကြေးသော့ခလောက်ကြီးတစ်လုံးလည်း ခတ်ထားတယ်။ ကိုငကောင်းက သော့ဖွင့်တယ်။

"ဝုန်း၊ ဒုန်း၊ ဂလွမ်း"

ကျုပ်တို့ သော့ဖွင့်နေတုန်းမှာပဲ အသံတွေ မြည်လာပြန်ရောဗျို့။ ဟော တံခါးကြီးပွင့်သွားပြီ။ အို. . ကောင်းလိုက်တဲ့အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ ကြမ်းတွေများ ပြောင်လက်နေတာဗျ၊ လှာထိုးတွေမှ ကောင်း လိုက်တာဗျာ။ ကျုပ်က အိမ်ကြီးထဲကို ဝင်လာရင်း ခေတ်မီးနဲ့ လျှောက်ထိုးတယ်။

ဟိုက် တွေ့ပြီဗျို့၊ တွေ့ပြီ။ ရှေ့ကို ဆက်လျှောက်မလို့လုပ် နေတဲ့ ကိုငကောင်းကို ကျုပ် လှမ်းဆွဲထားလိုက်တယ်။ ကိုငကောင်း ကလည်း ကျုပ်အရိပ်အကဲကို ကြည့်ပြီး သဘောပေါက်သွားပုံဗျ။ လေသံခပ်အုပ်အုပ်လုပ်ပြီး ကျုပ်ကို မေးတယ်။

"တွေ့ပြီလား တာတေ"

ကျုပ်က ပါးစပ်နဲ့ မဖြေဘဲ ခေါင်းညိတ်ပြလိုက်တယ်။

နည်းတဲ့အကောင်ကြီး မဟုတ်ဘူးဗျို့။ တစ်ကိုယ်လုံးမှာ မည်းနက်နေတဲ့ အမွေးတွေ ဖုံးနေတယ်။ အရပ်က ကိုးပေ၊ ဆယ်ပေ တော့ သေချာပေါက် ရှိမှာဗျ။ ခေါင်းကလည်း တော်တော်ကြီးတယ် ဗျ။ မျက်လုံးပြူးပြူး၊ ပါးစပ်ကြီးပြဲပြဲနဲ့ဗျ။ ဟာ ခေါင်းမှာဆံပင်ကို သျှောင်တစောင်းထုံးထားပါလား။ ဘယ်လိုသရဲပါလိမ့်။ ဟာ နားထင်မှာလည်း အပေါက်ကြီးနဲ့ပါလား။ ကျုပ်တို့ကို စိုက်ကြည့်နေ တယ်ဗျ။ ထူးခြားနေတာက တခြားမဟုတ်ဘူး။ အိမ်ကြီးရဲ့ ဥယျာဉ် တိုင်၊ ကွန်းလုံးကြီးကို ဖက်ထားတာဗျ။ တစ်ချက်မှကို မလွှတ်ဘူး။ ကျုပ်တို့ကိုလည်း ကြည့်ရှုံကြည့်နေတာ၊ တိုင်ကို ဖက်လျက်သားကြီးနဲ့ ကြည့်နေတာဗျ။

ဟော ဟော ခြေထောက်ကြီးတစ်ဖက် မြှောက်လိုက်ပြီ။ ဘာလုပ်မလို့ပါလိမ့်။ ဟာ ကြမ်းပြင်ကို ဖနောင့်နဲ့ ပေါက်လိုက်တာဗျို့။

"ဒုန်း ဝုန်း၊ ချလွှမ်း ဂွမ်း ဂွမ်း"

ကိုငကောင်းကတော့ ဒါတွေကို မမြင်ရဘူးလေ။ ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



မျက်ကွင်းဆေးကွင်းထားလို့ မြင်နေရတာ။ အသံတွေထွက်လာတော့မှ ကိုဧကောင်းက ကြားရတာလေ။

"ဟဲ့ ခွေးမသား၊ ဟာ လန့်လိုက်တာကွာ"

"ဩော် ဒီလိုကိုး"

လို့ ကျုပ်က ပြောလိုက်တော့ ကိုဧကောင်းက ကျုပ်ကို လှည့်ကြည့်ပြီး မေးတယ်။

"ဘာမြင်လို့တုံး တာတေ"

"သူ ခြေထောက်ကြီးနဲ့ ကြမ်းပြင်ကို ဆောင့်နင်းလိုက်တာဗျ၊ အဲဒီအသံတွေ ထွက်လာတာပဲဗျ၊ ဟော ဟော နင်းတော့မယ်၊ နင်းတော့မယ်၊ နင်းပြီ"

"ဒုန်း၊ ဝုန်း၊ ဂလွမ်း ဂလွမ်း၊ ချွမ်"

"ဩော် ဒီလိုကိုး၊ သူဆောင့်နင်းတိုင်း အသံတွေ မြည်နေတာပဲကိုး၊ တော်တော်ကြီးလားကွ တာတေ"

"ဆရာတော်ကျောင်း တောင်ဘက်က ထန်းပင် သိတယ်မို့လား"

"အေး"

"အဲဒီအပင်လောက်မြင့်တယ်၊ ထူးဆန်းနေတာက ဒီသရဲက ကျွန်းတိုင်ကြီးကိုဖက်ပြီး မတ်တတ်ကြီး ရပ်နေတာဗျ၊ လက်ကို တစ်ချက်မှ မလွှတ်ဘူးဗျ၊ ပြီးတော့ အဝတ်အစား မရှိဘူး၊ တစ်ကိုယ်လုံး အမွေးတွေ ဖုံးနေတယ်၊ နက်မှောင်နေတာပဲဗျ။ ဒါပေမဲ့ ကိုဧကောင်းရေ ခေါင်းမှာတော့ ခင်ဗျားတို့ ကျုပ်တို့လို ဆံပင်နဲ့ဗျ၊ သျှောင်တစောင်းနဲ့ဗျို့၊ အကျအနကို ထုံးထားတာ၊ ဒါပေမဲ့ ခေါင်းမှာ အပေါက်ကြီးနဲ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ဟုတ်လား"

"ဟော ဟော ခြေထောက်ကြီး မြောက်တက်လာပြန်ပြီဗျို့၊ နင်းတော့မယ်၊ နင်းတော့မယ်၊ နင်းပြီ"

"ဝုန်း ဒုန်း ဂလွမ်း ချလွမ်း"

"အောင်မယ်လေးကွာ၊ နားကို စူးသွားတာပဲ တာတေရာ"

"အေးဗျာ၊ ဒီသရဲကြီး ခြေထောက်တစ်ချက် ဆောင့်လိုက်တိုင်း ဒီလိုအသံမျိုးတွေ မြည်နေတာ အံ့သြပါရဲ့ ကိုငကောင်းရာ"

"အေးလေ၊ အခု ဘာလုပ်နေတုံး"

"ဒီအတိုင်းပဲဗျ၊ အဲဒီကျွန်းတိုင်ကြီး ဖက်ထားတာပဲဗျ၊ ကျုပ်တို့ကိုတော့ ကြည့်နေတာပဲဗျို့"

"ကိုငကောင်း ဒါကြီး ရွာထဲဝင်လာပြီး မွှေရင်တော့ ခင်ဗျားတို့ရွာ မလွယ်ဘူးဗျို့"

"အေးကွာ တာတေရာ၊ ငါ မမြင်ရပေမယ့် မင်းပြောတာနဲ့တင် ကြက်သီးတွေ ထနေတာကွ"

"ဒါပေမဲ့ ရွာထဲတော့ လာမယ်မထင်ဘူးဗျ၊ ကျွန်းတိုင်ကြီးကိုပဲဖက်ပြီး မတ်တတ်ကြီး ရပ်နေတာဗျ၊ ဒါ အကြောင်းတော့ ရှိလိမ့်မယ်ထင်တယ်"

"ကဲ တို့ ဘာလုပ်ကြမလဲ တာတေ"

"ဟာ ဘာလုပ်လို့ ရမှာတုံးဗျ၊ ပြန်ကြရုံပဲ ရှိတာပေါ့ဗျာ"

"ဒါဆိုလည်း သွားကြစို့ဟေ့"

"ကိုငကောင်း ရှေ့ကဆင်း၊ ကျုပ် နောက်ကလိုက်မယ်"

ကိုငကောင်းက လှေကားကဆင်းတယ်။ ကျုပ်က နောက်က လိုက်လာရင်း သရဲကြီးကို ခတ်မီးနဲ့ တစ်ချက်ထိုးကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ခြေထောက်ကြီး မြှောက်ပြန်ပြီဗျို့"

"ဝုန်း၊ ဒုန်း၊ ဂလွမ်း၊ ဂလွမ်း၊ ချလွမ်"

အိမ်ကြီးတစ်အိမ်လုံးကို ဆူညံသွားတာပါပဲဗျာ။ ကိုငကောင်းက အိမ်ပေါ် ထပ်တံခါးကို ပြန်ပိတ်တယ်။ သော့ခလောက်ကြီးခတ်ပြီး ကျုပ်တို့နှစ်ယောက်လုံး ဆင်းလာတယ်။

"ဝုန်း၊ ဒုန်း၊ ချလွင်၊ ချလွင်၊ ဂလွမ်၊ ဂလွမ်"

ဆိုတဲ့အသံကြီးကို နောက်တစ်ချက် ထပ်ပြီးကြားလိုက်ရတယ်။

ခြံတံခါးကို သေသေချာချာပိတ်ပြီး ကျုပ်တို့ ပြန်လာတယ်။ လမ်းမှာ ကိုငကောင်းက ဓာတ်မီးနဲ့ နောက်ကို မကြာ မကြာ ထိုးကြည့်တယ်ဗျ။ ကြည့်ရတာတော့ သူ နောက်ကို သိပ်မလုံဘူးထင်တယ်။ ဒါတောင် ကိုငကောင်းက ကျုပ်လို ဒီသရဲကြီးကို မြင်ရတာ မဟုတ်ဘူးနော်၊ မြင်သာ မြင်ရရင် မလွယ်ဘူး။

ကျုပ်တို့ စည်တော်ကုန်းကျောင်းကို ပြန်ရောက်တော့ ည ၁၁ နာရီတောင်ထိုးပြီဗျ။ ကျုပ်က မျက်ကွင်းဆေးကို ဖျက်ဆေးလိမ်းပြီး ဖျက်လိုက်တယ်။ ဆရာတော်တွေက ခုထိ မကျိန်းသေးဘူးဗျ။ ကျုပ်တို့ကို ထိုင်ပြီးစောင့်နေကြတယ်။

ကျုပ်တို့နှစ်ယောက် ဆရာတော်တွေကို ဝတ်ဖြည့်ပြီးတော့ မေးရောဗျို့။

"ဘယ့်နှယ်တုံးကွ၊ မောင်တာတေရဲ့၊ ဘာမြင်ခဲ့တုံး"

စည်တော်ကုန်းဆရာတော်က မေးတာဗျ။ ကျန်တဲ့ကိုယ်တော်ကြီးတွေကလည်း ကျုပ်စကားကို စောင့်နေကြတာပေါ့ဗျာ။

"တင်ပါ့ဘုရား၊ သရဲကြီးတစ်ကောင်ကို တွေ့ခဲ့ပါတယ်"

"ဟေ သရဲကြီး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



စည်တော်ကုန်းဆရာတော်က ဟုက္ကိုခွဆရာတော်နားကို တိုးကပ်လိုက်တယ်ဗျ။

"ဟာ ကိုယ်တော့်နှယ် ဟိုက ပြောတောင် မပြောရသေးဘူး၊ ကြောက်တာက အရင်ပဲ"

"ဟား ဟား ဟား ဟား"

ကျန်တဲ့ကိုယ်တော်တွေကလည်း ရယ်ကြတာပေါ့ဗျာ။ ဒီကိုယ်တော်ကြီးတွေက ငယ်ငယ်ကတည်းက မန္တလေးတို့၊ ပခုက္ကူတို့မှာ စာအတူတူလိုက်ခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေကိုဗျ။ တစ်ပါးနဲ့တစ်ပါးတွေ့ရင် အမြဲတမ်း စကြ၊ နောက်ကြ နေကြတာ။ သက်တော်တွေကသာ ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်ကျော်နေပေမယ့် ခင်ခင်မင်မင်ပဲ ရှိကြတာဗျ။

"ပြောပါဦး တာတေရဲ့"

ကျုပ်ဆရာတော် ဦးဂုဏက မေးတယ်။ ကျုပ်က မြင်ခဲ့တာတွေ လျှောက်ရတာပေါ့ဗျာ။

"သရဲက ယောက်ျားကြီးဘုရား၊ အရပ်ကြီးက ဆယ်ပေလောက်ရှိတယ်၊ ကိုယ်လုံးကလည်း အကြီးကြီးပဲဘုရား၊ အဝတ်အစားတွေ ဘာမှမရှိဘူး၊ တစ်ကိုယ်လုံး မည်းနက်နေတဲ့ အမွေးအမျှင်တွေ ဖုံးနေတယ်။ ခေါင်းမှာတော့ လူတွေလို ဆံပင်နဲ့ဘုရား၊ သျှောင်တစောင်းကို ကျကျနန ကျစ်ကျစ်ပါအောင် ထုံးထားတာ၊ အဲဒီခေါင်းမှာ အပေါက်ကြီးတစ်ပေါက်လည်း ပေါက်နေတယ်ဘုရား"

"ဟေ ကြောက်စရာ အကောင်ကြီးပါလားဟ တာတေရဲ့ မင်း ဒါကြီးကို မြင်နေရတာတောင် မကြောက်ဘူးလားကွ"

"တပည့်တော်က ဒါမျိုးတွေကို မကြာ မကြာ မြင်နေကျမို့



www.burmeseclassic.com

www.burmeseclassic.com



သိပ်တော့မကြောက်တော့ပါဘူးဘုရား"

ကျုပ်က ပြန်ပြီးလျှောက်လိုက်တော့ သီးပင်ကုန်းဆရာတော်က ပြောတယ်ဗျ။

"နို့ မောင်တာတေရဲ့၊ ဒီသရဲကြီးက အဲဒီအိမ်ကြီးထဲမှာ ဘာလုပ်နေတာတုံး၊ မင်းတို့ ဝင်လာတော့ ရန်မမူဘူးလား"

"တင်ပါ့ဘုရား ဥယျာဉ်တိုင် ကျွန်းလုံးကြီးကို မတ်တတ်ရပ်ကြီး ဖက်ထားတယ်ဘုရား"

"ဟေ ဟုတ်လား၊ တိုင်လုံးကြီးကို ဖက်ထားတယ် ဟုတ်လား"

"တင်ပါ့ဘုရား"

"မင်းနဲ့ ငကောင်းကိုမြင်တော့ ဖက်ထားရာကနေ ထမှုပြီး မလိုက်ဘူးလားကွ"

"မလိုက်ဘူးဘုရား၊ တပည့်တော် စိတ်ထင်တော့ အဲဒီတိုင်ကိုဖက်ထားတဲ့လက်တွေက ဖြုတ်လို့မရဘူးထင်တယ်ဘုရား"

"ဟေ ဟုတ်လား၊ ဒါ ဘာသဘောတုံးကွဲ့"

စည်တော်ကုန်းဆရာတော်က ပြောရင်း စဉ်းစားတယ်ဗျ။

"နို့ နေပါဦး မောင်တာတေရဲ့၊ ပစ္စည်းတွေ လဲပြိုကျတဲ့ အသံတွေ ကြားကြားနေရတာက ဘာဖြစ်တာတုံး"

"အိမ်ကြီးထဲမှာ ဘာပစ္စည်းမှကို မရှိတာဘုရား၊ အဲဒီသရဲကြီးက ခြေထောက်ကြီးမြှောက်ပြီး ကြမ်းပြင်ကို ဆောင့်နင်းလိုက်တိုင်း အဲဒီအသံကြီး မြည်တော့တာပဲဘုရား၊ ဝုန်း၊ ဒိုင်း၊ ဂလွမ်း၊ ဂလွမ်း၊ ချလွင်နဲ့ မြည်သွားတာဘုရား၊ ဘာပစ္စည်းမှ လဲတာ၊ ကွဲတာ မရှိဘဲကို မြည်သွားတာ"

"တပည့်တော်ဆိုတာ တာတေက ကြုံပြောထားတာတောင်



www.burmeseclassic.com

www.burmeseclassic.com



မှ အဲဒီအသံကြီး မြည်သွားတိုင်း တုန်ကိုသွားတာဘုရား"

ကိုငကောင်းက စင်ပြောတယ်ဗျ။ ဆရာတော်တွေ ငြိမ်ပြီး တွေးနေကြတယ်။ ခဏကြာမှ စည်တော်ကုန်းဆရာတော်ကြီးက. .

"ကျမ်းဂန်စာပေတွေအရ ဆိုရင်တော့ ဒီသရဲကြီးဟာ အကုသိုလ် တော်တော်များခဲ့လို့ ဒီဘဝကို ရောက်လာရတဲ့ပုံပဲဗျ၊ တစ်ကိုယ်လုံးမှာလည်း မည်းနက်တဲ့အမွေးတွေ ဖုံးနေတာဆိုတော့ တော်တော်ကို မကောင်းတဲ့ပုံပဲ။ ပြီးတော့ တိုင်ကြီးကိုဖက်ပြီး နေရတယ်ဆိုတော့ ကျိန်စာတစ်ခုခုကြောင့်များလား၊ ဒီဝဋ်ကြွေးကြီးကို ခံစားနေရတာ၊ ဘယ်လောက်တောင် ကြာခဲ့ပြီလည်း မသိဘူး၊ ဒြော် အကုသိုလ်များ တယ်လည်းကြောက်ဖို့ကောင်းတာပါလားဗျာ"

ဆရာတော်ကြီးရဲ့ သံဝေဂအတွေးကို ကျန်တဲ့ဆရာတော် တွေက ငြိမ်ပြီးနားထောင်နေကြတယ်။ ခဏကြာတော့မှ ကုက္ကိုခွဲရွာ ဆရာတော်က ပြောတယ်။

"ကျုပ်ဖြင့် ဒီသရဲကြီးကို သူခံနေရတဲ့ ဝဋ်ကြွေးကနေ လွတ် မြောက်စေချင်လိုက်တာ ကိုယ်တော်တို့ရာ"

"ဟုတ်ပါ့ဗျာ၊ ကျုပ်တို့လည်း တွေးပြီးစိတ်မကောင်းဖြစ်နေ တာပါ ကိုယ်တော်၊ ဒါကို ဘယ့်နှယ်လုပ်ရပါ့မလဲလို့ စဉ်းစားနေတာပါ"

ဆရာတော်တွေဟာ ဒီသတ္တဝါကြီးအတွက် တော်တော်ကို စိတ်မကောင်းဖြစ်သွားကြပုံပဲဗျ။

"အရှင်ဘုရားတို့၊ ဒီသရဲကြီးကို လွတ်မြောက်စေလိုတယ်ဆို ရင် တပည့်တော် ကြံစည်ကြည့်ချင်ပါတယ်ဘုရား"

လို့ ကျုပ်က ဆရာတော်တွေကို လျှောက်တင်လိုက်တယ်။

"ဟေ မောင်တာတေရေ၊ ကြံစမ်းပါဦးကွယ်၊ မင်းသိရာ



www.burmeseclassic.com

www.burmeseclassic.com



တော်က မင်းအကြောင်းတွေ တော်တော်များများပြောနေတာကွဲ့. မင်းမှာ အတွေ့အကြုံ တော်တော်စုံတယ်ဆို၊ ကြံစည်စမ်းပါဦးကွယ်"

"တင်ပါ့ဘုရား၊ ဒါဆို မနက်ဖြန် တပည့်တော် စီစဉ်လိုက်ပါ့မယ်ဘုရား"

ကျုပ်ကပြောပြီး ကျုပ် ဆရာတော်ကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ အလှူက ပြီးပြီဆိုတော့ ဆရာတော် ပြန်ကြွချင်ပြီလားလို့ပေါ့ဗျာ။

"ဒီကိစ္စပြီးမှ ဘုန်းကြီးတို့ ပြန်ကြတာပေါ့ တာတေရာ၊ မင်းကိစ္စ ပြီးအောင်သာ လုပ်ပါကွဲ"

လို့ ကျုပ်ဆရာတော်က မိန့်တယ်ဗျ။ ကျန်တဲ့ကိုယ်တော်တွေကလည်း ပြန်မကြွကြဘူးတဲ့ဗျ။ ဒီကိစ္စပြီးမှ ပြန်မှာတဲ့။

"ဒါဆိုရင် တစ်ခုတော့ လုပ်စေချင်တယ်ဘုရား"

"အေး ပြော၊ မောင်တာတေ ပြော၊ ဘာလိုလဲ၊ ဘာလုပ်ပေးရမလဲသာပြော၊ ကျုပ် အိမ်ရှင်တွေကို အခုချက်ချင်း ခေါ်ခိုင်းမယ်၊ လိုတာ အားလုံးလုပ်ပေးမယ်၊ သူတို့ကလည်း အိမ်ကြီးပြီးကတည်းက အိမ်ထဲတောင် မဝင်ရဲကြလို့ စိတ်ညစ်သွားကြတာ။ ဒီလိုလုပ်ပေးမယ့်သူ ရှိလို့ကတော့ မင်းကို ငွေတွေတောင် ပုံပေးလိုက်ဦးမယ်"

"တပည့်တော် အိမ်ရှင်တွေနဲ့တွေ့ပြီး ဒီအကြောင်းကို ပြောပြချင်တယ်၊ ပြီးတော့ သူတို့အိမ်ထဲဝင်ပြီး လုပ်ရကိုင်ရမဲ့ ကိစ္စတွေကို သူတို့ ခွင့်ပြုစေချင်တယ်ဘုရား"

"ဩော် အေး အေး၊ ဟုတ်တာပေါ့ကွယ်၊ စည်းဆိုတာ ရှိတာပေါ့၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ မနက်စောစော ဘုန်းကြီး သူတို့ကို ခေါ်ခိုင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက ကိုကောင်းကလည်း ကျောင်းမှာပဲ ကျုပ်နဲ့အတူတူ အိပ်တယ်ဗျ။ မနက်ကျတော့ ကျုပ်တို့နှစ်ယောက်လုံး မနိုးကြဘဲ အိပ်ပျော်နေလိုက်တာ၊ စည်တော်ကုန်းကျောင်းက ဘုန်းကြီးကျောင်းသားလေး လာနှိုးမှ နိုးတာဗျို့။

ကျုပ်တို့ အိပ်ရာထပြီး မျက်နှာသစ်ပြုပြီးလို့ ဆရာတော်တွေဆီကို လာခဲ့ကြတယ်။ ဆရာတော်ရှေ့မှာ လူလေးငါးယောက်ရောက်နေကြတယ်ဗျ။ ကျုပ်ကို ဝိုင်းကြည့်နေကြတယ်။

"အဲဒါ တာတေပဲဗျ၊ လူကောင်ကလေး သေးသေးလေးဆိုပြီး အထင်တော့ မသေးနဲ့နော်၊ သတ္တိရှိလိုက်တာမှ ပြောမနေနဲ့"

သူတို့လာတာ ယောကျ်ားသုံးယောက်၊ မိန်းမနှစ်ယောက်ဗျ။ ကျုပ်ကို အားလုံးပြုံးပြီးနှုတ်ဆက်ကြပါတယ်။ ကျုပ်အကြောင်းကိုတော့ ဆရာတော် ပြောပြလို့ သူတို့အားလုံး သိနေပုံပါပဲ။

"ကဲ မောင်တာတေ ပြောစရာရှိတာ ပြောပေတော့၊ ဒါ ကွယ်လွန်သွားတဲ့ ဒကာကြီး ဦးဆင်ရဲ့ သားသမီးတွေပဲကွဲ့၊ မောင်တာတေ လိုတာပြောပေတော့"

ကျုပ်က မနေ့ကညက ကျုပ်မြင်ခဲ့တဲ့ အနေအထားတွေ၊ ပြီးတော့ ဒီည ကျုပ် ဒီကိစ္စကို ရှင်းပေးမယ့်အကြောင်းနဲ့ ကျုပ်ကို အမဲသားနှစ်ပိဿာလောက် ဟင်းချက်ပေးဖို့၊ ထမင်းလည်း လေးလုံးချက်လောက် တစ်အိုးချက်ပြီး ညနေ နေမဝင်ခင် ဒီကိုလာပို့ဖို့ ပြောလိုက်တယ်။ ပြီးတော့ နတ်ဝင်သည်တစ်ယောက်ပေါ့ဗျာ။ သူတို့မောင်နှမတွေကလည်း ကျုပ်ကို ဝမ်းသာအားရနဲ့ အားကိုးကြတယ်ဗျာ။ အခုချက်ချင်း အိမ်ပြန်ပြီး လိုတာတွေ အချိန်မီရအောင်လုပ်ပေးမယ်လို့ ပြောတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်တွေကလည်း တော်တော်ကို စိတ်ဝင်စားနေကြတာဗျို့။ စည်တော်ကုန်းဆရာတော်က ပြောတယ်။

"ကျုပ်ဗျာ ညကျရင် မောင်တာတေနဲ့ လိုက်သွားပြီး ကြည့်ချင်လိုက်တာဗျာ"

"ဟာ လိုက်သွားပေ့ါ ကိုယ်တော်ရဲ့ ဗဟုသုတလည်း ရတာပေ့ါ" လို့ သီးပင်ကုန်းဆရာတော်ကြီးက ပြန်ပြောတယ်ဗျ။

"မလိုက်ရဲလို့ပေ့ါ ကိုယ်တော်ရယ်၊ ဒီလိုလုပ်ဗျာ၊ ကုက္ကိုခွ၊ မင်း မောင်တာတေနဲ့ လိုက်သွား၊ မင်းက ပရိတ်ရွတ်တာ အားကြီးစွမ်းတယ်လို့ ကျုပ်ကြားဖူးတယ်"

ဒီတော့ ကုက္ကိုခွရွာဆရာတော်က ပြုံးပြီးပြန်ပြောတယ်ဗျ။

"ကိုယ်တော်ကမှ မောင်တာတေနဲ့ လိုက်သွားဖို့ စိတ်ကူးရဲသေးတာ၊ တပည့်တော်က အဲဒီလိုကို စိတ်မကူးရဲလို့ ငြိမ်နေတာဘုရား"

"ဟား ဟား ဟား ဟား"

ဆရာတော်တွေ ဝိုင်းရယ်ကြတယ်ဗျ။ ကျုပ်တို့လည်း ရယ်မိတာပေ့ါဗျာ။ အဲဒီနေ့က ကျုပ် တစ်နေ့လုံး ပုတီးစိပ်တယ်။ အဲဒီသရဲကို ရည်စူးပြီး မေတ္တာပို့တယ်။ မဖဲဝါကို မေတ္တာပို့တယ်။

ညနေ ၄ နာရီလောက်ကျတော့ အိမ်ရှင်မောင်နှမတွေက ကျုပ် မှာထားတဲ့အတိုင်း အမဲသားဟင်းအိုးနဲ့ ထမင်းအိုးကို လှည်းနဲ့ တင်လာပြီး လာပို့တယ်ဗျ။

ကျုပ်နဲ့ ကိုငကောင်းက ကျောင်းဝိုင်းထဲက ငှက်ပျောပင်မှာ ငှက်ပျောဖက်ကြီးကြီးတွေ သုံးလေးရွက်ခုတ်ပြီး ကျကျနန ဆေးပြီး အခြောက်ခံထားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းတော့ ဆရာတော်တွေက ကျုပ်နဲ့ ကိုငကောင်းကိုခေါ်ပြီး ညနေ့စာ ကျွေးတယ်။ ရွာထဲက ပို့တဲ့ဟင်းတွေမှ ကောင်းလိုက်တာဗျာ။

ကျုပ်တို့နှစ်ယောက်လည်း ထမင်းတဝကြိတ်ပြီး ကျောင်းကြီးပေါ်တက်တဲ့ အုတ်လှေကားမှာ အကျအနထိုင်ပြီး နဂါးဆေးပေါ့လိပ် တစ်ယောက် တစ်လိပ်သောက်ပြီး ဇိမ်ယူနေတာပေါ့ဗျာ။ ကိုငကောင်း ဆိုတဲ့လူက လွှတ်ခင်တတ်တာဗျ။ ကျုပ်ကို ခုမှသိပေမယ့် ငယ်ပေါင်းတစ်ယောက်လိုကို ခင်တာပါဗျာ။

မှောင်ရီသမ်းတာနဲ့ ကျောင်းဝိုင်းထဲကို လှည်းတစ်စီး ဝင်လာတယ်။ ဦးဆင်ရဲ့သားတွေဗျ။ သူတို့နဲ့အတူတူ မိန်းမတစ်ယောက်ပါလာတယ်။ ကျုပ် မှာထားတဲ့ နတ်ဝင်သည်ကို ခေါ်လာတာဗျ။

ကျုပ်တို့ ကျောင်းအောက်ထပ်မှာပဲ စကားပြောကြတယ်။ နတ်ဝင်သည်ကို ဟိုဘက်ရွာက သွားခေါ်ရတာတဲ့ဗျ။ စည်တော်ကုန်းနဲ့ ငါးမိုင်လောက်ဝေးတဲ့ ဖန်ခါးပင်ရွာတဲ့။ နာမည်က ဒေါ်တုတ်တဲ့။ ဒေါ်တုတ်က အနောက်ရွာသွားပြီး နတ်တင်ပေးနေလို့ စောင့်နေရတာဆိုပဲ။

"ဒေါ်တုတ် ထမင်းစားပြီးပြီလား"

"ဟာ့ ပြီးပြီ၊ ပြီးပြီ၊ ကျုပ်တို့အိမ်မှာ ကျွေးလာတယ်၊ ဒါပေမဲ့ ဒေါ်တုတ်က ဒီည အလုပ်လုပ်မှာဆိုတော့ သိပ်မစားဘူးဗျ၊ အဆာပြေလောက်ပဲ စားတယ်"

"ဩော် ဟုတ်တာပေါ့ဗျာ၊ ဒေါ်တုတ်က အတွေ့အကြုံများနေတာကိုး"

လို့ ကျုပ်က ပြောတယ်။ ဦးဆင်ရဲ့သားတွေက ဈေးဈောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ပြီး လှည်းကို သူတို့အိမ် ပြန်မောင်းခိုင်းလိုက်တယ်။ သူတို့အိမ်က သူရင်းငှားက လှည်းမောင်းပြီး ပြန်သွားတယ်။ ညီအစ်ကို သုံးယောက်က ကျုပ်တို့နဲ့ နေခဲ့တယ်။ သူတို့တွေထဲက အစ်ကိုအကြီးဆုံးကမှ အသက်လေးဆယ်လောက် ရှိသေးတာပါ။ ကျန်တဲ့နှစ်ယောက်ကတော့ သုံးဆယ်ကျော်တွေလောက် ရှိမယ်ဗျ။

ညကိုးနာရီထိုးတော့ ကိုငကောင်းက ကျုပ် မှာထားတဲ့ အတိုင်း ထမင်းထုပ်ကြီး ထုပ်ပြီး တောင်းတစ်လုံးထဲ ထည့်လိုက်တယ်။ ပြီးတော့ ထမင်းတောင်းကိုထမ်းပြီး ရှေ့ကစထွက်တယ်။ ကျုပ်ကတော့ မျက်ကွင်းဆေး အဆာင်သင့် လိမ်းထားပြီပေါ့ဗျာ။ ကိုငကောင်းနောက်က ကျုပ်တို့ လိုက်လာတယ်။ ရွာထဲက လူတွေက ခြံဝိုင်းထဲကထွက်ပြီး ဓာတ်မီးတဝင်းဝင်းထိုးပြီး သွားနေတဲ့ ကျုပ်တို့ပူစုကို ကြည့်နေကြတယ်ဗျ။

ဒီည ဟိုအိမ်ကြီးထဲက သရဲကို ထုတ်တော့မယ်ဆိုတဲ့ သတင်းက တစ်ရွာလုံး သိနေကြတာကိုးဗျ။ ကိုငကောင်းကတော့ ကျုပ်မှာထားတဲ့အတိုင်း သူ့ရွာသားတွေကို ညနေကတည်းက ဆော်ဩခိုင်းထားတယ်ဗျ။

ကျုပ်တို့ သချိုင်းကုန်းကို ထွက်သွားတဲ့အချိန်ကစပြီး အိမ်တံခါးတွေ၊ ဝိုင်းတံခါးတွေ ပိတ်ထားကြဖို့ ရွာထဲမှာ အသွားအလာ မလုပ်ကြဖို့ပေါ့ဗျာ။ ဒါကြောင့်လည်း ကျုပ်တို့သွားတာကို ဝိုင်းပြီး ကြည့်ကြတာပေါ့ဗျာ။ စည်တော်ကုန်းသချိုင်းရောက်တော့ အုတ်ဂူကြီးတစ်လုံးကိုရှာပြီး ကိုငကောင်းကို ထမင်းထုပ် တင်ခိုင်းတယ်။ ထမင်းလေးလုံးချက်နဲ့ အမဲသားနှစ်ပိဿာချက်က ဘယ်နည်းမလဲ ဗျာ။ အားလုံးအဆင်သင့်ဖြစ်တော့မှ ဒေါ်တုတ်ကို ဂူရှေ့က မြက်ခင်း



www.burmeseclassic.com

www.burmeseclassic.com



ာလေးပေါ်မှာ ကြုံ့ကြုံ့ကလေးထိုင်ပြီး ဘုရားကို အာရုံပြုခိုင်းရ ာပေါ့ဗျာ။ ကျန်တဲ့လူတွေကိုတော့ နောက်နားကို ဆုတ်နေခိုင်း ိုက်တယ်။ ညဆယ်နာရီလောက်တော့ ရှိပြီပေါ့ဗျာ။

"သချိုင်းမှန်သမျှကို အပိုင်းစားရပါတဲ့ သချိုင်းရှင်မ မဖဲဝါ ာ၊ ကျုပ် တာတေက အထက်ပုဂ္ဂိုလ်ကြီးတွေကို ဦးထိပ်မှာထားပြီး ဖဲဝါကို စားပွဲသောက်ပွဲနဲ့ ပင့်ဖိတ်ပါတယ်၊ ရောက်ရာအရပ်က ခမြန်ကြွလှမ်းခဲ့ပါ၊ သချိုင်းရှင်မ မဖဲဝါဗျာ၊ ကြွပါ၊ ကြွပါ"

ကျုပ်အသံက သချိုင်းတစ်ခုလုံးကို လွှမ်းသွားတယ်ဗျ။ ဏကြာတဲ့အထိ ဘာမှမထူးဘူး။ ကျုပ် နောက်တစ်ခါ ထပ်ပင့် ိုက်တယ်။

"ဝူး ဝူး ဝူး အူး အူး"

ဟော ဒါ မဖဲဝါရဲ့ခွေးကြီးအသံဗျ။ သူလာရင် အမြဲကြား ်နေကြပေါ့ဗျာ။ ခွေးသံကြီးက တဖြည်းဖြည်း နီးလာတယ်။

ဟော ရောက်ပြီ။ မဖဲဝါ ရောက်ပြီဗျို့။ ဒေါ်တုတ်ကို ဝင် းပြီဗျို့။ ဒေါ်တုတ်တစ်ကိုယ်လုံး အသားတဆတ်ဆတ်တုန်ပြီး လက် ကြီးတွေ ကွေးကောက်လာတာဗျို့။ ဆံပင်ကို စောစောကတည်းက ဒေါ်တုတ်က ဖားလျားချထားတာဗျ။ ကျုပ်ကို မျက်လုံးကြီးတစ်ချက် လှန်ကြည့်တယ်။ ဟော ထလာပြီ၊ ထလာပြီ။ ကွေးကွေးကောက် ကောက်ကြီးဗျ။ ဟာ ခုန်တက်သွားပြီဗျို့။ လွှားခနဲနေတာပဲဗျာ။ ူပေါ်ကို ခုန်တက်သွားတာ။ မဖဲဝါက ဆောင့်ကြောင့်ကြီးထိုင်ပြီး ထမင်းတွေနဲ့ အမဲသားတွေကို စားတော့တာပဲဗျာ။ ထမင်းတွေ ပြိုက်ခနဲ ပြိုက်ခနဲ ကုန်သွားတာဗျို့။ ဒီတော့မှ ကျုပ်က စပြောတယ်။

"မဖဲဝါ ဒီစည်တော်ကုန်းရွာက အသစ်ဆောက်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးတစ်လုံးထဲမှာ သျှောင်ထုံးနဲ့ သရဲကြီးတစ်ကောင် ရှိနေတယ်၊ ကျွန်းတိုင်ကြီးကိုဖက်ပြီး နေနေရတယ်၊ အိမ်ဆောက်ပြီးကတည်းက တဝုန်းဝုန်း တဒိုင်းဒိုင်း ဖြစ်နေလို့ အိမ်ရှင်တွေဆိုတာ တစ်ခါမှကို အဲဒီအိမ်မှာ မနေရဲကြဘူး၊ တစ်ရွာလုံးကလည်း အရမ်းကြောက်နေကြတယ်။ အဲဒါ မဖဲဝါ ရှင်းပေးပါလို့ မေတ္တာရပ်တာပါ"

ကျုပ်ပြောနေတာကို မဖဲဝါက နားထောင်ရင်း စဉ်းစားနေတယ်ဗျာ။ ပြီးတော့ ခေါင်းကြီးရမ်းခါပြတယ်။

"ဗျာ၊ မဖဲဝါ ရှင်းမပေးနိုင်ဘူး ဟုတ်လား"

ခေါင်းညိတ်တယ်ဗျ။ ပြီးတော့မှ ပြောတာဗျို့။

"သီပေါဘုရင် ပါတော်မူပြီး သူပုန် ဓားပြတွေထတော့ ဗိုလ်တောက်ထိန်က အဆိုးဆုံးဓားပြဗိုလ်ကြီး၊ လူတွေ အများကြီး သတ်တယ်၊ အင်္ဂလိပ်စစ်ပုလိပ်တွေက သူ့ကို မြစ်ကြီးနားဘက်မှာ မိသွားတော့ အင်္ဂလိပ်စစ်ဗိုလ်က ဗိုလ်တောက်ထိန်ကို ကျွန်းပင်ကြီးမှာ ဖက်ခိုင်းပြီး ခေါင်းကို သေနတ်နဲ့ ပစ်သတ်တယ်။ မသတ်ခင်မှာ စစ်ဗိုလ်က ပြောတယ်၊ မင်း ဒီအတိုင်းသာ ကျွန်းပင်မှာ အမြဲဖက်နေပေတော့၊ အဲဒီစကားက မင်းမိန့် ဖြစ်သွားတယ်၊ သူ အဲဒီအတိုင်းပဲ နေရတာ၊ အစာသိပ်ဆာလောင်တဲ့ အချိန်ကလေးပဲ လက်က ဖြည်လို့ရတယ်။ အနီးအနားက သစ်ရွက်တွေ ခူးဆွတ်စားပြီးတာနဲ့ သစ်ပင်မှာ ဖက်လျက်သားကြီး ပြန်ဖြစ်နေတာ၊ လက်ကို ဖြုတ်လို့ မရဘူး"

"ဟာ ဒါဆိုရင် ဘယ်လိုလုပ် ဒီအိမ်ကြီးထဲ ရောက်နေတာလဲ"

"အဲဒီကျွန်းပင်ကို ခုတ်ကြတယ်၊ ဗိုလ်တောက်ထိန်ပါ ဖက်လျက်သားကြီး ပါသွားတယ်၊ ဧရာဝတီမြစ်ထဲမှာ ကျွန်းပင်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



မျှော်တော့ ဖောင်ပျက်ပြီး မျှောကုန်တော့ အဲဒီကျွန်းလုံးကြီးက ရောဝတီမြစ်ထဲကသောင်မှာ သွားတင်တယ်၊ အဲဒါကိုတွေ့တဲ့သူတွေက နွားတွေနဲ့ ဆွဲယူပြီး အိမ်ဆောက်တဲ့လူကို ရောင်းတယ်။ ဈေးပေါတော့ ဒီလူက ဝယ်တယ်၊ ပြီးတော့ ကျွန်းအိမ်ကြီးဆောက်တဲ့ အထဲမှာ အဲဒီကျွန်းလုံးကြီးကို အိမ်တိုင်လုပ်လိုက်တယ်၊ ဗိုလ်တောက်ထိန်က အဲဒီတိုင်လုံးကြီးမှာ ဖက်လျက်သားကြီး ပါနေတာကို ဘယ်သူမှ မသိဘူး။ ငါ လုပ်လို့မရဘူး၊ မင်းမိန့်နဲ့မှ သူလွတ်မှာ၊ နင်တို့ မင်းမိန့်တောင်း၊ သူလွတ်သွားမှ ငါ လာခေါ်ပြီး နေရာပေးလိုက်မယ်"

ဟာ ထွက်သွားပြီဗျို့၊ ယမင်းဟင်းတွေကလည်း ကုန်ပြီဆိုတော့ မဖဲဝါ ထွက်သွားရောဗျာ။ ဒေါ်တုတ်က ဂူပေါ်မှာ ခွေကျသွားတယ်၊ ကျုပ်နဲ့ ကိုငကောင်းက ဒေါ်တုတ်ကို ပြေးပြီးနှိုးရတာပေါ့ဗျာ၊ ဒေါ်တုတ်က ချက်ချင်းသတိရလာပါတယ်။

ကျုပ်တို့ရွာပြန်ရောက်လာပြီး ထိုင်စောင့်နေတဲ့ ဆရာတော်တွေကို အကြောင်းစုံ လျှောက်လိုက်တယ်။ နောက်တစ်နေ့မှာ ဆရာတော်က ရွာလူကြီးတွေ အကုန်ခေါ်ပြီး သူကိုယ်တိုင် မြို့ကိုလိုက်သွားတယ်။ မြို့မှာက ဆရာတော့်ဒကာတွေ အများကြီးရှိတာဗျ။ မြို့မှာ တစ်ညအိပ်ပြီး ဆရာတော်တို့ ပြန်ရောက်လာတယ်။ စစ်ကားတစ်စီးနဲ့ ဗိုလ်မှူးကြီးတစ်ယောက်၊ တခြားအဆင့်နဲ့သုံးယောက်၊ ပေါ်လီလေးယောက် လိုက်လာတယ်။ အဲဒီည ကျုပ်က မျက်ကွင်းဆေးကွင်းပြီး သချိုင်းထဲမှာ မဖဲဝါကို သွားပင့်တယ်။ စားပွဲသောက်ပွဲကို ဟိုညကလိုပဲ ထပ်ပေးရတာပေါ့ဗျာ။ ဒီတစ်ခါတော့ ဒေါ်တုတ်ကို မခေါ်တော့ဘဲ မဖဲဝါကို ဒီအတိုင်း ပင့်တာဗျ။

"သချိုင်းရှင်မ' မဖဲဝါဗျာ စားပွဲသောက်ပွဲနဲ့တကွ ပူဇော်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ရောက်ရာအရပ်က ကြွခဲ့ပါခင်ဗျာ"

ကျုပ်က သချိုင်းထဲမှာ အော်ပြီးပင့်တယ်ဗျ၊ ကိုငကောင်းနဲ့ ဦးဆင်ရဲ့သားတစ်ယောက် လိုက်လာတယ်။ ကျန်တဲ့နှစ်ယောက်က သူတို့အိမ်ကြီးမှာ ဗိုလ်မှူးကြီးနဲ့အတူ စောင့်နေတယ်။

"ဝူး ဝူး ဝူး ဝူး"

ဟော လာပြီဗျို့။ ဒီတစ်ခါတော့ မြန်သွားဗျ။ ဟာ ဂူတွေ အပေါ် တစ်တောင်ကျော်လောက်ကနေ လေထဲမှာ ရွေ့လာတာ ဗျို့။ အရုပ်ကြီးကတော့ ဆယ်ပေလောက် ရှိတယ်ဗျ။ ဆံပင်ဖားလျား ကြီးနဲ့၊ ထမီအနက်၊ အင်္ကျီအနက်နဲ့ဗျ၊ ကျုပ်နဲ့ ကိုငကောင်း ပြင်ဆင် ထားတဲ့ ထမင်းဟင်းတွေကို ဆောင့်ကြောင့်ကြီးထိုင်ပြီး အားရပါးရ စားတော့တာပဲဗျာ။

"သချိုင်းရှင်မ မဖဲဝါဗျာ၊ ဟိုတစ်ညက မဖဲဝါပြောလိုက်တဲ့ အတိုင်း ကျုပ်တို့ အားလုံးစီစဉ်ပြီးပါပြီ၊ အခု မင်းမိန့်လည်း ပါလာပါ ပြီ၊ အားလုံးအဆင်သင့် ဖြစ်နေပါပြီ၊ ဘာဆက်လုပ်ရမယ်ဆိုတာ ညွှန်ကြားပါ၊ သချိုင်းရှင်မကြီးဗျာ"

မဖဲဝါက စားရင်းသောက်ရင်း ခေါင်းကြီးညိတ်ပြတယ်ဗျ။ ပြီးတော့ ကျုပ်ကို မျက်လုံးနီကြီးတွေနဲ့ စိုက်ကြည့်တယ်။ ပြီးတော့မှ စည်တော်ကုန်းရွာဘက်ကို လက်ညှိုးထိုးပြပြီး. . .

"လွှတ်လိုက်၊ ငါ ခေါ်သွားမယ်၊ လွှတ်လိုက်"

"ဟုတ်၊ ဟုတ်ကဲ့ပါ၊ မဖဲဝါ၊ အခုချက်ချင်း လွှတ်လိုက်ပါ့မယ်"

ပြောပြီးတာနဲ့ ကျုပ်တို့ရွာကို တန်းပြန်ခဲ့ကြတာပေါ့ဗျာ။ မဖဲဝါကြီးကတော့ စားရင်းသောက်ရင်း ကျန်ခဲ့တယ်ဗျို့။

"ဝူး ဝူး ဝူး ဝူး ဝူး"



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါရဲ့ သရဲခွေးကြီးအူသံက ကျုပ်တို့နောက်မှာ တဖြည်းဖြည်း ဝေးကျန်ခဲ့တာပေါ့ဗျာ။

ရွာထဲကို ပြန်ရောက်တော့ ဦးဆင်ရဲ့အိမ်သစ်ကြီးကို တန်းသွားကြတယ်။ လူတွေကို အိမ်ထဲက အိမ်ပြင်မထွက်ဖို့ပြောပြီးသားဗျ။ လမ်းတွေပေါ်မှာ ရှင်းနေတာပေါ့ဗျာ။

"အားလုံးအဆင်သင့် ဖြစ်ပြီဗျို့၊ အိမ်ကြီးပေါ်တက်ပြီး ဗိုလ်မှူးကြီးတို့ အမိန့်ပြန်ဖို့ပဲ ရှိပါတော့တယ်"

ကျုပ်က ရွာလူကြီးတွေကို ပြောလိုက်တော့ အားလုံး ခြံတံခါးကိုဖွင့်ပြီး ဝင်ခဲ့ကြတယ်။

"ဝုန်း ဒိုင်း ဂလွမ်း ဂလွမ်း ချလွမ်"

ကျုပ်တို့ဝိုင်းထဲကို ဝင်လိုက်တာနဲ့ အိမ်ကြီးပေါ်က ဝုန်းဒိုင်းကြဲတော့တာပဲဗျို့။ ကျုပ်တို့အားလုံး ဆယ့်ငါးယောက်လောက်ရှိတယ်။

ဦးဆင်ရဲသားအကြီးဆုံးက သော့ဖွင့်ပြီး အိမ်ကိုဝင်တယ်။ ကျုပ်တို့ အိမ်ကြီးအပေါ်ထပ်ကိုရောက်တော့ ဦးဆင်သားတွေက ဖယောင်းတိုင်တွေ ထွန်းလိုက်တယ်။

"ကဲ သရဲမြင်နိုင်တယ်ဆိုတဲ့ တာတေက ဘယ်သူတုံး"

ဗိုလ်မှူးကြီးက မေးတယ်။ ကျုပ်ကို သိနေကြပြီဖြစ်တဲ့ ရွာလူကြီးက ကျုပ်ကို လက်ညှိုးထိုးပြတယ်။

"ကဲ တာတေ၊ မင်း အခုမြင်ရသလား"

"မြင်တယ်၊ ဗိုလ်မှူးကြီး၊ တိုင်ကြီးကို ဖက်ထားပြီး ကျုပ်တို့ကို လိုက်ကြည့်နေတယ်ဗျ၊ သူ တစ်ခုခုကို စိုးရိမ်နေတဲ့ပုံပဲဗျ"

"အေး အဲဒါ မင်းက သူ့ကို တို့ဘာလာလုပ်တယ်ဆိုတာ ပြောပြလိုက်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဗိုလ်မှူးကြီး"

လို့ပြောပြီး ကျုပ်က ရှေ့ကို ထွက်လိုက်တယ်။

"တာတေ ရှေ့သိပ်မတိုးနဲ့ဇလ"

ကိုငကောင်းက ကျုပ်ကို သတိလှမ်းပေးတယ်။

"ရတနာပုံနေပြည်တော်က ဗိုလ်တောက်ထိန်၊ ကျုပ် ပြောတာကို ခင်ဗျား ကြားရရဲ့လား"

ဟာ သရဲကြီးက သူ့နာမည်ခေါ်လိုက်လို့ အရမ်းကို အံ့ဩသွားတဲ့ပုံ ဖြစ်သွားတယ်ဗျို့။ ပြီးတော့ ခေါင်းညိတ်ပြတယ်။

"ဒါဆိုရင် ဗိုလ်တောက်ထိန် နားထောင်ပါ၊ အင်္ဂလိပ်စစ်ဗိုလ်က ခင်ဗျားကို ကျွန်းပင်ကြီးမှာ ဖက်ခိုင်းပြီး နားထင်ကို သေနတ်နဲ့ ပစ်သတ်ခဲ့တယ်၊ မသတ်ခင်မှာ ခင်ဗျားကို ဒီကျွန်းပင်မှာပဲ ဖက်လျက်နေပေတော့လို့ ပြောခဲ့တယ်၊ အဲဒီမင်းမိန့်ကြောင့် ခင်ဗျား ဒီဝဋ်ဒုက္ခကြီးကို ခံနေရတာ"

သရဲကြီးက ခေါင်းညိတ်ပြတယ်။ ဟာ မျက်ရည်တွေပါ ကျလာပြီဗျို့။

"ကျုပ်တို့နိုင်ငံ လွတ်လပ်ရေး ရခဲ့တာ ကြာခဲ့ပြီ၊ မားပြဗိုလ်ကြီး ဗိုလ်တောက်ထိန်၊ အခု ခင်ဗျား ဒီဒုက္ခကြီးခံနေရတာကို လွတ်မြောက်အောင် မြန်မာမင်းရဲ့ မင်းမိန့်နဲ့ လွှတ်ပေးတော့မယ်၊ ခင်ဗျား အကြောင်းတွေကို မဖဲဝါပြောလို့ သိကြရတာ၊ အခုလည်း ခင်ဗျား လွှတ်သွားတာနဲ့ တစ်ပြိုင်နက် မဖဲဝါက ခင်ဗျားကို ခေါ်သွားလိမ့်မယ်၊ ခင်ဗျားနေဖို့ နေရာပေးလိမ့်မယ်၊ ရွာပြင်က သချိုင်းမှာ မဖဲဝါ စောင့်နေတယ်၊ ခင်ဗျားကို ခေါ်လိမ့်မယ်၊ ခင်ဗျား မဖဲဝါနောက်ကို လိုက်သွားပါ၊ သူ့ကြောင့် ခင်ဗျား လွတ်ရမှာ ဗိုလ်တောက်ထိန်"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ပြောတာတွေကို နားထောင်ပြီး သရဲကြီးက သျှောင်တစောင်းထုံးထားတဲ့ သူ့ခေါင်းကြီးကို ညိတ်ပြတယ်။

“ကဲ ဒီက လမ်းပေါက်ဖယ်ထားကြပေတော့၊ ဒီလှေကားက သူဆင်းသွားလိမ့်မယ်”

အားလုံး နံရံတွေမှာ ကပ်နေလိုက်ကြတယ်။ အမိန့်ပြန်မယ့် ဗိုလ်မှူးကြီးက ယူနီဖောင်းအပြည့်အစုံနဲ့ဗျ။ ကျုပ်ဘေးမှာ လာရပ်တယ်။ ပြီးတော့ အမိန့်စာကိုထုတ်ပြီး အောင်မြင်ခန့်ညားတဲ့ အသံနဲ့ဖတ်တယ်။ အမိန့်စာ စာရွက်ကို ဗိုလ်မှူးကြီး မြင်ရအောင် စစ်ဗိုလ်တစ်ယောက်က ဓာတ်မီးနဲ့ ထိုးပြထားတယ်။ ကျုပ်ကတော့ သရဲကြီး ဗိုလ်တောက်ထိန်ကို ကြည့်နေရတာပေါ့ဗျာ။

“ရတနာပုံနယ်သား ဗိုလ်တောက်ထိန်၊ သင့်ကို ယခုအချိန်ကစပြီး လွတ်လွတ်လပ်လပ်နေပြီး သင်သွားလိုရာကို လွတ်လွတ်လပ်လပ်သွားနိုင်ဖို့ ခွင့်ပြုလိုက်သည်။ သင်သွားလိုရာကို သွားစေ၊ အမိန့်တော်၊ ပုံ ဗိုလ်မှူးချုပ်မင်းဒင် မြန်မာ့တပ်မတော်”

ဟာ အံ့သြစရာဗျာ။ အမိန့်လည်းဆုံးရော တိုင်ကိုဖက်ထားတဲ့ သရဲကြီးရဲ့လက်နှစ်ဖက်ဟာ ချက်ချင်းကို လွတ်ယွက်သွားရောဗျို့။ သရဲကြီးလည်း သူ့လက်တွေကို ငုံ့ကြည့်ပြီး အံ့သြဝမ်းသာနေတဲ့ပုံပဲဗျာ။ ကျုပ်တို့ကိုလည်း လိုက်ကြည့်နေတယ်။ အမိန့်ပြန်တဲ့ ဗိုလ်မှူးကြီးကိုလည်း စိုက်ကြည့်နေတယ်။ ကျုပ်က လှေကားပေါက်ကို လက်ညှိုးထိုးပြပြီး ပြောလိုက်တယ်။

“ဗိုလ်တောက်ထိန် မဖဲဝါဆီကို သွားပါ”

သရဲကြီးက အဝေးကို လှမ်းမျှော်ကြည့်လိုက်တယ်။ ပြီးတော့ သူ့ခေါင်းကြီး ညိတ်ပြတယ်။ မဖဲဝါကို သူမြင်ပြီလို့ ပြောတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး လှေကားက ဆင်းသွားတယ်။

"ဒုန်း ဒုန်း ဒုန်း"

ဆိုတဲ့ အသံကြီးကို ကြားလိုက်ရတယ်။ ကျုပ်တစ်ယောက်တည်းကြားတာ မဟုတ်ဘူးဗျ။ သရဲကြီး လှေကားက ဆင်းသွားတဲ့ ခြေသံကြီးကို အားလုံးကြားလိုက်ကြတာ။ ရွာလူကြီးတွေရော ဗိုလ်မှူးကြီးရော ခြေသံကြီးကို နားထောင်ပြီး အံ့သြနေကြတာပေါ့ဗျာ။

"ဝူး ဝူး ဝူး ဝူး ဝူး"

ဟာ ဒါ မဖဲဝါရဲ့ခွေးကြီးအသံဗျ။ ဝိုင်းပေါက်ဝကကို ကြားတာ။ ကေန္တ မဖဲဝါ ရွာထဲဝင်လာပြီး သရဲကြီးကို ခေါ်တာဖြစ်မယ်၊ ကျုပ် ချက်ချင်းအိမ်ရှေ့ဘက် ပြတင်းပေါက်ကို ဖွင့်လိုက်တယ်၊

ဟုတ်တာပေါ့ဗျာ။ ဝိုင်းပေါက်ဝမှာ အရပ်အရှည်ကြီးနဲ့ မဖဲဝါကြီးက ရပ်နေတယ်။ လှေကားက ဆင်းသွားတဲ့ သရဲကြီးက မဖဲဝါကိုမြင်တော့ ငြိမ်ပြီးရပ်နေတယ်ဗျ။

"ဝူး ဝူး ဝူး ဝူး ဝူး"

မဖဲဝါရဲ့ သရဲခွေးကြီးက အူပြန်ရောဗျို့။ ဟော မဖဲဝါကြီးက ချာခနဲလှည့်ပြီးထွက်သွားတယ်။ သရဲကြီးက နောက်ခပ်လှမ်းလှမ်းက လိုက်သွားတယ်ဗျ။ ပါသွားပြီပေါ့ဗျာ။ ရွာထဲကခွေးတွေဆိုတာ အူဖို့ ဟောင်ဖို့ဝေးရော အသံကလေးတစ်ချက်တောင် မထွက်ရဲဘူးဗျ။ တစ်ရွာလုံးကို တိတ်နေတော့တာဗျာ။

"ဝူး ဝူး ဝူး ဝူး"

မဖဲဝါရဲ့ခွေးသံက တဖြည်းဖြည်း ရွာပြင်ကို ရောက်သွားပြီဗျို့။ အခုမှပဲ ဦးဆင်ရဲ့သားတွေလည်း ဝမ်းသာကြတော့တာပေါ့ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



အမိန့်တော် လာပြီးပြန်ပေးတဲ့ ဗိုလ်မှူးကြီးတွေကိုရော၊ ကျုပ်ကိုရော ကျေးဇူးတင်စကားကို ထပ်တလဲလဲ ပြောတာပေါ့ဗျာ။ နောက်တစ်နေ့ ကျတော့ ဗိုလ်မှူးကြီးတွေ မြို့ကို ပြန်သွားကြတယ်။ ဦးဆင်ရဲ့သား တွေ သမီးတွေက လာပြီးကန်တော့ကြတယ်ဗျ။

ကျုပ်ကိုလည်း မေးပါတယ်။

"တာတေ မင်း ငွေဘယ်လောက်ယူမလဲ ပြော"

"ဟာ အစ်ကိုကြီးရာ ကျုပ် ဘာမှမလိုချင်ပါဘူး၊ လှူချင်ရင်တော့ ဆရာတော်တွေကိုသာ လှူကြပါဗျာ"

လို့ ကျုပ်ကပြောတော့ ဆရာတော်ကြီးတွေကို နဝကမ္မ အတွက် လှူဒါန်းကြတယ်ဗျ။

ဆရာတော်ကြီးတွေလည်း ဝင့်ခံနေရတဲ့ သရဲကြီး လွတ်မြောက်သွားလို့ ဝမ်းသာကြတာပေါ့ဗျာ။

ထနောင်းကုန်းဆရာတော်နဲ့ ကျုပ်နဲ့လည်း နောက်တစ်နေ့မှာ ရွာကိုပြန်ခဲ့ကြတယ်။ ကိုငကောင်းကြီးက ကျုပ်ကို တော်တော်ဝေးဝေးရောက်တဲ့အထိ လိုက်ပို့ရှာတယ်။ ပြီးတော့မှ လမ်းမှာ လက်ကလေးပြပြီး ကျန်ခဲ့တယ်ဗျ။

တာတေ

□□□



www.burmeseclassic.com